ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

## ဂျာနယ်


စာတည်းအဖွဲ့အမှာ ... ၁
ပြည်ချစ်ဝါဒလမ်းစဉ် ... ၂
စစ်အေးလွန်ခေတ် ကွန်မြူနစ်ပါတီတို့ရဲ့ ထိန်းညှိမှုများ ... ၄
လယ်လုပ်သူလယ်ပိုင်ရေးကို ဘယ်သူတွေ ဖျက်ဆီးခဲ့ကြတာလဲ ... ၆
တရုတ်လက္ခဏာရှိတဲ့ ဆိုရှယ်လစ်ပဏာမအဆင့်ကို စူးစမ်းလေ့လာခြင်း ... ၈
(၁၉၈၉ – ၂၀၀၉) နှစ် ၂၀ အတွင်း နိုင်ငံတကာ့အပြောင်းအလဲများ ... ၁၂
နယ်မြေပိုင်နက်အငြင်းပွားမှုများကနေ စစ်ဖြစ်နိုင်တယ် ... ၁၅
ကွန်မြူနစ်အင်တာနေရှင်နယ်နဲ့ ဗကပ... ၁၇
စာအုပ်တအုပ်ထဲက သိကောင်းစရာများ ... ၂၀
မာ့စ်ဝါဒကို ဘက်စုံစွမ်းစွမ်းတမံ ကောင်းမှုပြုခဲ့သူ အိန်ဂယ် ... ၂၆
နိုင်ငံရေးမှာ လည်သူစားတမ်းလား ... ၃၃
မာရီလင်ဘတ်ခ် – နိုင်ငံတကာကဗျာ ... ၃၅
နိုင်ငံရေးမှာအကဲဆတ်တဲ့ ပြည်သူလူထုဆင်းရဲမွဲတေမှုပြဿနာ ... ၃၈
သဘောတရားနဲ့လက်တွေ့ ... ၄၆
လယ်ယာမြေစနစ်နဲ့လယ်သမားအရေး ... ၄၉
နှစ်တရာပြည့် ရှင်းဟိုင်တော်လှန်ရေးကို အထိမ်းအမှတ်ပြုခြင်း ... ၆၀


အမှတ် ( ၃၃)

သြဂုတ်၊ ၂၀၁၁ ခုနှစ်။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

## ဂျာနယ်

အမှတ် ( ၃၃)

ဩဂုတ်၊ ၂၀၁၁ ခုနှစ်။

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်

ပြည်သူ့အာဏာ

အမှတ် (၃၃)

ဩဂုတ်၊ ၂၀၁၁ ခုနှစ်

# စာတည်းအဖွဲ့ အမှာ

(၁) အရင်းရှင်စနစ်ရဲ့ အကျပ်အတည်းက ကျယ်ပြန့်နက်ရှိုင်းလာနေသည်။ ကမ္ဘာတခုလုံးမှာ လူမှုရေး၊ နိုင်ငံရေး မငြိမ်သက်မှုများ ပေါ်နေသည်။

ဤသို့သောအခြေအနေတွင် မာ့က်စ်ဝါဒ တကျော့ပြန်ထတာ မဆန်းပါ။ အရင်းရှင်မီဒီယာများက မာ့က်စ်ကို ဘောဂဗေဒပညာရှင်ကြီးအဖြစ် ပုံဖော်ပေးနေကြသည်။

၂၀၁၁ ရောက်သောအခါ ဖက်ဆစ်လက်သစ် ဝါဒကလည်း ခေါင်းထောင်ထလာသည်။ လူမျိုးရေးအစွန်းရောက် အတွေးအခေါ်များ ဖြန့်ဖြူးနေကြသည်။ တချို့တိုင်းပြည်များတွင် ‘ဖက်ဆစ်လက်သစ်’ များ၏ နိုင်ငံရေးဩဇာ တက်လာသည်ဟု သိရသည်။

(၂) ဤသို့သောအခြေအနေတွင် မိမိတို့ကွန်မြူနစ်များနှင့် ပါတီပမှ မာ့က်စ်ဝါဒီများက မာ့က်စ်ဝါဒကို အသစ်တဖန်လေ့လာဖို့ လိုသည်။ မာ့က်စ်ဝါဒ၏ လူတန်းစားရပ်တည်ချက်၊ တော်လှန်ရေး အမြင်နှင့် တော်လှန်ရေးဝိညာဉ်တို့ကို ထိန်းသိမ်းကာကွယ်တိုးချဲ့ဖို့ လိုပါသည်။

ထို့ကြောင့် –

– ယခုတပတ် ပြည်သူ့အာဏာက သဘောတရား အတွေးအခေါ်ရေးများကို ဖောင်းပေးပြီး ဖော်ပြလိုက်ပါသည်။

– အရေးတော်ပုံဂျာနယ်တွင်လည်း ‘မာ့က်စ်ဝါဒ လေ့လာရာမှ ရရှိချက်များ’ ကို အခန်းတခုဖွင့်ပြီး ဖော်ပြသွားရန် စီစဉ်ထားပါသည်။ “ကိုယ်စီလေ့လာ – အများနှင့်ဝိုင်းပြီးဆွေးနွေး – အဖြေမှန်ရှာ” ကြဖို့ ဖြစ်ပါသည်။

စာတည်းအဖွဲ့

# ပြည်ချစ်ဝါဒလမ်းစဉ်

ဗကပ က ၂၀ ရာစုအကုန် ၂၁ ရာစုအကူးတွင် ပြည်ချစ်ဝါဒလမ်းစဉ်ကို ပြည်သူသို့ တင်ပြခဲ့ပါသည်။ အဲဒီတုန်းက အမေရိကန်မှာ ၉/၁၁ အဖြစ်အပျက် မဖြစ်သေးပါ။ စစ်အေးတိုက်ပွဲတွင် အောင်မြင်သူအဖြစ် ဝင့်ဝါနေချိန် ဖြစ်သည်။ ကမ္ဘာ့အစီအစဉ်သစ် NWO ကို အမေရိကန်ဦးဆောင်ပြီး ချမှတ်နိုင်လိမ့်မည်။ '၂၁' ရာစုသည် အမေရိကန်ရာစုဖြစ်တော့မည်ဟု အထင်ရောက်နေချိန် ဖြစ်ပါသည်။

ဗကပ က (NWO) ကို အမေရိကန်စိတ်ကြိုက်ချမှတ်ဖို့ မဖြစ်နိုင်ကြောင်း၊ အမေရိကန်ကို ဝင်ရိုးပြုပြီး လည်ပတ်ရသည့် 'ကမ္ဘာ့စနစ်' ဖြစ်နိုင်မှာ မဟုတ်ကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။

အဓိကကျသည့်အချက်များမှာ –

– ဆိုဗီယက်ယူနီယံ ကျဆုံးခြင်းသည် ရုရှားပြည်က (ဂျာမဏီ၊ အီတလီ၊ ဂျပန်တို့ စစ်ရှုံးသလို) ရှုံးသွားတာမဟုတ်။

– ၁၉၄၅ တုန်းကလို ကမ္ဘာ့ကုလသမဂ္ဂ 'UN ကမ္ဘာ့အစီအစဉ်' မျိုး ချမှတ်နိုင်မှာ မဟုတ်ကြောင်း။

– အမေရိကန်နဲ့တရုတ်တို့ရဲ့ စစ်အေးလွန်ခေတ် ပျားရည်ဆမ်းကာလ ကုန်ဆုံးသွားရမည်ဖြစ်ကြောင်း။

– ဝင်ရိုးအများအပြားရှိတဲ့ 'ကမ္ဘာ့အစီအစဉ်သစ် (NWO)' အတွက် ကမ္ဘာ့အင်အားကြီး နိုင်ငံများက လုပ်ရှားလာကြမည်ဖြစ်ကြောင်း စသည်တို့ကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ယခု ၂၁ ရာစု၏ ဒုတိယဆယ်စုနှစ်သို့ ရောက်သောအခါ ကမ္ဘာ့အစီအစဉ်သစ် (NWO) အတွက် အင်အားကြီး နိုင်ငံများ ပူးပေါင်းကြတာ၊ တိုက်ပွဲဆင်ကြတာကို တွေ့နေရပါပြီ။ နိုင်ငံရေးသဘောထက် စီးပွားရေးသဘောက ပိုပြီး ပေါ်လွင်သည်ဟု ယူဆပါသည်။ 'G ၂၀' 'BRICS' (ဘရာဇီးလ်၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိက) စသဖြင့် ပေါ်နေပါပြီ။ စီးပွားရေးသဘောက ကဲပါသည်။ နိုင်ငံရေး၊ စစ်ရေး အဖွဲ့အစည်းကတော့ နေတိုး (NATO) ပဲ ရှိသည်။ (NATO) ကို စစ်ရေးအရ ဖက်ပြိုင်နေတာက အင်အားကြီးနိုင်ငံများ မဟုတ်ပါ။ တာလီဘန်လို ဒေသန္တရအင်အားစုများသာ ဖြစ်သည်။

ဒါပေမဲ့ အင်အားကြီးနိုင်ငံများက ငြိမ်နေတာ မဟုတ်ပါ။ စစ်အင်အားဖြည့်တင်းတာ၊ စစ်ရေးလေ့ကျင့်တာကို လုပ်ကြသည်။ ရုရှားကလည်း အမေရိကန်နဲ့ စစ်ရေးအင်အားချိန်ခွင်ညှာညီဖို့ START လို စာချုပ်မျိုးကို ချုပ်သည်။

ဆိုင်ဘာစစ်ပွဲ (Cyber War) လို့ နာမည်ပေးထားတဲ့ ခေတ်မီသိပ္ပံနည်းပညာချင်း ပြိုင်ဆိုင်နေကြပြီ။ နယ်ပယ်အကန့်အသတ်မရှိ အာကာသအထိတက်ပြီး ပြိုင်နေကြပြီ။

ဘာကြောင့် ပြည်ချစ်ဝါဒလမ်းစဉ်လို့ နာမည်ပေးသလဲ။

ကမ္ဘာ့အင်အားပြိုင်ပွဲက စစ်အေးတိုက်ပွဲ (ဟောင်း) ကာလကလို ဥရောပကို ဗဟိုပြုပြီးဖြစ်မှာမဟုတ်။ အာရှကို ဗဟိုပြုတဲ့ အင်အားပြိုင်ပွဲ ဖြစ်လိမ့်မည်။ ဗမာပြည်က ရှောင်လို့မလွတ်။ ကြားညပ်လိမ့်မည်။ ကြားညပ်မခံရဖို့ ဗမာပြည် နိုင်ငံရေးအင်အားစု အားလုံးက 'ပြည်ချစ်ဝါဒ' ဖြင့် ရှောင်ကြရမည်ဟု သဘောရသဖြင့် 'ပြည်ချစ်ဝါဒလမ်းစဉ်' လို့ နာမည် ပေးလိုက်တာ ဖြစ်သည်။

ဒီနေရာမှာ သမိုင်းကြောင်းကလေး ပြန်ကောက်ရမည်။ ၁၉၈၉ မှာ ဗကပ ၏ 'လက်နက်ကိုင်တိုက်ပွဲ ပြိုကွဲ' တုန်းက ဖြစ်စဉ်ကို ပြန်သုံးသပ်လျှင် ရှင်းလိမ့်မည်။

၁၉၈၉ မှာ တရုတ်က စစ်အစိုးရကို ကျောထောက်နောက်ခံပြုသူအဖြစ် ဘက်ပြောင်းသွားသည်။ အထူးသဖြင့် တရုတ်ဗမာနယ်စပ်တွင် ငြိမ်းချမ်းတည်ငြိမ်စေဖို့ နဝတ စစ်အစိုးရကို ပြတ်ပြတ်သားသား ကူညီသည်။

အဲဒီကာလမှာပဲ အမေရိကန်ကလည်း မဆလ ကို ကျောထောက်နောက်ခံလုပ်နေရာက နဝတ စစ်အစိုးရကို ဆန့်ကျင်သူအဖြစ် ဘက်ပြောင်းသည်။ အထူးသဖြင့် ယိုးဒယားဗမာနယ်စပ်တွင် ဖြစ်သည်။ နောက်တော့ နဝတ နအဖ စစ်အစိုးရကို ပြစ်ဒဏ်ခတ် ပိတ်ဆို့တာအထိ ဖြစ်လာသည်။

စစ်အာဏာရှင်အစိုးရကို တံခါးဖွင့်ပေးသူ ကူညီသူနဲ့ ပြစ်ဒဏ်ခတ်ပိတ်ဆို့သူဟူ၍ ထင်ထင်ရှားရှား ကွဲသွားသည်။

အမေရိကန်က ပြစ်ဒဏ်ခတ်လေ နအဖ က တရုတ်ရဲ့ရင်ခွင်ထဲ တိုးဝင်လေ ဖြစ်နေသည်။

ကြာလာတော့ အိမ်နီးချင်းတွေဖြစ်တဲ့ အာဆီယံနိုင်ငံတွေနဲ့ အိန္ဒိယတို့က အမေရိကန်လုပ်ပေါက်နဲ့ဆိုလျှင် ဗမာပြည်က တရုတ်ရင်ခွင်ထဲက ရုန်းမထွက်နိုင်ဖြစ်တော့မည်လို့ မြင်လာလို့ ပြစ်ဒဏ်ခတ်ပိတ်ဆို့တာကို မလုပ်ချင်ကြတော့။ အိန္ဒိယက အရှေ့မျှော်ပြီး အာဆီယံက ဗမာပြည်ထဲ တိုးဝင်သည်။

ဗမာပြည်အရေးကြောင့်တော့ နိုင်ငံကြီးတွေ စစ်တိုက်မှာမဟုတ်။

တခြားအရေးကြောင့်ပဲ စစ်ဖြစ်နိုင်သည်။ အာရှအရှေ့မြောက်တွင် စစ်ဖြစ်လို့ကတော့ ဟိုတုန်းကလို ကိုလိုနီဘဝ မဟုတ်လို့ စစ်ထဲ တရွတ်တိုက်ဆွဲသွင်းတာ ခံရမည်မဟုတ်။ ပြည်ချစ်ဝါဒနဲ့ ရှောင်နိုင်သည်။ ရှောင်ရလိမ့်မည်။ ကိုယ့်တိုင်းပြည် အတွက် အကျိုးမရှိတဲ့စစ်ကို ရှောင်တာပင်လျှင် 'ပြည်ချစ်ဝါဒ' ဖြစ်သည်။

ဒါကြောင့် ပြည်ချစ်ဝါဒကို လမ်းစဉ်အဆင့်အဖြစ် မြှင့်တင်ပြီး တင်ပြနေတာ ဖြစ်သည်။ ဗမာပြည်ရဲ့ နယ်မြေပြည့်စုံ တည်မြဲမှုကို ထိပါးလာရင်လည်း ဘယ်သူပဲထိပါးထိပါး ငုံ့မခံဘဲ တိုက်ရမှာ ဖြစ်သည်။ ဒါလည်း ပြည်ချစ်ဝါဒလမ်းစဉ်ပါပဲ။

**ဗမာပြည်ရဲ့ နယ်မြေပြည့်စုံ တည်မြဲမှုကို**
**ထိပါးလာရင်လည်း**
**ဘယ်သူပဲထိပါးထိပါး ငုံ့မခံဘဲ တိုက်ရမှာ**
**ဖြစ်သည်**

လေ့လာရေး

# စစ်အေးလွန်ခေတ်၊ ကွန်မြူနစ်ပါတီတို့ရဲ့ ထိန်းညှိမှုများ (ဆွေးနွေးခန်း)

ပါတီဝင်များသို့

- 'စစ်တမ်း' ရေးဖို့ တိုက်တွန်းတယ်။
- စစ်တမ်းရေးဖို့ဟာ ပါတီဝင်တွေရဲ့ ဝတ္တရားပဲ။
- စစ်တမ်းရေးလို့ အပြစ်မပေးဘူး။ ရန်သူ့သတင်းပေးလုပ်လို့ပဲ အပြစ်ပေးတယ်။
- တချို့က ရန်သူသတင်းပေးလုပ်ပြီးမှ ပါတီက ထွက်စာတင်တယ်။ သူမထွက်လည်း ထုတ်မှာပဲ။
- တင်တဲ့ 'စစ်တမ်း' ကို ဘယ်အဆင့်အထိ ချပြစေချင်တယ်ဆိုတာကို တောင်းဆိုခွင့် ရှိတယ်။ ဗဟိုရဲ့မှတ်ချက်နဲ့တွဲပြီး ချပြသင့်မသင့်၊ ဘယ်အဆင့်အထိ ချပြမလဲဆိုတာကို (ဗဟိုက) ဆုံးဖြတ်မယ်။ (ပို့လာတဲ့စစ်တမ်းတိုင်းကို ပါတီရဲ့ထိပ်ဆုံးအဆင့် ဗဟိုဌာနချုပ်ထဲတော့ မုချလှည့်ဖတ်မှာပဲ။)

ဗဟိုဌာနချုပ်

---

(၁) လေ့လာမိသမျှကိုပဲ ဆွေးနွေးပါမယ်။ လက်လှမ်းမီသလောက်ပဲ လေ့လာနိုင်လို့ သိပ်ပြည့်စုံမှာ မဟုတ်ပါဘူး။ ဗကပ ရဲ့ ထိန်းညှိမှုကိုလည်း တပါတည်း တင်ပြပါမယ်။ ကျွန်တော်တို့က ကိုယ့်ဒုက္ခနဲ့ကိုယ်ဖြစ်နေလို့ ၂၁ ရာစု ကူးစမှာကျမှပဲ ထိန်းညှိတာ စလုပ်နိုင်ပါတယ်။ ညီအစ်ကို ပါတီများရဲ့ အတွေ့အကြုံတွေရော၊ သင်ခန်းစာတွေကိုပါ လေ့လာနိုင်လို့ နောက်ကျတာလည်း အကျိုးရှိသလိုလို ဖြစ်ပါတယ်။

ကမန်းကတန်းထိန်းညှိရတဲ့ ပါတီတွေက အတော်ကို ကသီလင်တဖြစ်တာ တွေ့ရတယ်။ ဥပမာ ဆိုဗီယက်ယူနီယံ ပါတီ (CPSU)။ တရုတ်ပါတီ (CPC) ကတော့ (၁၉၇၀) နှစ်တွေကတည်းက ပြင်ဆင်ထားလို့ တည်ငြိမ်တယ်။ ကသီလင်တ မဖြစ်ရုံမက အကျိုးကျေးဇူး ခံစားရတယ်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ် (WTO) ထဲ ပစ်ပြီးဝင်လိုက်တယ်။ စာမျက်နှာပေါင်း (၅၀၀) ကျော်ရှိတဲ့ အကန့်အသတ် အထိန်းအချုပ်တွေကို လက်ခံပြီး ဝင်လိုက်လို့ (ပစ်ဝင်လိုက်တယ်) လို့ သုံးတာပါ။

အခုတော့ သူတို့ စွန့်စားရကျိုးနပ်တယ်။ ကမ္ဘာ့ စီးပွားရေးနံပါတ် (၂) ဖြစ်နေပြီ။ အမေရိကန်ရဲ့ အကြီးဆုံးမြီရှင် ဖြစ်နေပြီ။ ပါတီရဲ့ မဏ္ဍိုင်မှုကြီး (၄) ရပ်ကိုလည်း ထိန်းသိမ်းထားနိုင်တယ်။ (မူကြီး (၄) ရပ်က ဆိုရှယ်လစ်လမ်းကြောင်းရယ်၊

ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်ရယ်၊ ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုရယ်နဲ့ မာ့က်စ်လီနင်ဝါဒ မော်အတွေးအခေါ်တို့ ဖြစ်တယ်။) တရုတ်နဂါးနိုးထလာမှုကို အရင်းရှင်ကမ္ဘာက စိုးရိမ်နေကြရပြီ။

(၂) ဗကပ က စစ်အေးလွန်ကာလမှာ အထိနာတယ်။ သေလောက်တဲ့ ဒဏ်ရာရတယ်။ ဒါကြောင့် ခေတ်နဲ့အညီ ထိန်းညှိမှု နောက်ကျတယ်။ ခေတ်ကိုလေ့လာနေရတာကြောင့်လည်း နောက်ကျတာ ဖြစ်တယ်။ ၂၀၀၀ ခုနှစ်ကျမှ 'ပြည်ချစ်ဝါဒ လမ်းစဉ်' နဲ့ ထိန်းညှိလိုက်တယ်။ ၂၀၀၁ မှာ ၉/၁၁ အဖြစ် အပျက်ပေါ်တော့ ကျွန်တော်တို့ ထိန်းညှိတာ အချိန်မီတယ်လို့ ပြောနိုင်တယ်။

ပြည်ချစ်ဝါဒလမ်းစဉ် ဘာကြောင့်ချသလဲဆိုတာကို ရှင်းပြချင်ပါတယ်။ ဗမာပြည်ရဲ့ ပထဝီနိုင်ငံရေးကို အလေးထားတဲ့ စဉ်းစားမှုပါ။

ဗမာပြည်ဟာ တောင်အာရှထဲမှာ ပါတယ်ဆိုလည်းဖြစ်၊ အရှေ့တောင်အာရှထဲ ပါတယ်ဆိုလည်းရတဲ့ တိုင်းပြည်ပါ။ ဒါကြောင့်လည်း ASEAN ထဲ ပါနေတယ်။ ဘင်္ဂလားပင်လယ်အော် ဝန်းကျင်ဒေသအဖွဲ့အစည်း (BIMSTEC) ထဲလည်း ပါနေတယ်။ တောင်အာရှအဖွဲ့အစည်း (SAARC) ထဲ ပါချင်ရင်လည်း ကြိုဆိုကြလိမ့်မယ်။

ကျွန်တော်တို့က တိုင်းပြည် (ဗမာပြည်) အနေနဲ့ပဲ ကြည့်တာပါ။ တိုင်းပြည်ကို ကိုယ်စားပြုနေသူက စစ်အာဏာရှင်တွေ ဖြစ်နေတာက ကိုယ့်ပြည်တွင်းရေးကိစ္စပဲ။ ကိုယ့်အိမ်ထဲကအမှိုက် ကိုယ်ပဲရှင်းရမှာပါ။ သူများတွေကို လာအရှင်းခိုင်းလို့ မဖြစ်ပါဘူး။ 'ပြည်ချစ်ဝါဒ' က တိုင်းပြည်ကို နိုင်ငံတကာ့အလယ်မှာ အဆင့်နေရာရရေး၊ ထည်ထည်ဝါဝါ တင့်တင့်တယ်တယ် ရှိရေး၊ ကိုယ့်ကြမ္မာကိုယ် လွတ်လွတ်လပ်လပ်ဖန်တီးရေး၊ ကိုယ့်ပြည်တွင်းရေး ပြင်ပက ဝင်မစွက်ရေးစတာတွေကို ချုပ်ပြီး ပြောတာပါ။ ပြည်ပအားကိုး ပုဆိန်ရိုးလို့ ပြောတာကို မကြိုက်သလို တရုတ်အားကိုး မအေ—ုး ဆိုတာကိုလည်း သဘောမတူပါဘူး။ ဒါကြောင့်ပဲ စိုင်ရှင်လို့ခေါ်တဲ့ ဒဏ်ခတ်ပိတ်ဆို့ရေးကိစ္စမှာ ဘာမှဝင်မပြောဘဲနေတာပဲ။

(၃) ဗကပ ရဲ့ ပြည်ချစ်ဝါဒလမ်းစဉ်က ပြည်တွင်းက လူတန်းစားတိုက်ပွဲလမ်းစဉ်ပဲ။

- စစ်ဗျူရိုကရက်လက်ဝါးကြီးအုပ်ခနရှင်စနစ်ကို ဆန့်ကျင်တိုက်ဖျက်မယ်။
- စစ်ဗျူရိုကရက်လက်ဝါးကြီးအုပ်နိုင်ငံတော်မြေရှင်စနစ်ကို ဆန့်ကျင်တိုက်ဖျက်မယ်။
- တိုင်းပြည်ရဲ့ နယ်မြေတည်တံ့ပြည့်စုံမှု (TI) ကို အထိပါး မခံဘူး။ ထိလာရင် ပြန်ချမှာပဲလို့လည်း အကျဉ်းချုပ်ပြီး ပြောနိုင်ပါတယ်။

**ကိုယ့်အိမ်ထဲကအမှိုက် ကိုယ်ပဲရှင်းရမှာပါ**

**သူများတွေကို လာအရှင်းခိုင်းလို့ မဖြစ်ပါဘူး**



# ‘လယ်လုပ်သူ လယ်ပိုင်ရေး’ ကို ဘယ်သူတွေ ဖျက်ဆီးခဲ့ကြတာလဲ

(၁) ‘လယ်လုပ်သူလယ်ပိုင်ရေး’ လုပ်ငန်းစဉ်ကို လွတ်လပ်ရေး မရခင်ကတည်းက မိမိတို့ဆောင်ပုဒ် လုပ်ခဲ့ကြတယ်။ လွတ်လပ်ရေးရတော့ အဲဒီဆောင်ပုဒ်ကို ဖဆပလ အစိုးရရော၊ ‘ဗကပ’ ပါ လက်တွေ့အကောင်အထည် ဖော်ခဲ့ကြတယ်။ ကိုယ့်နည်းနဲ့ကိုယ် လုပ်ခဲ့ကြတာပဲ။ ဒီနေရာမှာ ဘယ်လိုလုပ်ခဲ့ကြတယ်ဆိုတာကို အကျယ်ချဲ့မရေးချင်ဘူး။ ‘လယ်လုပ်သူလယ်ပိုင်ရေး’ ဆောင်ပုဒ်ကို မပစ်ပယ်ကြဘူး ဆိုတာပဲ ရေးချင်တာ ဖြစ်တယ်။

‘လယ်လုပ်သူ လယ်ပိုင်ရေး’ ဆောင်ပုဒ်ကို ယတိပြတ် ပစ်ပယ်သူတွေဟာ စစ်အာဏာရှင်စနစ် စစ်အစိုးရ အဆက်ဆက်ပဲ ဆိုတာကိုပဲ ဖြစ်စဉ်နဲ့တကွ အကျယ်တင်ပြချင်ပါတယ်။

(၂) စစ်အာဏာရှင်စနစ်က တော်လှန်ရေးကောင်စီ အမည်ခံတုန်းက လယ်သမားနိုးနှောဖလှယ်ပွဲဆိုတာတွေ လုပ်တယ်။ ‘အုန်းတော’ မှာ စပြီးလုပ်တယ်။ ‘ခပေါင်း’ မှာ ‘ဒူးယား’ မှာ ဆက်လုပ်တယ်။

အဲဒီနိုးနှောဖလှယ်ပွဲတွေကို ဗိုလ်သောင်းကြည်၊ (နောက်) ဗိုလ်သန်းစိန်နဲ့ ဗိုလ်တင်စိုးတို့က အာဏာပိုင်တွေ အနေနဲ့ ဦးစီးကြတယ်။ ‘ဗကပ ထွက်’ ‘ဗကပ ပျက်’ တွေကို ဆွေးနွေးခွင့်ပေးထားတယ်။ အဲဒီဆွေးနွေးသူတွေက ‘ဗကပ’ ရဲ့ ‘အကုန်သိမ်းအကုန်ဝေ’ တဲ့ လယ်လုပ်သူလယ်ပိုင်ရေး လုပ်ငန်းကို အကြီးအကျယ် အပြစ်တင်တာတွေ လုပ်တယ်။ ဗကပ ရဲ့ လယ်လုပ်သူလယ်ပိုင်ရေး မြေယာလမ်းစဉ်က မြေမဲ့ယာမဲ့ ဆင်းရဲသားလယ်သမားတွေကို စေတနာပိုသွားတာ အမှန်ပဲ။ မြေရှင်ကိုသာ ပစ်မှတ်ထား ဦးတည်တိုက်တာ မဟုတ်တော့ဘဲ ချမ်းသာတဲ့လယ်သမား၊ အလတ်တန်းစား လယ်သမားအထက်လွှာတွေကိုပါ ထိခိုက်စေတာ ဖြစ်သွားတယ်။ ဒါကလည်း တနှစ်ပဲ လုပ်ခဲ့တာပါ။ နောက်ကျတော့ ပြင်လိုက်တာပဲ။

(၃) အဲဒီနိုးနှောပွဲတွေမှာ ‘ဖဆပလ’ ရဲ့ မြေယာလမ်းစဉ်ကို ဝေဖန်တာ မကြားရသလောက်ပဲ။

နောက်ဆုံးကျတော့ မြေအားလုံး မြေပေါ်မြေအောက် ရေပေါ်ရေအောက် သယံဇာတအားလုံး လယ်သမားလည်း မပိုင်ဘူး။ မြေရှင်လည်း မပိုင်ဘူး။ ဘယ်သူမှ မပိုင်ဘူး။ ‘နိုင်ငံတော်’ ကပဲ ပိုင်တယ်ဆိုပြီး ‘လယ်လုပ်သူလယ်ပိုင်ရေး’ ကို စစ်အာဏာရှင်က ယတိပြတ် ပယ်ဖျက်လိုက်တယ်။

‘နိုင်ငံတော်’ ကပဲ ကွပ်ကဲပြီး ကြီးကြပ်မယ်။ ‘နိုင်ငံတော်’ ကပဲ လုပ်ခွင့်ပေးမယ်ဆိုပြီး ‘လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်’ ဆိုတာ ဖြစ်လာတာပဲ။

အဲဒီကတည်းက အခုအထိ ‘နိုင်ငံတော်’ နာမည်ခံပြီး စစ်အုပ်စုက ထင်တိုင်းကြဲနေတော့တာပါ။

အခုဆိုရင် မြေသိမ်းတဲ့သတင်းတွေ ခဏခဏကြားနေရတယ်။ လမ်းဖောက်၊ တံတားဆောက်ဖို့၊ စက်ရုံတည်ဖို့၊ ကပ်ပါးလုပ်ငန်းရှင်ကြီးများကို ဆုချဖို့ဆိုပြီး 'နိုင်ငံတော်' ကချည်း သိမ်းနေတယ်။ နိုင်ငံတော်ကချည်း လုပ်ပိုင်ခွင့်ပေးနေတယ်။

'နိုင်ငံတော်' က လယ်ယာလုပ်သူတွေဆီက သိမ်းယူတာဟာ ဒီနေ့အထိ မရပ်ဘူး။ ပိုပြီးများလာနေတယ်။ လုပ်ပိုင်ခွင့်ပေးထားသူထဲမှာလည်း တိုင်းရင်းသားမဟုတ်တဲ့ တရုတ်၊ ကုလား၊ ယိုးဒယားတွေ ပါလာတယ်။ နောင်မှာဆိုရင် အရင်းအနှီးရှိတဲ့သူ လူမျိုးစုံ ပါလာတော့မယ်။

(၄) ၂၀၀၈ အခြေခံဥပဒေရဲ့ ပုဒ်မ (၃၇) ကို ကြည့်ပါ။ ရှင်းနေပါတယ်။ ရေနက်ဆိပ်ကမ်း ဆောက်ဖို့၊ အမြန်လမ်းမကြီးဖောက်ဖို့၊ 'စီးပွားရေးဦးတည်ချက် (၄) ရပ်' လုပ်ဖို့ဆိုပြီး 'နိုင်ငံတော်ပိုင်' လုပ်တာတွေ များလာလိမ့်မယ်။ ဥပဒေအသစ်တွေ တိုးလာလိမ့်မယ်။

(၅) 'လယ်လုပ်သူလယ်ပိုင်ရေး' ကို ဖျက်သိမ်းတဲ့ ပြစ်မှုကြီးကို ကျူးလွန်သူတရားခံတွေထဲမှာ 'ဗကပ ပျက်' နဲ့ 'ဗကပ ထွက်' တွေလည်း ပါနေပါလိမ့်မယ်။



ခေတ်နောက်ကျဆဲ လယ်ယာလုပ်ငန်းခွင်




# တရုတ်လက္ခဏာရှိတဲ့ ဆိုရှယ်လစ်ပဏာမအဆင့်ကို စူးစမ်းလေ့လာခြင်း

**စာတည်းအဖွဲ့အမှာ**

- ရဲဘော်တဦးရဲ့ စဥ်းစားတွေးခေါ်မှု ဖြစ်တယ်။
- တပါတီလုံး စူးစမ်းလေ့လာစေချင်လို့ ဖော်ပြတယ်။
- မာ့က်စ်ဝါဒနဲ့ ပတ်သက်သမျှကို ပါတီဝင်တိုင်းဟာ တာဝန်တခုအဖြစ်နဲ့ လေ့လာနေကြရမှာ ဖြစ်တယ်။

**ဗဟိုသို့ တင်ပြပါတယ်။**

(၁) တရုတ်လက္ခဏာဆိုတာ ဘာလဲ။ ဆိုရှယ်လစ်ပဏာမအဆင့် ဆိုတာ ဘာလဲ။ ဒီ (၂) ခုကို စူးစမ်းလေ့လာရမှာလို့ ယူဆပါတယ်။ မပြည့်စုံသေးတဲ့ ‘ပုဂ္ဂလိကအတွေးစ’ များသာ ဖြစ်ပါတယ်။

(၂) တရုတ်လက္ခဏာဆိုတာ ဘာလဲ။

- တရုတ်ရဲ့ ဖြစ်ပေါ်ပြောင်းလဲမှုက ဘယ်သူနဲ့မှ မတူဘူး။ သူနဲ့ ရှယ်တူ အိန္ဒိယနဲ့လည်း မတူဘူး။ ဂျပန်နဲ့ မတူဘူး။ ကျွန်တော်တို့ ဗမာပြည်လို သူ့ဝန်းကျင်က နိုင်ငံတွေနဲ့လည်း မတူဘူး။ တရုတ်ပြည်ရဲ့ နှစ် (၂၀၀၀) သမိုင်း လေ့လာကြည့်ရင် ရှင်းတယ်။

  ဒါကြောင့် ‘တရုတ်လက္ခဏာ’ ဆိုတာကို သူတို့ အထူးပြုနေတာလို့ ယူဆတယ်။

- သီးခြားလက္ခဏာဆိုတာ တိုင်းပြည်တခုရဲ့ အရေးကြီး ကိစ္စပဲ။ အမေရိကန်ဟာ သူ့ ‘အမေရိကန်လက္ခဏာရှိတဲ့ ဒီမိုကရေစီ’ ကို ချမှတ်ကျင့်သုံးခဲ့တာပဲ။ ပြင်သစ်ဒီမိုကရေစီ က တမျိုး၊ အင်္ဂလိပ်ဒီမိုကရေစီကတမျိုး ကိုယ့်လက္ခဏာနဲ့ ကိုယ် ရှိကြတယ်။

ဆိုရှယ်လစ်မှာလည်း ဒီလိုပဲ ဖြစ်ရလိမ့်မယ်။ ဟိုတုန်းကလို ဆိုဗီယက်ဆိုရှယ်လစ်ပုံစံကို အားလုံးက တပုံစံတည်း လုပ်နေတာမျိုး ဖြစ်လို့မရဘူး။

ရုရှားနဲ့တရုတ် ဆိုပါတော့။ သူတို့ရဲ့သမိုင်း ဖြစ်ပေါ်မှုက တူတာမဟုတ်ဘူး။ အတော်ကြီးကို ကွာခြားတယ်။ တပုံစံတည်းလုပ်လို့ မဖြစ်နိုင်ဘူး။ ဒါကို CPC ခေါင်းဆောင်တွေ နောက်ပိုင်းကျမှ သတိပြုမိကြပုံပေါ်ပါတယ်။

ဒါပေမဲ့ ကွန်မြူနစ်ပါတီတွေ အသားကျနေတာက တတိယအင်တာနေရှင်နယ်တုန်းကလို တခုတည်းသောဗဟို၊ တခုတည်းသော သေနင်္ဂဗျူဟာ၊ တခုတည်းသော နည်းပရိယာယ်၊ တခုတည်းသောလုပ်ဟန်ကို စွဲလမ်းနေတယ်။

ကိုယ်ကသာ စွဲလမ်းနေတာ။ နိုင်ငံတကာ့အခင်းအကျင်းက တဆစ်ချိုးပြောင်းသွားပြီ။

(၁၉၀၀) က (၁၉၄၅) အထိ နိုင်ငံတကာ့အခင်းအကျင်းမျိုး မဟုတ်တော့ဘူး။ အဲဒါကို အလေးဂရုမပြုမိကြဘူး။ အရင်းရှင်နယ်ချဲ့သမားချင်း စစ်ခင်းတဲ့အဆင့်ထိ ပဋိပက္ခမရှိတော့ဘူး။ အမေရိကန်ကို အားလုံးက ခေါင်းဆောင်တင်ထားပြီ။ နေတိုး (NATO) ဖွဲ့ပြီးနေပြီ။ စစ်အေးတိုက်ပွဲ ဆင်နွှဲနေပြီစတာတွေကို အလေးထား ဂရုမပြုမိကြဘူး။

တခြားကိစ္စတွေလည်း ရှိသေးတယ်။ အဲဒါတော့ မရေးတော့ပါဘူး။ ဘေးရောက်သွားမယ်။

**ဆိုရှယ်လစ်ပဏာမအဆင့်ဆိုတာ ဘာလဲ။**

မာ့က်စ်အိန်ဂယ်တို့က ကွန်မြူနစ်အဆင့်ရဲ့ရှေ့မှာ ဆိုရှယ်လစ်အဆင့်ရှိရမယ်လောက်ပဲ ပြောခဲ့တယ်။ အခုဟာက ဆိုရှယ်လစ်အဆင့်ရဲ့ရှေ့မှာ ပဏာမအဆင့်တခုရှိရမယ်လို့ အဆင့်သစ်တခု ထပ်တိုးလိုက်တာပဲ။

မာက်စ်တို့ ပြောခဲ့တဲ့ ဆိုရှယ်လစ်အဆင့်ကို ရုရှား၊ တရုတ် လုပ်ကြည့်တော့ မလွယ်ဘူးဆိုတာကို လက်တွေ့အရ တွေ့လာရတယ်။ အရင်းရှင်စနစ်ကို ကျော်ဖြတ်ဖို့ မပြောနဲ့၊ အမီလိုက်ဖို့တောင် မလွယ်ဘူးဆိုတာ သိလာတယ်။

ဒါကလည်း စနစ်ချင်း ပြိုင်ရတာကြောင့်သက်သက် မဟုတ်ဘူး။ နယ်ချဲ့ချင်း စစ်ခင်းတဲ့ခေတ် မဟုတ်တော့ဘဲ အရင်းရှင်တွေ တစည်းတလုံးတည်း ဖြစ်နေတယ်။ ဖြစ်နေတာမှ နှစ်ပေါင်း (၆၀) ကျော်ပြီ။ ရှေ့မှာလည်း ပထမနဲ့ဒုတိယ ကမ္ဘာစစ်တွေလို စစ်မျိုးဖြစ်ဖို့ မမြင်မိဘူး။ စစ်အေးတိုက်ပွဲပုံစံပဲ ဖြစ်နေဦးမယ်လို့ တွက်ပါတယ်။ ၂၀ ရာစု စစ်အေးတိုက်ပွဲ (ဟောင်း) မျိုးတော့ဖြစ်မယ် မထင်ဘူး။ ၂၁ ရာစုပုံစံသစ်ပဲ ဖြစ်မယ်။

လီနင်ရေးခဲ့တဲ့ 'နယ်ချဲ့စနစ် အရင်းရှင်စနစ်ရဲ့နောက်ဆုံးအဆင့်' ဆိုတာက လီနင်ရေးခဲ့သလို ဖြစ်လာတာ မဟုတ်ဘူး။ လီနင် မှားတာ မဟုတ်ဘူး။ ဒုတိယကမ္ဘာစစ်ကြီးအပြီးမှာ အခြေအနေပြောင်းသွားတာ ဖြစ်တယ်။ အရင်းရှင်တွေက အချိန်မီထိန်းညှိလိုက်တာပဲ။ အဲဒီလို ပြောင်းသွားတာကို အလေးထားရမယ်။ သာမန်မဟုတ်ဘူး။ လီနင်ရဲ့ 'နယ်ချဲ့စနစ်' ကျမ်းမှာပါတဲ့ ကုမ္ပဏီကြီးတွေ အခု မရှိတော့ဘူး။ နိုင်ငံဖြတ်ကျော်တဲ့ ကော်ပိုရေးရှင်းကြီးတွေ ပေါ်နေတယ်။ ဂလိုဘယ် လိုက်ဇေးရှင်းခေတ် ဖြစ်နေတယ်။ စစ်ဖြစ်ရင် နျူကလီးယားစစ်ဖြစ်မယ်။ ဖြစ်ရင်လည်း နိုင်မယ့်သူ မရှိဘဲ (၂) ဘက်စလုံး ကြေပြုန်းမယ်ဆိုတဲ့ အခြေအနေဖြစ်နေတယ်။ ဒါပေမဲ့ ထာဝစဉ် ကမ္ဘာ့ငြိမ်းချမ်းရေးခေတ် ရောက်ပြီလို့လည်း မပြောနိုင်ဘူး။

အခုအခြေအနေက ဘယ်တုန်းကမှ မရှိဖူးတဲ့အခြေအနေပဲ။ စစ်အုပ်စုကြီးတွေ အပြိုင်အဆိုင်ဖွဲ့ထားတာ မရှိဘူး။ နေတိုး (NATO) ပဲ ရှိတယ်။ ပြိုင်ဘက် (WARSAW) ဝါဆောစစ်အုပ်စုမျိုး မရှိဘူး။ ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုကြီးလည်း မရှိဘူး။ အစိမ်းရောင်လှုပ်ရှားမှု ရှိတယ်။ သူ့ဦးတည်ချက်ကတမျိုး ဖြစ်တယ်။ ကြားနေအုပ်စု (ဘက်မလိုက်အုပ်စု) ဆိုတာကလည်း လှုပ်လှုပ်ရှားရှား မရှိဘူး။ ဖျက်တယ်မပြောဘဲ ပျက်နေတာပဲ။

မာ့က်စ်အိန်ဂယ်တို့က သူတို့ရဲ့ တော်လှန်ရေးလက်တွေ့ကနေပြီး ကွန်မြူနစ်စနစ်ရဲ့ရှေ့မှာ ဆိုရှယ်လစ်အဆင့် ရှိရမယ်လို့ ကြံဆခဲ့ကြတယ်။

အဲဒီဆိုရှယ်လစ်အဆင့်က 'လုပ်နိုင်သလောက်လုပ် – လုပ်သလောက်ယူ – မလုပ်သူမစားရ' လို့ပဲ ပြောခဲ့တာပဲ။ ကွန်မြူနစ်အဆင့်ကျမှ 'လုပ်နိုင်သလောက်လုပ် – လိုသလောက်ယူ' ဖို့လို့ ဆိုတယ်။ ဒါတွေက မာ့က်စ်အိန်ဂယ်တို့ရဲ့ ကြံဆချက်ပဲ။ သူတို့ လုပ်ကြည့်ခွင့် မရကြဘူး။

လုပ်ကြည့်ခွင့်ရတာက သူတို့ ကွယ်လွန်ပြီးမှ ရုရှားမှာ ရတယ်။ နောက်အတော်ကြာမှ တရုတ်မှာ ရတယ်။ လုပ်ကြည့်ကြတယ်။ အောင်မြင်သင့်သလောက် အောင်မြင်တယ်။ ဒါပေမဲ့ အခက်အခဲတွေလည်း ပေါ်တယ်။ ရုရှားရော၊ တရုတ်ပါ ခေတ်နောက်ကျတဲ့ တိုင်းပြည်တွေ။ တိုင်းပြည်တွေက ကြီးတယ်။ လူဦးရေ များတယ်။ ဖွံ့ဖြိုးမှုချင်း မတူတဲ့ ဒေသတွေကလည်း ရှိတယ်။ လူမျိုးကလည်း များတယ်။ တရုတ်မှာဆိုရင် ထွက်ပြေးသွားတဲ့ (ကေအမ်တီ) က အမေရိကန်အကူအညီရပြီး တသီးတခြားတိုင်းပြည် တည်နေတယ်။ ပြီးတော့ အမြဲနှောင့်ယှက်နေတယ်။ အဲဒီကြားထဲမှာ ဆိုရှယ်လစ်စနစ်ကို လုပ်နေရတာပါ။ မြေစမ်းခရမ်းပျိုး လုပ်နေရတာပဲ။ ရုရှားမှာဆိုရင်တော့ ပိုဆိုးတယ်။ ဝိုင်းဝန်းတိုက်ခိုက်တာတောင် ခံလိုက်ရသေးတယ်။

တရုတ်ပြည်ဟာ တိုင်းပြည်က ကျယ်၊ လူဦးရေကများ၊ စာပေမတတ်သူတွေကလည်းများ။ အဲဒီလိုအခြေအနေမှာ လူတိုင်းလုပ်နိုင်သလောက် လုပ်နေကြသလားဆိုတာ အမှန်အတိုင်းသိဖို့ မလွယ်ဘူး။ လုပ်သလောက် ယူနေကြသလား၊ အချောင်ခိုသူက မလုပ်ဘဲ စားနေကြသလားဆိုတာလည်းသိဖို့ မလွယ်ဘူး။ ကျွန်တော်တို့ပါတီက တရုတ်ပြည်မှာ လုပ်နေတာတွေကို အနီးကပ်လေ့လာနိုင်ခဲ့တာပဲ။ အတော်လေး သိတာပဲ။

'မလုပ်သူ မစားရ' ဆိုတဲ့ "မူ" အတိုင်း ဖြစ်နေတာ မဟုတ်ဘူးဆိုတာလည်း တွေ့နေရတာပဲ။ မလုပ်သူက များများစားနေတာ တွေ့နေရတာပဲ။

တရုတ်ပြည် ကွန်မြူနစ်ပါတီ (CPC) ကလည်း 'လူတန်းစားတိုက်ပွဲ' တွေ အတောမသတ် ဆင်နေရတယ်။ မဆင်လို့လည်း မဖြစ်ဘူး။ လွှတ်ထားရင် ပြည်သူ့ဒီမိုကရေစီအာဏာရှင်စနစ် ပျက်မယ်။

တဖက်ကလည်း ကိုယ်က တပြည်လုံးရဲ့ အစိုးရ ဖြစ်နေတယ်။ အစိုးရက ဦးစီးပြီး တိုင်းသူပြည်သားတွေကို လူတန်းစားအုပ်စုခွဲပြီး တဖက်နဲ့တဖက် တိုက်ခိုင်းနေရသလို ဖြစ်နေတော့ မတည်ငြိမ်ဘူး။ ရောယောင်ပြီး တော်လှန်ရေးအလံထူကာ ပါတီတွင်း ဂိုဏ်းအုပ်စု 'အာဏာလု' တိုက်ပွဲတွေ ပေါ်စေသလို ဖြစ်နေတယ်။ 'လင်ပြောင်အစု' '၄' ဦးဂိုဏ်း စတာတွေ ပေါ်စေတယ်။

အကြီးဆုံးပြဿနာကတော့ ကုန်ထုတ်စွမ်းအားစု မဖွံ့ဖြိုးဘဲ 'လုပ်နိုင်သလောက်လုပ်ပြီး လုပ်သလောက်ယူဖို့' ဆိုတာက ပြောသလောက် မလွယ်တာပဲ။ ကုန်ထုတ်ဆက်ဆံရေးကို ချည်း အလေးထားနေသလို ဖြစ်နေတယ်။

## ဆိုရှယ်လစ်ပဏာမအဆင့်ရဲ့တာဝန်

ကုန်ထုတ်စွမ်းအားစု ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ တာဝန်ကို ထမ်းဆောင်တာပဲလို့ ယူဆတယ်။ ဖွံ့ဖြိုးတိုးတက်လာတာကိုလည်း တွေ့နေရပြီပဲ။

ဒါပေမဲ့ ပြဿနာသစ်တွေလည်း တပုံတခေါင်းကြီးပဲ။ အခုအထိတော့ မူကြီး (၄) ချက်နဲ့ ထိန်းထားနိုင်တယ်။ (ဆိုရှယ်လစ်လမ်းကြောင်းကို လိုက်၊ ပြည်သူ့ဒီမိုကရေစီအာဏာရှင်စနစ်ကို ကိုင်စွဲ၊ ကွန်မြူနစ်ပါတီရဲ့ ခေါင်းဆောင်မှုနဲ့ မာ့က်စ်လီနင်ဝါဒ မော်စီတုန်းအတွေးအခေါ် လမ်းညွှန်မှုကိုခံယူဆိုတဲ့ မူကြီး ၄ ချက်ဖြစ်တယ်။) မူကြီး (၄) ချက်ကို ပစ်ပယ်မိရင် ဆိုဗီယက်ဆိုရှယ်လစ်စနစ် ကျဆုံးသလို ကျဆုံးမယ့် အန္တရာယ် ရှိနေတယ်။

ကုန်ထုတ်စွမ်းအားစုတွေ ဘက်စုံဖွံ့ဖြိုးတိုးတက်လာတာမှာ သိသာပါတယ်။ ဒါပေမဲ့ သူ့လူဦးရေက သိပ်များတယ်။ တဦးချင်းရဲ့ ကုန်ထုတ်စွမ်းအားက ဖွံ့ဖြိုးတဲ့ နိုင်ငံတွေရဲ့ စွမ်းအားနဲ့ နှိုင်းယှဉ်ရင် အများကြီး နောက်ကျသေးပဲ။




**တရုတ်ပြည်ကွန်မြူနစ်ပါတီ နှစ် (၉၀) ပြည့်အခမ်းအနား**

ဆင်းရဲချမ်းသာ ကွာဟမှုကလည်း သိပ်ကြီးတယ်။ ကမ္ဘာ့စီးပွားရေးနံပါတ် (၂) ဖြစ်တာကို ယစ်မူးနေလို့ မဖြစ်ဘူး။

**နောက်လူမှာ အားသာချက်ရှိတယ်။**

ရှေ့ကလူရဲ့ အောင်မြင်မှုကို အတုယူနိုင်သလို ဆုံးရှုံးမှု၊ ကျဆုံးမှုကိုလည်း သင်ခန်းစာယူ ရှောင်နိုင်တာဟာ နောက်လူရဲ့ အားသာချက်ပဲ။

ဆိုဗီယက် 'ဆိုရှယ်လစ်' စမ်းသပ်မှုက နှစ် (၇၀) ကျော်ကလေး ရှိတယ်။ CPC ရဲ့ 'ဆိုရှယ်လစ်ပဏာမ' စမ်းသပ်မှုက နှစ် (၃၀) ကျော်ကလေးပဲ ရှိသေးတယ်။ သူတို့က တရွေ့ရွေ့စမ်းပြီး သွားနေတယ်။ စမ်းသပ်မှုအောင်မြင်ပြီလို့ပြောဖို့ သိပ်စောပါသေးတယ်။

ကျွန်တော်တို့က နောက်လူပဲ။ သူတို့အောင်မြင်ရင် အတုယူဖို့ပဲ။ ဗမာပြည်လက္ခဏာရှိတဲ့ ဆိုရှယ်လစ်ပဏာမ အဆင့်လုပ်ဖို့ လိုမလို ဒီမိုကရေစီတော်လှန်ရေး အပြီးအပိုင်အောင်မြင်ပြီးမှပဲ ဆုံးဖြတ်ရမှာပါ။ လောစရာ မလိုပါဘူး။ သူတို့ရဲ့ ဆိုရှယ်လစ်ပဏာမအဆင့်ကို စူးစမ်းလေ့လာတာပဲ လုပ်ဖို့ပါ။ ဗဟိုက ဆုံးဖြတ်ထားတဲ့အတိုင်း CPC ရဲ့ တရုတ်လက္ခဏာရှိတဲ့ ဆိုရှယ်လစ်ပဏာမအဆင့် စမ်းသပ်မှုကို စူးစမ်းလေ့လာတာပဲ လုပ်နေဖို့ပါ။

စူးစမ်းလေ့လာရတာက အကန့်အသတ် ရှိမှာပါ။ အတွင်းကျကျအချက်အလက် အပြည့်အစုံသိဖို့ဆိုတာ ခက်မှာပါ။ သိသမျှနဲ့ပဲ လေ့လာနေရမှာပဲ။

• • • • • • • • • • • • • • • • • • • • • • • • • • •



# (၁၉၈၉ – ၂၀၀၉)
# နှစ် ‘၂၀’ အတွင်း
# နိုင်ငံတကာ့အပြောင်းအလဲများ

(၁) ဘဏ္ဍာရေး စီးပွားရေးအကျပ်အတည်းကနေပြီး နိုင်ငံရေး၊ စစ်ရေး အကျပ်အတည်းများဆီသို့ ကူးနေတယ်။

(၁၉၂၉ – ၃၀) စီးပွားရေးကပ်ဆိုက်တုန်းကလိုတော့ ဖြစ်ပေါ်မှုက မမြန်ဘူး။ ဘာကြောင့်လဲဆိုတော့ –

ဟိုတုန်းက လက်တဆုပ်စာနယ်ချဲ့နိုင်ငံကြီးတွေက ကမ္ဘာကိုခွဲဝေပြီး ကိုလိုနီလုပ်ထားတဲ့ခေတ် ဖြစ်တယ်။ ဒါကြောင့်ပဲ မြန်တယ်။ ကမ္ဘာစစ်ကြီး ဖြစ်ခဲ့တယ်။

အခုကတော့ ကမ္ဘာ့လွှမ်းခြုံတဲ့ (ဂလိုဘယ်လိုက်ဇေးရှင်း) ခေတ်၊ သတင်းနည်းပညာ IT ခေတ်၊ နျူကလီးယားနဲ့ တိုက်ချင်းပစ်ဒုံးပျံခေတ် ဖြစ်တယ်။ စစ်ကြီးဖြစ်ဖို့ (ဟိုတုန်းကလို) မမြန်နိုင်ဘူး။ ဒါပေမဲ့ စစ်ကြီးမဖြစ်နိုင်ဘူးလို့လည်း မပြောနိုင်ပြန်ဘူး။ စစ်လက်နက်တွေ တိုးချဲ့ကြ၊ စစ်အင်အားပြပွဲတွေလုပ်ကြ၊ နယ်မြေပိုင်နက်အငြင်းပွားမှုတွေ ဖြစ်ကြတာတွေက များလာတယ်။ စိပ်လာတယ်။ ဒါဟာ စစ်ဖြစ်စေတဲ့ စနက်တံတွေပဲ။

ဗဟိုချက်ကလည်း ပစိဖိတ်သမုဒ္ဒရာ အာရှဘက်ခြမ်းမှာ ဖြစ်နေတယ်။

(၂) ဗမာပြည်ရဲ့ ပထဝီအနေအထားအရ ဒီလိုနိုင်ငံတကာအခြေအနေမျိုးမှာ မိမိတို့က သိပ်ပြီးအကင်းပါးရမယ်။ ပြည်သူ့အာဏာ အမှတ် (၃၂) တုန်းက အမေရိကန်နဲ့တရုတ် ‘ပါဝါပျော့လွန်ပွဲ’ အကြောင်းရေးခဲ့တယ်။ နိဂုံးချုပ်မှာ ‘ပါဝါပျော့လွန်ပွဲဟာ တော်တော်နဲ့ပြီးမှာမဟုတ်။ ဂျပန်၊ အိန္ဒိယ၊ အာဆီယံ ပါလာရင် ပိုပြီးပွဲစည်လိမ့်မယ်’ လို့ သုံးသပ်ခဲ့တယ်။ အခု သူတို့တတွေ ပါလာကြပြီ။ ‘ပွဲစည်’ တာကနေ ‘ပွဲကြမ်း’ လာမှာကို စိုးရိမ်ရပါတယ်။

(၃) မျက်မှောက်နိုင်ငံတကာ့အခြေအနေကို နှစ် ‘၂၀’ အတွင်း နိုင်ငံတကာ့အပြောင်းအလဲများနဲ့ (မိမိတို့က) ဆက်စပ်ပြီး စဉ်းစားပါတယ်။ ဘာတွေပြောင်းလဲခဲ့သလဲ။

- **အမေရိကန်** (၁၉၈၉) မှာ တဦးတည်းသော ကမ္ဘာ့ဗိုလ်ကြီး ဖြစ်လာတယ်။ အမေရိကန်သမ္မတ (၃) ဦး (အဖေ) ဘုရှ်၊ ကလင်တန်နဲ့ (သား) ဘုရှ်တို့ ဟာ အမေရိကန်အလိုကျ ကမ္ဘာ့အခင်းအကျင်းသစ် (အစီအစဉ်သစ်) (NWO) ချမှတ်နိုင်တော့မယ်လို့ ထင်ခဲ့ကြတယ်။

(အဖေ) ဘုရှ်က (NWO) လို့ စပြောတယ်။ ကလင်တန်က ဥရောပအခင်း အကျင်းသစ်မှာ အမေရိကန်ရဲ့ ပါဝင်ပတ်သက်မှု အခန်းကို တိုးမြှင့်ခဲ့တယ်။ ယူဂိုဆလားဗီးယားမှာ ပြတ်ပြတ်ဝင်ပြီး ခေါင်းဆောင်ခဲ့တယ်။ ဆိုဗီယက်တဖြစ်လဲ ရုရှားကို ဘေးချိတ်ထားလိုက်တယ်။ ရုရှားက အောင့်သက်သက်ဖြစ်သွားတယ်။ ‘တို့မှာလည်း အနုမြူဗုံးတွေ၊ ဒုံးပျံတွေ ရှိတာပဲ’ လောက်ပဲပြောပြီး ဘော်လကန်ကိစ္စမှာ အမေရိကန်အလိုကျဖြစ်တာကို လက်ခံလိုက်ရတယ်။ (အဲဒီကာလမှာပဲ တရုတ်သံရုံးလည်း ‘မတော်တကယ်’ ဗုံးချတာ ခံလိုက်ရတယ်။)

(သား) ဘုရှ် လက်ထက်မှာတော့ အာရှအနောက်ပိုင်းမှာ အီရတ်စစ်ပွဲ ဖန်တီးတယ်။ ကုလသမဂ္ဂ (UN) ကို ဘေးချိတ်လိုက်တယ်။ ပြီးတော့ မိုက်မိုက်ကန်းကန်းလုပ်တယ်။ မတန်မရာကို ပြောတယ်။ နောက်ဆုံးတော့ (NWO) မလုပ်နိုင်ဘဲ အီရန်အတွက် ‘အီရတ်စစ်’ ဝင်တိုက်ပေးရသလိုပဲ ဖြစ်သွားတယ်။ အမေရိကန် ပြည်သူတွေရဲ့ သည်းညည်းခံနိုင်မှု ကုန်ဆုံးသွားတယ်။ ဒီလိုနဲ့ အိုဘားမား သမ္မတဖြစ်လာတယ်။ သူက အခြေအနေနဲ့အညီ ထိန်းညှိတာကို လုပ်တယ်။ ကမ္ဘာ့အခင်းအကျင်းသစ် (NWO) ချက်ချင်းလုပ်လို့ မရသေးဘူး။ ကုလသမဂ္ဂ (UN) ပြုပြင်ဖွဲ့စည်းရေးကတဆင့် ချီတက်ရမယ်လို့ သူက ယူဆပုံပဲ။

ဒါကြောင့်ပဲ တရုတ်ကို ထိန်းထားဖို့ အိန္ဒိယကို ‘ကုလသမဂ္ဂ လုံခြုံရေးကောင်စီ UNSC မှာ အမြဲတမ်းအဖွဲ့ဝင် နေရာပေးမယ်’ ဆိုတဲ့ ဆွယ်စကား ပြောတယ်။ ဂျပန်ကိုလည်း သိမ်းသွင်းတယ်။ အာဆီယံနိုင်ငံတချို့ကိုလည်း စည်းရုံးတယ်။ (ဗမာပြည်ပေါ်လစီမှာ ‘စိုင်ရှင်’ ဒဏ်ခတ်ပိတ်ဆို့ရေးနဲ့ ထိတွေ့ဆက်ဆံရေး ‘၂ ခွ ပေါ်လစီ’လို့ ပြောင်းလဲလာတာ ဒါကြောင့်ပဲ။)



**တောင်ကိုးရီးယားနဲ့ပူးတွဲစစ်ဆင်ရေးမှ အမေရိကန်လေယာဉ်တင်သင်္ဘော**

- **တရုတ်။** ဆိုဗီယက်ကို အမေရိကန်က အလဲထိုးရာမှာ သူ့အခန်း အများကြီးပါတယ်။ 'စစ်အေးလွန်ခေတ် ပျားရည်ဆမ်းချိန်' ကို ကောင်းကောင်းကြီး အသုံးချတယ်။

  (WTO) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ထဲကို (၁၉၉၀) မှာ ဝင်တယ်။ (ဆိုဗီယက်တဖြစ်လဲ ရုရှားက အခုထိ ဝင်ခွင့်မရဘူး။ လျှောက်ထားဆဲပဲ။) (WTO) အဖွဲ့ဝင်ဖြစ်တဲ့ အခွင့်အရေးကို ကောင်းကောင်းအသုံးချတယ်။ အမေရိကန်က စစ်ပွဲညွှံထဲနစ်၊ စစ်အသုံးစရိတ် မတန်တဆသုံးနေရချိန်မှာ သူက 'ပြည်နာမှ ငွေရှာလို့ ကောင်းတယ်' ထုံးနှလုံးမူပြီး ငွေရှာတယ်။

  အဲဒီလိုနဲ့ အမေရိကန်ရဲ့ 'အကြီးဆုံးမြီရှင်' ဖြစ်လာတယ်။ စီးပွားရေးမှာ ဒုတိယနေရာ တက်ယူလာတယ်။

- **ရုရှား။** သူက ဂျာမဏီ၊ ဂျပန်တို့လို စစ်ရှုံးသွားတာ မဟုတ်ဘူး။ သူ့မှာလည်း အစွယ်ရှိတယ်ဆိုတာ ပြနေတယ်။ အမေရိကန်က သေနင်္ဂဗျူဟာ လက်နက်ကြီးများကန့်သတ်ရေး (START) စာချုပ်သစ် ချုပ်လာရတယ်။

- **အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမနီ**တို့ရဲ့ အပြောင်းအလဲကိုတော့ ချန်ထားခဲ့မယ်။ သူတို့လည်း သူတို့နည်းနဲ့ အပြောင်းအလဲ လုပ်ကြတာပဲ။

(၄) ၂၁ ရာစုရဲ့ ဒုတိယဆယ်စုကာလများသို့ အခုရောက်နေပါပြီ။ 'တရုတ်နဂါးကြီး' နိုးထလာတာကို အားလုံးက သတိပြုမိလာကြတယ်။ နပိုလီယံစိုးရိမ်ခဲ့တဲ့ 'တရုတ်နဂါး' က 'ပဒေသရာဇ်နဂါး' ပဲ။ အခု အမေရိကန်အပါအဝင် အင်အားကြီးနိုင်ငံတွေ စိုးရိမ်နေတာက 'ပဏ္ဏာမဆိုရှယ်လစ်အဆင့် နဂါး' ဖြစ်တယ်။

ဗမာပြည်က တရုတ်နဲ့ကုလားကြားသာမက ထိုင်းနဲ့လည်း အိမ်နီးချင်း။ အိန္ဒိယသမုဒ္ဒရာကမ်းခြေမှာလည်းဖြစ်လို့ 'တရုတ်နဂါးနှိမ်နင်းရေး' ထဲမှာ ကြားညပ်မှာကို အလွန်ပဲစိုးရိမ်မိပါတယ်။

> **ဗမာပြည်ပေါ်လစီမှာ**
>
> **'စိုင်ရှင်' ဒဏ်ခတ်ပိတ်ဆို့ရေးနဲ့ ထိတွေ့ဆက်ဆံရေး**
>
> **'၂ ခွ ပေါ်လစီ'လို့ ပြောင်းလဲလာတာ**
>
> **ဒါကြောင့်ပဲ**



# နယ်မြေပိုင်နက်အငြင်းပွားမှုများတနေ့ စစ်ဖြစ်နိုင်တယ်

## နယ်မြေပိုင်နက်အငြင်းပွားမှုတွေ အာရှမှာ များတယ်။

ဒီလိုအငြင်းပွားမှုတွေက တခြားဒေသတွေမှာလည်း အထိုက်အလျောက်ရှိနေကြတာပါပဲ။ ဒါပေမဲ့ အာရှမှာ ပိုများတယ်။

ရုရှားနဲ့ဂျပန် အငြင်းပွားနေတယ်။ တရုတ်နဲ့အိန္ဒိယ အငြင်းပွားနေတယ်။ တရုတ်နဲ့အာဆီယံနိုင်ငံတချို့ အငြင်းပွားနေတယ်။ ထိုင်းနဲ့ကမ္ဘောဒီးယား အငြင်းပွားနေတယ်။ ဗမာပြည်နဲ့ဘင်္ဂလားဒေ့ရှ် အငြင်းပွားနေတယ်။ တခြား အငြင်းပွားမှုတွေတော့ မရေးတော့ပါဘူး။

## မြားဦးလှည့်ပေးတတ်တယ်။

ကမ္ဘာမှာ စီးပွားရေးအကျပ်အတည်းက မပြီးသေးဘူး။ လူတွေရဲ့ နေထိုင်စားသောက်စရိတ်တွေက တက်နေတယ်။ အလုပ်လက်မဲ့ များနေတယ်။ ဆင်းရဲတွင်း ကျဆင်းသူ များနေတယ်။ တိုင်းပြည်တိုင်းဟာ ကိုယ့်အကျပ်အတည်းနဲ့ကိုယ် ဖြစ်နေတယ်။ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးဝါဒကို ကျင့်သုံးနေကြတယ်။

ပြည်သူတွေက စားဝတ်နေရေးဒုက္ခတွေကြောင့် ဒေါသထွက်နေကြတယ်။ အဲဒီဒေါသက အုပ်စိုးသူတွေအပေါ် ကျရောက်နေတယ်။ ဒါကို လှည့်ပြောင်းပေးဖို့ ဒေါသမြားဦးကို တဖက်သို့ လှည့်ပေးဖို့ ကာလရှည်ကြာ တည်ရှိနေတဲ့ နိုင်ငံရပ်ခြားနဲ့ အငြင်းပွားနေတဲ့ နယ်မြေပိုင်နက်ကိစ္စကို အုပ်စိုးသူတွေက ရှေ့တန်းတင် ပွဲထုတ်လေ့ရှိတယ်။

ဂျပန်နဲ့ရုရှား၊ ဂျပန်နဲ့တရုတ် နယ်မြေပိုင်နက်အငြင်းပွားမှုကတော့ ဒီဂရီတက်လိုက်ကျလိုက်ပဲ။ ပြီးပြတ်မယ့် လက္ခဏာ မရှိဘူး။ တရုတ်နဲ့အိန္ဒိယကိစ္စလည်း ဒီလိုပဲ။ တနေ့မှာ ပြည်သူ့ဒေါသ ကိုယ့်ဘက်လှည့်မလာအောင် ဒေါသမြားဦးကို ပြည်ပဘက်လှည့်ပေးတာတွေ ဖြစ်လာနိုင်တယ်။ ထိုင်းနဲ့ကမ္ဘောဒီးယားကတော့ စစ်ရေးထိတွေ့မှုကလေးတွေ ဖြစ်လိုက်တယ်။ ကျယ်ပြန့်သွားတာတော့ မရှိဘူး။ ကုလသမဂ္ဂမှာ တင်ပြပြီးရှင်းမယ်လို့ တဖက်ကပြောပေမယ့် တဖက်က လက်မခံဘူး။ ဗမာနဲ့ဘင်္ဂလားဒေ့ရှ်တို့ကတော့ ကုလသမဂ္ဂမှာဖြေရှင်းဖို့ သဘောတူနေကြပုံပဲ။

## တခုလုံးခြုံပြီး စဉ်းစားကြည့်

နယ်မြေပိုင်နက် အငြင်းပွားမှုတွေဟာ အခုမှ ရှိနေတာ မဟုတ်ဘူး။ တည်ရှိနေတာ ကြာလှပြီ။ နောက်ကျမှ ဖြေရှင်းဖို့ စိတ်ရှည်ရှည်ထားပြီး ဖြေရှင်းဖို့ သဘောတူနေကြတာပဲ။ ပြဿနာကြီးမလာအောင်လည်း နှစ်ဖက်စလုံးက ထိန်းကြတာပဲ။

အခုမှ ဘာကြောင့်ပေါ်လွင်လာသလဲဆိုတာ စဉ်းစားသင့်တယ်။ အုပ်စိုးသူတွေက လူထုရဲ့ဒေါသမြားဦး ပြည်ပ လှည့်သွားဖို့ လုပ်တာအပြင် အဲဒီလိုဖြစ်ဖို့ အမေရိကန်ကလည်း လိုလားနေတယ်။



ထိုင်း-ကမ္ဘောဒီးယား ပိုင်ဆိုင်မှုအငြင်းပွားနေတဲ့ ဘုရားကျောင်း

အကြမ်းဖက်ခြိမ်းခြောက်ရေးဝါဒကို စစ်ကြေညာပြီး တိုက်ရင်းက စစ်ပွဲအတွင်း ညွံနစ်နေတော့ ကိုယ်ကစစ်တိုက် သူတို့က စီးပွားရှာ မဖြစ်ချင်တော့ဘူး။ ကိုယ့်လိုပဲ သူများတွေလည်း စီးပွားချည်းရှာမနေနိုင်ဘဲ စစ်ညွံတွင်း နစ်စေချင်တယ်။

ကိုယ့်ဒုက္ခမျိုး သူများလည်း တွေ့စေချင်တယ်။ အထူးသဖြင့် တရုတ်၊ အိန္ဒိယ၊ ရုရှားကို ညွံနစ်စေချင်တယ်။

ဗမာပြည်ရဲ့ အိမ်နီးချင်းတွေ ရန်မဖြစ်၊ စစ်မတိုက်စေချင်ဘူး။ သူတို့ချည်း တိုက်နေလို့ကတော့ နေသာပေမယ့် ကိုယ်ကအချောင် ကြားညပ်မှာ စိုးပါတယ်။

ထိုင်း၊ ကမ္ဘောဒီးယားစစ်က ဗမာပြည်ကို ဒုက္ခမပေးနိုင်ဘူး။ သူ့မြားဦးက အရှေ့ဘက်လှည့်နေတာပဲ။ ဗမာပြည်နဲ့ ထိပ်တိုက်တိုးစရာ မရှိဘူး။ တိုးချင်းတိုးရင် ဗီယက်နမ်နဲ့ပဲ တိုးလိမ့်မယ်။ အာဆီယံ အစည်းပြေတာပဲ ရှိမယ်။

တရုတ်နဲ့အိန္ဒိယ စစ်ဖြစ်လို့ကတော့ မချောင်ဘူး။

## ဒုတိယကမ္ဘာစစ်သမိုင်းကို ပြန်ကြည့်။

ဂျာမနီရန်ကို အလေးထားတုန်းက အမေရိကန်က ရုရှား (ဆိုဗီယက်)၊ အင်္ဂလိပ် (ရစ်ဖ်၊ စတာလင်၊ ချာချီ) တို့ပဲ တိုင်ပင်ဖော်တိုင်ပင်ဖက် လုပ်ခဲ့တာပဲ။ တရုတ် (ချန်ကေရှိတ်) ကို ဘေးချိတ်ထားခဲ့တာပဲ။ အင်္ဂလိပ်နဲ့ ရုရှားကလည်း ကိုယ့်ဒုက္ခနဲ့ကိုယ်မို့ ဂျာမနီရန်ကိုပဲ အလေးထားရတယ်။ ရုရှားကဆိုရင် ဂျပန်နဲ့တောင် စစ်မတိုက်ကြေးစာချုပ် ချုပ်ထားတယ်။ အင်္ဂလိပ်ကလည်း ဂျပန်စစ်မျက်နှာဘက်ကို လှည့်မကြည့်နိုင်ဘူး။ အမေရိကန်ကလည်း ရေတပ်နဲ့ ပစိဖိတ်သမုဒ္ဒရာ စိုးမိုးရေးပဲ လုပ်နေရတာ ဖြစ်တယ်။ ကျွန်းတကျွန်းပြီးတကျွန်း သိမ်းနေတယ်။

ဂျာမနီ စစ်ရှုံးတော့မှ ဂျပန်ဘက်ကို သူတို့လှည့်ကြတာပဲ။ ဂျပန်ကို ဦးတည်တိုက်မယ်ဆိုတော့မှ တရုတ် (ချန်ကေရှိတ်) ကို ကြီးတကြီးအဖြစ် အမေရိကန်က စင်တင်ပေးလာတယ်။ ဂျပန်ကိုတိုက်ရင် တရုတ်ရဲ့နယ်မြေ၊ တရုတ်ရဲ့လူအင်အားကို အသုံးချရမှာဖြစ်လို့ပဲ။ ဒီလိုနဲ့ တရုတ်က စစ်ပြီးတော့ 'ကြီး (၅) ကြီး' ထဲ ပါလာတယ်။

## ဒီကိစ္စကို ပြန်ပြီးပြောရတာက။

အမေရိကန်က အိန္ဒိယကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ (UNSC) မှာ အမြဲတမ်းတနေရာပေးမယ်လို့ ပြောပြီး လာဘ်ထိုးလာတာကို သတိပြုမိကြစေဖို့ပါ။

တရုတ်နဲ့အိန္ဒိယ စစ်မတိုက်တန်ပါဘူး။ သူတို့ အရှည်ကြည့်မယ်လို့ မျှော်လင့်ပါတယ်။

# ကွန်မြူနစ် အင်တာနေရှင်နယ်နဲ့ ဗကပ

ကွန်မြူနစ်အင်တာနေရှင်နယ်ကို ဖျက်သိမ်းတာက (၁၉၄၃) ဇွန်လမှာဆိုတော့ (ဗကပ) က (၄) နှစ်လောက်ပဲ သူနဲ့ဆက်ဆံခဲ့ရတာပါ။

၁၉၃၅ ခုနှစ်ကတည်းက ကွန်မြူနစ်အင်တာနေရှင်နယ်က ကွန်မြူနစ်ပါတီတွေရဲ့ အတွင်းရေးတွေမှာ ဝင်မစွက်ဖို့ ဆုံးဖြတ်ထားပြီးသားပါ။ ဒါကြောင့် ဘာကိုမှ တိုက်ရိုက်ညွှန်ကြားတာ မလုပ်ခဲ့ဘူး။

တရုတ်ပြည် ကွန်မြူနစ်ပါတီ (CPC) ကတော့ ၁၉၂၁ ခုနှစ်ကတည်းက ပါတီထောင်တာဆိုတော့ ကွန်မြူနစ်အင်တာနေရှင်နယ် (CI) နဲ့ ဆက်ဆံရတာ ကြာတယ်။ တိုက်ရိုက်လည်း ညွှန်ကြားခံရတယ်။ ကွန်မြူနစ်အင်တာနေရှင်နယ်က ၁၉၁၉ မှာ ဖွဲ့စည်းတာဖြစ်လို့ (CI) နဲ့ ဆက်ဆံတာ ၂၂ နှစ် ရှိတယ်။

## (CPC) ရဲ့ (CI) နဲ့ပတ်သက်တဲ့အကဲဖြတ်ချက်။

(CI) ရဲ့သက်တမ်း ၂၄ နှစ်ကို (၃) ပိုင်း (၈) နှစ်စီ အညီအမျှခွဲပြီး သူတို့က သုံးသပ်တယ်။

မော်စီတုန်းက (CI) ရဲ့ ပထမ (၈) နှစ်၊ ၁၉၁၉ မှ ၁၉၂၇ ကာလကို ဆက်ဆံရတာကောင်းတယ်လို့ သုံးသပ်တယ်။ ဒုတိယ (၈) နှစ်မှာ သိပ်မကောင်းဘူး၊ တတိယ (၈) နှစ်မှာ ကောင်းတယ်လို့ သုံးသပ်တယ်။ ဒါက သူတို့အတွေ့အကြုံအရ ပြောတာပဲ။

ဗကပ ကတော့ ဆက်ဆံရတာ သိပ်မကြာဘူး။ (၄) နှစ် မရှိဘူး။ ဒါကလည်း (နှစ်) နဲ့ချိုပြီး ပြောလို့ပါ။ ဥရောပမှာ စစ်ကြီးဖြစ်နေပြီဖြစ်လို့ ဆက်ဆံရတာ သိပ်ပြီးမလွယ်တော့ဘူး။

ဒါပေမဲ့ (CI) နဲ့ ဆက်ဆံရတာ တခုတော့ ကောင်းတယ်။ ဘာကြောင့်ကောင်းသလဲဆိုတာကို အကျယ်တင်ပြပါမယ်။

## (CI) ရဲ့ကျေးဇူးရှိတယ်။

အဲဒီတုန်းက (CI) ရဲ့အထွေထွေအတွင်းရေးမှူးက ‘ဒီမီထရော့ဗ်’ ပဲ။ သူ့ရဲ့ ‘ဖက်ဆစ်ဆန့်ကျင်ရေးတပ်ပေါင်းစု’ လမ်းစဉ်ကြောင့် ‘ဗကပ’ လိမ့်လိမ့်လဲလဲ မဖြစ်တာပဲ။ ဒါတောင်မှ ‘ဗကပ’ ထဲမှာ အတွေးအခေါ်ရှုပ်ထွေးသူတွေ ရှိခဲ့သေးတယ်။ ဂျပန်ဖက်ဆစ်နဲ့ပတ်သက်ပြီး သဘောထားတွေ ကွဲခဲ့သေးတာပဲ။ ဒါပေမဲ့ ဂျပန်ဖက်ဆစ်အကြောင်း ပေါင်းမှ သိပြီး ဒီမီထရော့ဗ် (CI) ရဲ့ အစီရင်ခံစာကျေးဇူးကြောင့် ပြန်လည်စုစည်းမိလာတာပဲ။

ဂျပန်အဝင် အင်္ဂလိပ်အပြေးမှာ ‘ဗကပ’ ခေါင်းဆောင်တွေထဲမှာ အတွေးအခေါ်ရှုပ်ထွေးနေတာကို ရှင်းပေးတာ (CI) ဒီမီထရော့ဗ်ရဲ့ လမ်းညွှန်ချက်ကြောင့်ပဲ။ ဒါကြောင့်ပဲ ပြန်လည်စုစည်းမိလာတာပါ။ တဦးတယောက်ကောင်းကြောင့် လုံးဝမဟုတ်ဘူး။

## (CI) နဲ့ပတ်သက်ရင် (ဗကပ) အတွေ့အကြုံက (CPC) နဲ့ မတူဘူး။

(CPC) က (CI) က ဝင်ပြီး (အခြေအနေမသိဘဲ) ညွှန်ကြားမှုအမှားပေးတာတွေ ခဏခဏခံခဲ့ရတယ်။

တခုကို နမူနာအဖြစ် ရေးပါမယ်။

တရုတ်ပြည်မှာ ကျန်းရှေလျံနဲ့ ယန်ဟူချင်းဆိုတဲ့ ဗိုလ်ချုပ်ကြီး (၂) ယောက်က ချန်ကေရှိတ်ကိုဖမ်းတဲ့ 'ရှီးအန်း အရေးအခင်း' ဆိုတာ (၁၉၃၆) မှာ ဖြစ်တယ်။

ဖမ်းတဲ့ဗိုလ်ချုပ်ကြီးထဲမှာ 'မာရှယ်ကလေး' လို့ အခေါ်ခံရတဲ့ 'ကျန်းရှေလျံ' ရဲ့အဖေက ဂျပန်နဲ့ပေါင်းတဲ့ မန်ချူးရီးယားက စစ်ဘုရင်ကြီး 'ကျန်းစိုးလင်'။ ဒါကြောင့် (CI) က ကျန်းရှေလျံကို 'ဂျပန့်နောက်လိုက်ခွေး' လို့ သတ်မှတ်တယ်။ ချန်ကေရှိတ်ကိုဖမ်းတာဟာ ဂျပန့်အလိုကျ လုပ်တာလို့ ဆိုတယ်။ ချန်ကေရှိတ်က ဆိုဗီယက်ရဲ့ 'မဟာ မိတ်' ဖြစ်နေလို့ သူတို့ (CI) က အဲဒီလို သဘောထားတာပဲ။

(CPC) က (CI) ညွှန်ကြားလာတာကို ပစ်ပယ် လိုက်တယ်။ အခြေအနေကို မသိဘဲ ရမ်းပြီးညွှန်ကြားတာလို့ သဘောထားတယ်။

ကျန်းရှေလျံတို့ကိုပဲ ဂျပန်ဆန့်ကျင်ရေးတပ်ပေါင်း စုထဲ သိမ်းသွင်းတယ်။ ချန်ကေရှိတ်ကို တဆုံးတစမလုပ်ဘဲ ဂျပန်ဆန့်ကျင်ရေးအတွက်ပဲ စည်းရုံးဖို့ နားချတယ်။ အောင် မြင်ပါတယ်။ မြွေမသေတုတ်မကျိုး ခြေလှမ်းလှမ်းလိုက်လို့ ပြည်တွင်းစစ် ခဏတော့ရပ်သွားပြီး ဂျပန်ဘက်ကို တရုတ်တွေ အားလုံး ဦးလှည့်လာနိုင်ခဲ့တယ်။

'ရှီးအန်းအရေးအခင်း' မှာ (CPC) က အမြော် အမြင်ရှိခဲ့လို့ အကြီးအကျယ်ဂုဏ်သိက္ခာတက်ခဲ့တာပဲ။ (CI) ညွှန်ကြားသလိုသာ လုပ်မိရင် 'ဖွတ်မရ ဓားမဆုံး'ဖြစ်မှာပဲ။

ဒါက နမူနာတခုကိုပဲ ပြတာပါ။ အဲဒီလိုကိစ္စမျိုးတွေ (CPC) က အများကြီးခံရဖူးတယ်။ (CI) က တတ်ယောင် ကား ဝင်ပြီးဆရာလုပ်လို့ ခံရတာများတယ်။ နစ်နာခဲ့တာတွေ သိပ်များတယ်။ ဒါပေမဲ့ လူသိရှင်ကြားဖြစ်အောင် မလုပ်ဘူး။ မော်စီတုန်း၊ ချူတေး၊ ချိုအင်လိုင်းတို့ကို အရေးယူတာ ခံရတာ တွေ ရှိတယ်။

ဆိုရှယ်လစ်တော်လှန်ရေးလုပ်ကြဆိုပြီး မြို့ကြီး တွေမှာ ပုန်ကန်မှုတွေ လုပ်ခိုင်းလို့ အကျအဆုံးလည်း များခဲ့ပြီ။ ဒါပေမဲ့ ကြိတ်မှိတ်ခံတယ်။ ပညာတတ်တွေက ပါတီကို ခေါင်း ဆောင်နေလို့ ခဏခဏ ပါတီတွင်း ဂိုဏ်းဂဏတိုက်ပွဲ ဖြစ်တာ ပဲ။ ဒါကြောင့် အလုပ်သမားဇစ်ဇရှိသူတွေကို ခေါင်းဆောင်တင် ကြရမယ် ညွှန်ကြားလို့ လုပ်ခဲ့ရတာလည်း ရှိတယ်။ အလုပ် သမားဇစ်ဇရှိတိုင်း ခေါင်းဆောင်တက်လုပ်လို့မှ မဖြစ်တာပဲ။ မာ့က်စ်ဝါဒသဘောတရားပိုင်နိုင်ဖို့၊ တရုတ်ပြည်ရဲ့ ထူးခြားတဲ့ လက္ခဏာကို နှံ့စပ်ဖို့၊ ခေါင်းဆောင်မှုအတွေ့အကြုံရှိဖို့၊ တော်လှန်ရေးရဲ့စမ်းသပ်ခံထားရဖို့၊ တော်လှန်ရေးစိတ်ဓာတ် ရင့်ကျက်ဖို့ စတာတွေကို ထည့်တွက်ရမှာပါ။

ဇစ်ဇကောင်းသူကို ခေါင်းဆောင်တင်တော့ သူက အဖမ်းခံရရုံနဲ့ အကုန်ဖော်ပြောလို့ ဗဟိုတခုလုံး အဖမ်းခံရ တယ်။ အကုန်လုံး အသတ်ခံကြရတယ်။ ရှန်ဟဲမှာ မြေအောက် ဆက်နေလို့ မရလို့ လက်နက်ကိုင်ဒေသပြေးရတယ်။ အဲဒီ အခါကျမှ (CI) က သူတို့ မှားပါတယ် ပြောတာလည်း (CPC) ခံခဲ့ရတာပဲ။

## မှန်ရင် ငါကွလို့ လက်မ မထောင်နဲ့။ မှားရင်လည်း သူ့ကြောင့်လို့ လက်ညှိုးမထိုးနဲ့။

(CI) မရှိပေမယ့် ကွန်မြူနစ်ပါတီတွေဟာ အခါ အားလျော်စွာ တွေ့ဆုံဆွေးနွေးကြတယ်။ (၂) ပါတီချင်း လည်း ဆွေးနွေးကြတယ်။ အခုလည်း အဲဒီလို လုပ်နေတာပဲ။ (IT) ခေတ်ဖြစ်လို့ အဲဒီလိုတွေ့ဆုံဆွေးနွေးတာ၊ အမြင်ညှိနှိုင်းတာ တွေက ပိုတောင်များသေးတယ်။

တွေ့ကြရင် အမြင်ဖလှယ်မယ်။ အပြန်အလှန် ဝေဖန် အကြံပေးစရာရှိ ပေးမယ်။ သူစိတ်ဝင်စားရာ ကိုယ်စိတ် ဝင်စားရာတွေကို ပြောကြမယ်။ ကွန်မြူနစ်ချင်းတွေ့တာဟာ

မိတ်ဆုံထမင်းစားပွဲ၊ လက်ဖက်ရည်ပွဲမှ မဟုတ်ဘဲ။ နိုင်ငံရေးစကားပြောကြတာပါ။

သူများပေးတဲ့အကြံကို ကိုယ်ကယူသုံးရင် အဲဒါကိုယ့်ဆန္ဒအရ သုံးတာပဲ။ မှန်ရင်စံ မှားရင်ခံဖို့ပဲ။ သူများလွှဲချလို့ မဖြစ်ဘူး။

လွှဲချရင် မရိုးသားတာမက ယုတ်မာတာပဲ။ အကြံပေးသူနဲ့လည်း တသက်လုံး မိတ်ပျက်မှာပဲ။

## ကြိုတုန်းပြောချင်တာ။

ကွန်မြူနစ်အင်တာနေရှင်နယ် (CI) ဖျက်သိမ်းတာ နှစ်ပေါင်း (၆၀) နီးပါးရှိပြီ။ (CI) မရှိဘဲ ကွန်မြူနစ်ပါတီချင်း ဆက်ဆံရေးတွေ လုပ်ခဲ့ကြတာပဲ။ ကြာပြီ။ အတွေ့အကြုံ ရင့်ကျက်ပါပြီ။

ပါတီတွေ အမှားကြီးဆုံးစည်းဆွေးနွေးခဲ့တာတွေလည်း များလှပြီ။ အခုခေတ်မှာ ပိုများလာသလိုပဲ။ ဖိတ်တိုင်းလည်း မသွားနိုင်ဘူး။ တချို့လည်း သဝဏ်လွှာနဲ့ပဲ ဆက်ဆံရတာပဲ။

ကိုယ်က AS လုပ်ခဲ့တဲ့ ပါတီပဲ။ အခု UG ပါတီကလည်း AS ကို ရွေးလမ်းအဖြစ် ထားနေတဲ့ပါတီဖြစ်လို့ နေရာတကာမှာ ဝင်ပါနေလို့ မကောင်းဘူး။ ဆင်ခြင်တယ်။

အခုခေတ် ကွန်မြူနစ်ပါတီတွေကလည်း အမျိုးမျိုး အဖုံဖုံပဲ။ အာဏာရပါတီ၊ အာဏာတပိုင်းတစရတဲ့ ပါတီ၊ မြေပေါ်ပါတီ၊ မြေအောက်ပါတီ၊ လက်နက်ကိုင်တိုက်ပွဲ AS လုပ်နေတဲ့ပါတီ၊ အတိုက်အခံပါတီ၊ စုံနေတာပဲ။ အကျိုးစီးပွားချင်းကလည်း မတူကြဘူး။

တိုင်းပြည်တခုတည်းမှာတောင် ဗကပ နဲ့ ဆက်ဆံတဲ့ပါတီက တချို့နေရာမှာ '၂' ပါတီမက ရှိတယ်။ သူတို့ချင်းက ရန်ဖြစ်နေတာ။

လမ်းညွှန်သဘောတရားကလည်း သူ့ပါတီကိုယ့်ပါတီ တညီတည်း မရှိကြဘူး။



ရဲဘော်ဒီမီထရော့ဗ်

ဒီလိုအခြေအနေမျိုးမှာ–

- CI လို နိုင်ငံတကာအဖွဲ့ချုပ် မလိုအပ်ဘူးလို့ ပြတ်ပြတ်သားသား ယုံကြည်ယူဆတယ်။
- တိုင်းပြည်တိုင်းနဲ့ ပြည်သူတိုင်းမှာ ကိုယ်စီအကျိုးစီးပွား ရှိကြတယ်။ အကျိုးစီးပွားချင်း တထပ်တည်း မရှိနိုင်ဘူးလို့ ပြတ်ပြတ်သားသား ယုံကြည်ယူဆတယ်။
- တခြားပါတီက တောင်းဆိုလာရင်တော့ ဗမာပြည်ရဲ့ အကျိုးစီးပွားနဲ့ ဗမာပြည် ပြည်သူရဲ့ အကျိုးစီးပွားက ဘာတွေလဲ ဆိုတာကို 'မိတ်ဆက်' ပြမယ်။ ဗကပ ဘာလုပ်နေတယ်ဆိုတာကို ပြောပြမယ်။
- ၂ ပါတီဆက်ဆံရေးမှာ သဘောတူထားတာ ရှိခဲ့ရင် အဲဒါကို သစ္စာစောင့်သိမယ်။ ၂ ပါတီချင်း အကြံပေးတာ ဝေဖန်တာကို ဘယ်တော့မှ လူသိရှင်ကြားအော်ကြီးဟစ်ကျယ် မလုပ်ဘူး။

ဒါတွေကို ဗကပ က ဆုံးဖြတ်ထားပြီပဲ။




# စာအုပ်တအုပ်ထဲက သိကောင်းစရာများ

(၁) စာအုပ်တအုပ်ဆိုတာက လုပ်ငန်းခွင်က ဒုက္ခများ (Occupational Hazards) ပါ။ သိကောင်းစရာတွေဆိုတာက သိမ်းပိုက်ခံပြီးစ အီရတ်မှာ အမေရိကန်တွေ ဘာလုပ်ခဲ့သလဲ ဆိုတာကို သိဖို့ပဲ။ ရေးတဲ့သူ စတူးဝပ် Rory Stewart က အီရတ်က ပြည်နယ်တခုမှာ ပြည်နယ်အုပ်ချုပ်ရေး ညှိနှိုင်းရေးမှူးနဲ့ တွဲဖက်ပြီး ဒုတိယညှိနှိုင်းရေးမှူး လုပ်ခဲ့သူဖြစ်လို့ တစုံတရာ ခိုင်မာတယ်။ သူ့လက်တွေ့တွေ့ချည်း ရေးထားတာပဲ။ လူပြောသူပြော မဟုတ်ဘူး။

ပြီးတော့ သိကောင်းစရာ အကောင်းဆုံးက အမေရိကန်ရဲ့ကိုလိုနီ (သစ်) လုပ်ပုံကို လေ့လာနိုင်လို့ပါ။ ကိုလိုနီ (ဟောင်း) နဲ့ ဘာတွေကွာခြားသလဲဆိုတာကို နှိုင်းယှဉ်ကြည့်နိုင်လို့ပါ။

နှိုင်းယှဉ်ကြည့်တော့ တူတာတွေ အများကြီးတွေ့တယ်။ မတူတာတွေလည်း တွေ့ရတယ်။ နှိုင်းယှဉ်စရာကလည်း ဝေးဝေးရှာစရာမလိုဘူး။ (၁၈၈၅ – ၈၆) ဗမာပြည်လက်တွေ့နဲ့ နှိုင်းယှဉ်ကြည့်ရုံပဲ။

နိုင်ငံရေးစနစ်မှာ တူတာတွေက –

- တည်ရှိနေတဲ့ နိုင်ငံတော်အုပ်ချုပ်ရေး (ဟောင်း) ကို ချက်ချင်းဖျက်ပစ်တယ်။ တည်ရှိနေတဲ့ နိုင်ငံတော် စစ်တပ် (ဟောင်း) ကို ချက်ချင်းဖျက်ပစ်တယ်။
- သူ့ကျွန်မခံလိုသူတွေရဲ့ ပုန်ကန်မှုကို အပြင်းအထန်ချေမှုန်းပစ်တယ်။ ပြည်သူတွေကို 'တရားဥပဒေ စိုးမိုးရေး' ဆိုပြီး ငြိမ်ဝပ်ပိပြားအောင် ရက်ရက်စက်စက် လုပ်တယ်။
- တိုင်းပြည်ရဲ့ဥသျှောင်ကို ဖမ်းဆီးအရေးယူတယ်။
- လက်ဝေခံလူ့အလွှာတရပ်ကို မွေးမြူတယ်။

မတူတာတွေက –

- ပြည်သိမ်းတပ်ဗိုလ်ချုပ်က (ဗမာပြည်မှာလို) စစ်အုပ်ချုပ်ရေး အာဏာပိုင်မလုပ်ဘူး။ အုပ်ချုပ်ရေးမှူးချုပ်ဆိုပြီး အရပ်သားတယောက်ကိုပဲ ဝါရှင်တန်က ခန့်တယ်။
- အင်ပါယာထဲမှာ သွတ်သွင်းလိုက်ပြီလို့ မကြေညာဘူး။ အီရတ်တွေချည်းပါတဲ့ 'အုပ်ချုပ်ရေး ကောင်စီ' ဆိုတာကို ဖွဲ့တယ်။ ပြီးတော့ 'အခြေခံဥပဒေပြင်ဆင်မှုကော်မတီ'

ဆိုတာကို ဖွဲ့ပေးတယ်။ အခြေခံဥပဒေ (မူကြမ်း) ရေးစေတယ်။ နောက် 'ပြည်သူ့ဆန္ဒခံယူပွဲ' ဆိုတာလုပ်ဖို့၊ 'အထွေထွေရွေးကောက်ပွဲ' လုပ်ဖို့ပဲ။

- ၂၀၀၃ 'ဧပြီ' မှာ ဘဂ္ဂဒက်မြို့တော်ကို သိမ်းတယ်။ ၂၀၀၄ 'ဇွန်' မှာ 'အီရတ်ယာယီအစိုးရ' ကို အချုပ်အခြာအာဏာ ပြန်ပြီးလွှဲပေးတယ်လို့ လုပ်တယ်။ ('ကိုလိုနီမထားတဲ့ နယ်ချဲ့စနစ် (သစ်)' ဆိုတာကို ပုံဖော်တာ ဖြစ်တယ်။)

စီးပွားရေးစနစ်မှာ တူတာတွေက

- တိုင်းပြည်ရဲ့ စီးပွားရေးအသက်သွေးကြောမှန်သမျှကို လက်ဝါးကြီးအုပ်ထိန်းချုပ်တာမှာ တူတယ်။
- တိုင်းပြည်ရဲ့ သယံဇာတတွေကို ချုပ်ကိုင်ချယ်လှယ်ထုတ်ယူ ရောင်းချတာကို လက်ဝါးကြီးအုပ်ပြီး လုပ်တာမှာ တူတယ်။

မတူတာက

- အင်္ဂလိပ်နယ်ချဲ့စနစ် (ဟောင်း) က ဖြောင့်သိမ်းတယ်။ အမေရိကန်နယ်ချဲ့စနစ် (သစ်) က တင်ဒါခေါ်တာ၊ ကန်ထရိုက်ပေးတာ စတာတွေ လုပ်တယ်။ ထူးတော့ မထူးပါဘူး။ အမေရိကန်ကုမ္ပဏီတွေပဲ ရကြတာပါ။
- အမေရိကန်က ရေနံတွင်းတွေ ပြန်လည်ပတ်ဖို့ လျှပ်စစ်မီး ပုံမှန်ရဖို့ကို အလေးပေးတယ်။ ဒါကလည်း သယံဇာတ မတူကြလို့ပဲ။
- နာမည်အမျိုးမျိုးနဲ့ နိုင်ငံတကာ့ NGO တွေ အီရတ်မှာ သိပ်များတယ်။ ကန်ထရိုက်ဆိုတာတွေကလည်း များတယ်။ (ကိုလိုနီ (ဟောင်း) မှာ ဒါမျိုး မရှိနိုင်ဘူး။ သာသနာပြုလုပ်ငန်းပဲ ရှိတယ်။)
- အမေရိကန်က ဒေါ်လာတွေ ဘီလျံနဲ့ချီပြီး အီရတ်ထဲ သွင်းလာတယ်။ ဒေါ်လာရာတန်တွေကို ကျစ်နေအောင် အုပ်ခဲတခဲလို ဖြစ်နေအောင်လုပ်ပြီး ဒေါ်လာတသန်း 'အုတ်ခဲ' တွေ ဘီလျံနဲ့ချီပြီး သွင်းလာတယ်။ ထုတ်ပေးရင်လည်း 'ဒေါ်လာတသန်းဖိုး အုတ်ခဲ' ကို ထုတ်ပေးတာလို့ ဆိုတယ်။ (စာအုပ်ရေးသူ စတူးဝပ် ကို တလအတွင်းကုန်အောင် သုံးဖို့ဆိုပြီး ဒေါ်လာ (၁၀) သန်း ထုတ်ပေးသတဲ့။ သူက 'ပရောဂျက်' တွေ လုပ်ပြီးသုံးတာ ကုန်အောင်မသုံးနိုင်လို့ (တသန်းခွဲ) ပြန်အပ်ရသတဲ့။)
- အင်္ဂလိပ်နယ်ချဲ့သမား (ဟောင်း) ကတော့ စစ်လျော်ကြေးဆိုပြီး တောင်းတယ်။ အဖိုးတန်ရတနာတွေကို ပြောင်ယူတာ တမျိုး၊ ခိုးယူတာတမျိုးလုပ်ပြီး အင်္ဂလန်ကို ပို့တယ်။

အမေရိကန်ကတော့ 'ဒေါ်လာတသန်းတန်အုတ်ခဲ' တွေ ဘီလျံနဲ့ချီပြီး အီရတ်ကို သွင်းလာတယ်။ ကန်ထရိုက်တွေ၊ NGO တွေ၊ အုပ်ချုပ်ရေးမှူးတွေက 'ပရောဂျက်' အမျိုးမျိုးတီထွင်ပြီး အဲဒီဒေါ်လာတွေကို ပြန်ယူသွားကြတာပဲ လုပ်တယ်။ အမေရိကန် အခွန်ထမ်းတွေရဲ့ 'ဒေါ်လာ' တွေ အီရတ် ဝင်လာပြီး

အမေရိကန်လက်ဝါးကြီးအုပ် အရင်းရှင်တွေက အမေရိကန်ကို ပြန်ယူသွားတယ်ဆိုတဲ့သဘောပဲ။ (စာရင်းမရှိ အင်းမရှိ ပျောက်သွားတဲ့ ဒေါ်လာတွေလည်း ဘီလျံနဲ့ချီပြီး ရှိတယ်လို့ အမေရိကန်မီဒီယာတွေမှာ အသံထွက်လာတာ တွေ့ရတယ်။)

စတူးဝပ်ရေးတဲ့အထဲမှာ ရယ်စရာလိုလိုဟာတွေလည်း တွေ့ရတယ်။ အတည်ပေါက်နဲ့ ဟာသနှောပြီး အမေရိကန်ကိုလိုနီ (သစ်) လုပ်ဟန်ကို သရော်တာလို့ ထင်ရတယ်။

အီတလီလူမျိုး အင်ဂျင်နီယာ အသက် (၆၀) အဖိုးကြီးက သူတို့ထဲမှာ လုပ်သက်အရင့်ဆုံးပဲတဲ့။ ဒါပေမဲ့ သူ့အလုပ်ကဘာလဲဆိုတာ ဘယ်သူမှ မသိကြဘူးတဲ့။ သူကိုင်ထားတဲ့ 'ကတ်ပြား' မှာတော့ 'အထူးပရောဂျက်များ' လို့ပဲ ရေးထားသတဲ့။ အဲဒီ 'အင်ဂျင်နီယာ' က သူ့ရေချိုးခန်းထဲမှာ ရေပန်းနဲ့ ဆပ်ပြာခွက်တင်တဲ့ အပိုင်းရဲ့ကြားမှာ ထူးထူးဆန်းဆန်း ခလုတ်တခု ရောက်နေတယ်ပြောလို့ သွားကြည့် ကြတော့ မပေါက်ကွဲသေးတဲ့ မော်တာဗုံးတလုံး ဖြစ်နေသတဲ့။ မော်တာဗုံးကိုတောင် မသိတဲ့ 'အင်ဂျင်နီယာ' က ရေချိုးခန်းက ခလုတ်တခုထင်နေပုံကို သရော်တာပါ။

(၃) စတူးဝပ်က အင်္ဂလန်ပြည်သားပဲ။ အင်္ဂလိပ်က အီရတ်ကို ကိုလိုနီအဖြစ် အုပ်စိုးဖူးတဲ့ အရှင်သခင်ဟောင်းပဲ။ ငြိမ်ဝပ်ပိပြားအောင် ဘယ်လိုအုပ်ချုပ်ရမယ်ဆိုတာကို သိတယ်။ 'ရှီယာမူဆလင်' 'ဆွန်နီမူဆလင်' ကာ့ဒ်တွေ ကွဲပြားနေရုံမက လူမျိုးအုပ်စုတွေ အများကြီး၊ ဘာသာရေးဆရာကြီးတွေ အများကြီးကလည်း ဩဇာကြီးကြတယ်။ ကွဲနေကြတယ်။ သူတိုချင်းလည်း



ရန်လုပ်နေကြတယ်။ ကိုလိုနီပုံစံ (ဟောင်း) အတိုင်းလုပ်မှ ရမယ်လို့ လည်း မကွယ်မဝှက်ရေးထားတာတွေ အများကြီးတွေ့ရတယ်။


စာရေးသူ စတူးဝပ်

အမေရိကန်တပ်တွေနဲ့ အတူတွဲပါလာတဲ့ အင်္ဂလိပ်တပ်၊ အီတလီတပ်တွေကဆိုရင် မြန်မြန်အိမ်ပြန်ချင်ကြတယ်။ အီရတ်ရဲ့ လုံခြုံရေးကိစ္စက အမေရိကန်ရဲ့ တာဝန်ပဲလို့ပြောပြီး သူတို့က ရှောင်နေကြတယ်။ အမေရိကန်ရဲ့ ကိုလိုနီသစ်ပုံစံက အလုပ်မဖြစ်ဘူး ဆိုတာလည်း သိနေကြလို့ တမင်ရှောင်နေကြတာပဲ။

'ဒီမိုကရေစီရေး'၊ 'လူ့အခွင့်အရေး'၊ 'လူ့စွမ်းအားမြှင့် တင်ရေး' စတဲ့စတဲ့ အမေရိကန်တွေရဲ့ လက်သုံးစကားတွေနဲ့ အလုပ်မဖြစ်ဘူးလို့ သိနေကြတယ်။

ဆက်ဒမ်ဟူစိန်ကို ရမယ်ရှာပြီး ဖြုတ်ချထားတဲ့ အမေရိကန် အတွက်ကလည်း ဆက်ဒမ်ဟူစိန်လိုပဲ အကြမ်းပတမ်း အုပ်စိုးလို့ မဖြစ်ဘူး။ ဒါကြောင့် အသံကောင်းဟစ်နေတာပါ။ ကိုလိုနီလုပ်တာကို ဖုံးကွယ်ဖို့ 'ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ လူ့စွမ်းအား မြှင့်တင်ရေး' စတာတွေ ပြောနေတာပဲ။ ဒါကို စတူးဝပ် သိတယ်။ အတွင်းကျကျသိတယ်။ အီရတ်ရဲ့ 'ပြည်ထဲရေးဝန်ကြီး' လုပ်ဖို့ (ပုလိပ်တွေရဲ့ အကြီးအကဲလုပ်ဖို့) နယူးယောက်က ရဲမင်းကြီး (ဟောင်း) ကိုခေါ်ပြီး ခန့်ထားတာ၊ အီရတ်တွေအချင်းချင်း ကို ရန်တိုက်ပေးနေတာကို သိတယ်။

အမေရိကန်၊ အီရတ်အုပ်ချုပ်ရေးမှူး ဘရင်မာ (Bremer) ကလည်း သူ့ပြည်နယ်အုပ်ချုပ်ရေး၊ ညှိနှိုင်းရေးမှူးတွေကို ခပ်ရှင်းရှင်းပဲ ပြောထားတာပဲ။ စတူးဝပ်တို့ဆီပို့တဲ့ 'အီးမေးလ်' တစောင်မှာဆိုရင် 'အီရတ်မှာ ရွေးကောက်ပွဲလုပ်ဖို့ မဖြစ်နိုင် သေးဘူး။ ကောင်စီတွေ အုပ်ချုပ်ရေးမှူးတွေကို ကျုပ်တို့က ခန့်ထားရမှာပဲ။ ဒီလိုနဲ့ သူတို့ရဲ့အခွင့်အာဏာကို ကန့်သတ်ထားနိုင် တယ်။ သူတို့ရဲ့အတွင်းရေးကို ဝင်ပြီးစွက်နိုင်တယ်။ ရွေးကောက်ပွဲ လုပ်ပေးပြီးရင်တော့ အဲဒီလို ချုပ်ကိုင်နိုင်တော့မှာ မဟုတ်ဘူး' လို့ ပွင့်ပွင့်လင်းလင်းရေးခဲ့တယ်။

၂၀၀၄ မတ်လမှာတော့ အမေရိကန်မဟာမိတ်တပ်တွေ ခဏခဏအတိုက်ခံရတယ်။ လောင်စာဆီလော်ရီကားတွေ အတိုက်ခံရတယ်။ လူပြန်ပေးဆွဲတာတွေ များလာတယ်။ အီရတ်ပုလိပ်တွေက သူတို့တပ်ဖွဲ့ကို (၄) ဆတိုးပြီး ဖွဲ့ပေးဖို့၊ စစ်ဆေးရေးစခန်းတွေ အများကြီးဖွင့်ပေးဖို့၊ လောင်ချာသေနတ်တွေ တပ်ဆင်ပေးဖို့၊ ထောက်လှမ်းရေးတပ်ဖွဲ့ တိုးချဲ့ပေးဖို့ တောင်းဆိုလာတယ်။

စတူးဝပ်နဲ့ သူ့အထက်က အမေရိကန်တို့ကလည်း အဲဒီလိုလုပ်ရင် ဆက်ဒမ်ဟူစိန်နဲ့ ဘာထူးတော့မှာလဲဆိုပြီး ပယ်ချတယ်။

နောက်တော့ ပြည်နယ်တခုလုံးက ပုလိပ်အကြီးအကဲတွေအားလုံးပါတဲ့ အစည်းအဝေး လုပ်တယ်။ အစည်းအဝေး ကို တယ်လီဗေးရှင်းပြဖို့ ရုပ်သံရိုက်တယ်။

အဲဒီအစည်းအဝေးမှာ ပုလိပ်အရာရှိကြီးနဲ့ အီရတ်ပြည်နယ်အုပ်ချုပ်ရေးမှူး (သူ့ကို စတူးဝပ်တို့က ညှိနှိုင်းရေးမှူး နာမည်ခံပြီး ကြိုးကိုင်ထားတာပဲ။) တို့ အချီအချစကားများကြတယ်။ အဲဒီတော့ စတူးဝပ်ကဝင်ပြီး ဆဒါ (Sadr) ဂိုဏ်းသား ၆ ယောက်က တမြို့လုံးကိုဝင်ပြီး သောင်းကျန်းသွားတာကို မင်းတို့ပုလိပ်အဖွဲ့ မတားဆီးနိုင်ပါလား၊ မြို့ကောင်စီကို ဖြုတ်ချတာကို မတားနိုင်ပါလားဆိုပြီး ဝင်ပြောတော့ အဲဒီပုလိပ်ကြီးက “အဲဒါ မင်းတို့ကြောင့်ပဲ။ တို့ကို ကောင်းကောင်းလေ့ကျင့်မပေးဘူး။ လက်နက်ကောင်းတွေ တပ်ဆင်မပေးဘူး” ဆိုပြီး စတူးဝပ်ဘက်ကို ဒေါသမြားဦးလှည့်လာတယ်။

အဲဒီတော့ ရုပ်သံရိုက်နေတဲ့ဟာကို အားလုံးပိတ်ပစ်ဖို့ပြောပြီး စတူးဝပ်က –

‘ကျွန်တော်အရေးကြီးတာ ပြောမယ်။ ခင်ဗျားပြောတာ မှန်တယ်။ ကျွန်တော်တို့အမှား၊ ညွန့်ပေါင်းတပ်တွေရဲ့ အမှားတွေပဲ။ ခင်ဗျားတို့ကို လက်နက်တပ်ဆင်မပေးခဲ့ဘူး။ လေ့ကျင့်မပေးခဲ့ဘူး။ ခင်ဗျားတို့ကို တပ်ဆင်ပေးမယ်လို့ အာမခံထားတာတွေလည်း မပေးခဲ့ဘူး။ လုံခြုံရေးကိုလည်းကောင်းအောင် မလုပ်ခဲ့ဘူး။ ခင်ဗျားတို့ပြောတာတွေ မှန်ပါတယ်။

ဒါပေမဲ့ ပြဿနာက ခင်ဗျားတို့ ဘာလုပ်ကြမလဲဆိုတာပဲ။ ကျုပ်တို့ (အင်္ဂလိပ်တွေကို ဆိုလိုတာ) က ရက်ပိုင်းအတွင်း အိမ်ပြန်ကြတော့မှာ။ ဇွန်လနောက်ပိုင်းကျရင် ခင်ဗျားတို့ ဘယ်လိုလူ့အဖွဲ့အစည်း လုပ်ကြမလဲဆိုတာပဲ။ ကျုပ်က ဘော်လကန်မှာ ဒါမျိုးကြုံခဲ့ဖူးပြီ။ ဒီလထဲမှာပဲ ခင်ဗျားတို့ဆီမှာလည်း ရွေးကောက်ခံကောင်စီဝင်တွေ အတိုက်ခံနေရပြီ။ သူတို့ရုံးခန်းထဲမှာပဲ ညှဉ်းဆဲခံနေရပြီ။ လူပြန်ပေးဆွဲတာတွေ များပြီ။ လောင်ချာနဲ့ ပစ်ခံရတာတွေ များပြီ။ ရေးဟောင်းပစ္စည်းတွေ လုယက်ခံနေရပြီ။ အုပ်ချုပ်ရေးရုံး မော်တာနဲ့ အထုခံရပြီ။ ပုလိပ်တွေ အတိုက်ခံရပြီ။ အကျဉ်းထောင်ထဲက ရာဇဝတ်အကျဉ်းသားတွေ လွှတ်ပေးနေကြပြီ။

ဒီပုံစံအတိုင်းဆိုရင် နောက် (၆) လဆိုရင် ပြည်တွင်းစစ်ကြီး တွေ့ရတာထက် နိုင်ငံရေးပါတီတွေ၊ ပြည်သူ့စစ်အဖွဲ့တွေ၊ ဘာသာရေးဂိုဏ်းတွေ၊ အချင်းချင်း အပြန်အလှန်သတ်နေတာတွေ တွေ့ရတော့မှာပဲ။ ဗဟိုအစိုးရဆိုတာလည်း ရှိမှာမဟုတ်ဘူး။

ဒါကို ကာကွယ်နိုင်တာ ခင်ဗျားတို့ပဲ ရှိတယ်။ ခင်ဗျားတို့ရဲ့ အာဏာပိုင်မှုကို အရယူကြပါ။

ဘယ်သူတွေ မှားသလဲ၊ ဘာကြောင့်မှားသလဲဆိုတာ ပြောမနေကြနဲ့။ ကျုပ်က ဒီကနေ အိမ်ပြန်တော့မှာပဲ။ ခင်ဗျားတို့ချင်း အတူတွဲ လုပ်ကြပါ။

ဒီလိုပြောတော့ သူ့အသံတွေ တုန်နေသတဲ့။ ကြေကွဲနေသတဲ့။

ဟုတ်မှာပါ။ အမေရိကန်တပ်နဲ့ အမေရိကန်အုပ်စိုးသူတွေပဲ အီရတ်မှာ ကျန်ရစ်မှာကို သူသိတယ်။ အချင်းချင်း သွေးခွဲရန်တိုက် ပေးတဲ့ အမေရိကန်ပေါ်လစီကို သူသိတယ်။ ကိုလိုနီ (သစ်) ဆိုတာ အဲဒီလိုပဲ။ အမေရိကန်ကို ရှိခိုးဦးတင် ‘ထွက်မသွားပါနဲ့။ ခင်ဗျားတို့ရှိမှ ဖြစ်မှာပါ။ အမေရိကန်တပ်တွေ ချထားဖို့ စာချုပ်ချုပ်ထားပါ့မယ်’ လို့ ပြောနေရအောင် လုပ်တဲ့နည်းပဲ။



မကြာခင်က ကြားရတဲ့ သတင်းတခု အရဆိုရင် အီရတ် အစိုးရက အမေရိကန် တပ်တွေ ဆက်ထားဖို့ စာချုပ် ချုပ်မယ်ဆိုရင် ဆက်ပြီးနေရမှာပေ့ါဆိုတဲ့ လေသံ ကြားရတယ်။

အသေခံ ဗုံးခွဲတာတွေကလည်း ပြတ်တယ် မရှိဘူး။ ဆွန်နီတွေက ခွဲလိုက်၊ ရှီယာတွေက ခွဲလိုက်၊ အစိမ်းရောင် လုံခြုံရေးနယ်မြေထဲ ဗုံးခွဲခံနေရတယ်။ အီရတ်အစိုးရအဖွဲ့ကလည်း အာဏာခွဲဝေမှု အသားကျနေတာ မဟုတ်ဘူး။ 'ဆွန်နီနဲ့ရှီယာ' မူဆလင်ချင်း အဝေမတဲ့တာပဲ။ ရွေးကောက်ပွဲကလည်း အဖြေမဟုတ်တာ ရှင်းနေတယ်။ ရုပ်ပြသမ္မတကိုတော့ ကာ့ဒ် လူမျိုးစုကို ပေးထားတယ်။ ကာ့ဒ်လူမျိုးစုထဲမှာကလည်း ပြဿနာတွေနဲ့ပဲ။

(၃) စာအုပ်ကိစ္စကတော့ ဒီလောက်ပါပဲ။ အီရတ်စစ်က အမေရိကန်ကွန်ဆာဗေးတစ် (လက်သစ်) တွေ စခဲ့တာပါ။ အခု လစ်ဘရယ်သမ္မတကလည်း အမေရိကန်ပုံစံ ကိုလိုနီ (သစ်) ကို ဆက်ပြီးလုပ်နေတာပါ။

မကြာမီမှာ 'အမေရိကန်သမ္မတရွေးပွဲ' လုပ်ပြန်တော့မယ်။ ကွန်ဆာဗေးတစ် (လက်သစ်) နဲ့ လစ်ဘရယ် (လက်သစ်) တို့ရဲ့ စကားစစ်ထိုးပွဲမှာ အီရတ်ကိစ္စ ပြန်ဖော်ကြမလားဆိုတာ စောင့်ကြည့်ကြရမှာပါ။ ကိုလိုနီ (လက်သစ်) အကြောင်း ဆက်ပြီးလေ့လာနိုင်မယ် ထင်ပါတယ်။

လေ့လာချင်တာက ပညာရှာဖို့ မဟုတ်ပါဘူး။ ဗမာပြည်မှာလည်း ကိုလိုနီ (လက်သစ်) ကို အာရုံကျနေတဲ့သူတချို့ ရှိနေလို့ပါ။

၂၀၀၃ မှာ အီရတ်ကို ဘုရှ်အစိုးရက ဝင်တိုက်တော့ ဗမာပြည်ကိုလည်း 'ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ လွတ်လပ်မှုတို့အတွက် ဝင်တိုက်ပေးပါ' လို့ ရေးသူတချို့ ရှိတယ်။ အဲဒါကို 'ကြွက်မနိုင် ကျီးမီးရှို့ခိုင်း' တဲ့နည်းပဲလို့ ဗကပ က ပြောတော့ (ကွယ်လွန်သူ) ကြေးမုံဦးသောင်းက 'ဗကပ လဒလား၊ ဒေါင်းလား' ရေးဖူးတယ်။

ဒီအတွေးအခေါ်မျိုးက ကြေးမုံဦးသောင်း တယောက်တည်းရှိတာ မဟုတ်ဘူး။

ကိုလိုနီ (ဟောင်း) ဆိုတာ ၁၉ ရာစုပုံစံပဲ။ ၂၀ ရာစုမှာလုပ်လို့ မရပါဘူး။ ဒါကြောင့် ကိုလိုနီ (သစ်) ပုံစံ လုပ်နေကြတာပါ။ သစ်သစ် ဟောင်းဟောင်း ကိုလိုနီလုပ်ကြတာပါပဲ။

• • • • • • • • • • • • • • • • • • • • • • • • • •



# မာ့က်စ်ဝါဒကို ဘက်စုံ စွမ်းစွမ်းတမံ ကောင်းမွန်ပြခဲ့သူ ... အိန်ဂယ်

ပြီးခဲ့တဲ့ ၂၀၁၀ ခုနှစ်ဟာ အိန်ဂယ်ရဲ့ ၁၉၀ ပြည့်နှစ်ဖြစ်တယ်။ သူ့ရဲ့ တသက်တာဟာ ကွန်မြူနစ်ဝါဒ သဘောတရား ထူထောင်တဲ့ တသက်တာ၊ ကွန်မြူနစ်ဝါဒ အရေးတော်ပုံကို လက်တွေ့အကောင်အထည်ဖော်ပြီး ကွန်မြူနစ်ဝါဒအပေါ် သစ္စာရှိတဲ့ တသက်တာ ဖြစ်တယ်။ မာ့က်စ်ဝါဒကို စတင်ထူထောင်သူတဦးဖြစ်သလို၊ ခေတ်သစ်ဆိုရှယ်လစ်ဝါဒရဲ့ အထူးချွန်ဆုံး လူပုဂ္ဂိုလ်များအနက် တဦး ဖြစ်တယ်။ သူဟာ မာ့က်စ်ဝါဒ ထူထောင်သူ၊ မာ့က်စ်ဝါဒကို သက်သေသာဓကများဖြင့် ရှင်းလင်းဖွင့်ဆိုပြခဲ့ပြီး၊ မာ့က်စ်ဝါဒ ကနဦး ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ် တခုလုံးမှာ ပါဝင်ခဲ့သူ၊ မာ့က်စ်ဝါဒကို ဘက်စုံ ထူးထူးကဲကဲ အကျိုးပြုခဲ့သူ ဖြစ်တယ်။

### ၁။ မာ့က်စ်ဝါဒကို မာ့က်စ်နဲ့ အိန်ဂယ်တို့ အတူတကွ ပူးပေါင်းထူထောင်ခဲ့ခြင်း

“တူညီတဲ့ ရည်မှန်းချက်အတွက် လုပ်အားထုတ်လုပ်ခြင်းဖြင့် မိမိကိုယ်မိမိ မွန်မြတ်သူဖြစ်အောင် ပြောင်းလဲနိုင်သူကို ကြီးမြတ်တဲ့ လူပုဂ္ဂိုလ်အဖြစ် သမိုင်းက အသိအမှတ်ပြုလိမ့်မယ်”လို့ မာ့က်စ်က ပြောခဲ့ဖူးတယ်။ အိန်ဂယ်ဟာ အဲဒီလို ကြီးမြတ်တဲ့ လူပုဂ္ဂိုလ်ဖြစ်တယ်။

### – အနုပဋိလောမ ရုပ်ဝါဒကို အတူတကွ ထူထောင်ခဲ့ခြင်း

မာ့က်စ်နဲ့ အိန်ဂယ်တို့ဟာ ၁၈၄၂ မှ ၁၈၄၄ ခုနှစ်အတွင်း စိတ်ဝါဒမှ ရုပ်ဝါဒသို့၊ ဒီမိုကရေစီဝါဒမှ ကွန်မြူနစ်ဝါဒသို့ ကူးပြောင်းမှု ၂ ရပ်ကို မတူတဲ့ နည်းနာများဖြင့် လက်တွေ့အကောင်အထည်ဖော်ခဲ့ကြတယ်။ စာအုပ်တွေ အတူတကွ ရေးသားကြ၊ သဘောတရားသစ်တွေကို အတူတကွ တီထွင်ဖန်တီးကြ ထူထောင်ခဲ့ကြတယ်။ ၁၉ ရာစု ၄၀ ခုနှစ်များ အလယ်ပိုင်းကာလလောက်မှာ သူတို့ဟာ “မွန်မြတ်တဲ့ မိသားစုကြီး” နဲ့ “ဂျာမန်တွေးခေါ်ယူဆမှု”ဆိုတဲ့ စာအုပ် ၂ အုပ်ကို ပူးပေါင်းရေးသားခြင်းအားဖြင့် အဘိဓမ္မာဆိုင်ရာ အရင်းခံ ပြုပြင်ပြောင်းလဲမှုကို အကောင်အထည်ဖော်လိုက်ကြတယ်။ ဟီဂယ်ရဲ့ အဘိဓမ္မာထဲက “မှန်ကန်ကိုက်ညီတဲ့ အနှစ်သာရ”တွေကို စုပ်ယူပြီး “အနုပဋိလောမနည်းနာ”ကို ဖန်တီးခဲ့တာပါ။ ဟီဂယ်ရဲ့ အဘိဓမ္မာထဲမှ စိတ်ဝါဒကို ဖြုံးဝါးဘတ်ရဲ့ ရုပ်ဝါဒဖြင့် အစားထိုးလိုက်ခြင်းအားဖြင့် ဟီဂယ် တင်ပြခဲ့တဲ့ သမိုင်းရေးတာဝန်ကို ပြီးမြောက်စေခဲ့ပြီး အနုပဋိလောမရုပ်ဝါဒကို ဖန်တီးထူထောင်ခဲ့ကြတာပါ။

### – လူသားသမိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု တရားတွေကို အတူတကွ တွေ့ရှိခဲ့ခြင်း

မာ့က်စ်နဲ့ အိန်ဂယ်တို့ဟာ ၁၈၄၅ မှ ၁၈၄၆ အထိ ၆ လကျော် အချိန်ကာလကို အသုံးပြုပြီး "ဂျာမန်တွေးခေါ်ယူဆမှု" ဆိုတဲ့ ကျမ်းကို ရေးသားပြုစုခဲ့တယ်။ သူတို့ဟာ အနုပဋိလောမ ရုပ်ဝါဒကို အသုံးချပြီး လူသားသမိုင်းကို စူးစမ်းလေ့လာခဲ့တယ်။ မျက်မှောက်ခေတ် အရင်းရှင်စနစ် လူ့အဖွဲ့အစည်းရဲ့ လက်ငင်းအခြေအနေများကို ခွဲခြမ်းစိတ်ဖြာခဲ့ရာမှ လူသားသမိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုတရားများကို တွေ့ရှိခဲ့တယ်။ အဲဒါကတော့ သမိုင်းရုပ်ဝါဒအမြင် ဖြစ်ပါတယ်။ ၁၈၅၉ မှာ မာ့က်စ် ရေးခဲ့တဲ့ "နိုင်ငံရေးဘောဂဗေဒ ဝေဖန်ရေး"စာအုပ် နိဒါန်းမှာ သူတို့တွေ့ရှိခဲ့တဲ့ လူသားသမိုင်း ဖွံ့ဖြိုးတိုးတက်ရေး တရားတွေကို ဂန္ထဝင်ကျမ်းအဖြစ် ပထမဆုံး ဖော်ထုတ်ရေးသားခဲ့တယ်။ "လူတွေဟာ မိမိတို့ အသက်ရှင်နေထိုင်ရေး ဖြစ်တဲ့ လူ့အဖွဲ့အစည်းကုန်ထုတ်လုပ်မှုအတွင်း မိမိတို့ စိတ်ဆန္ဒနဲ့ မဆိုင်ဘဲ လူမှုဆက်ဆံရေး အပြောင်းအလဲတွေ မလွှဲသာ မရှောင်သာ တစုံတရာ ဖြစ်ပေါ်စေခဲ့တယ်။ ဆိုလိုတာက သူတို့ရဲ့ ရုပ်ဝတ္ထုကုန်ထုတ်စွမ်းအားစုဟာ မိမိနဲ့ အပြန်အလှန် ကိုက်ညီတဲ့ ကုန်ထုတ်ဆက်ဆံမှုကို ဖြစ်ပေါ်စေခဲ့တယ်" ဆိုတာပါပဲ။ သူတို့ရဲ့ ဒီတွေ့ရှိချက်ဟာ "လူသားသမိုင်းရဲ့ လျှို့ဝှက်ချက်ကို ဖွင့်ချလိုက်တာ ဖြစ်တယ်။ လူသားလူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုမှာ မိမိရဲ့ ပကတိဘာဝတရားတွေ ရှိနေတယ်။ အဲဒါတွေဟာ လူသားလူ့အဖွဲ့အစည်း အခြေခံပဋိပက္ခတွေရဲ့ လှုပ်ရှားမှုတရားဥပဒေတွေအတိုင်း လိုက်နာဆောင်ရွက်တာဖြစ်တယ်လို့ ဖော်ထုတ်ပြခဲ့တယ်။

### –သိပ္ပံနည်းကျ ကွန်မြူနစ်ဝါဒသဘောတရားကို အတူတကွ ထူထောင်ခဲ့ခြင်း

၁၉ ရာစု ၄၀ ခုနှစ်များမှာ ဥရောပဟာ ပဒေသရာဇ်စနစ်မှ အရင်းရှင်စနစ် ကူးပြောင်းရေးကာလကို ရောက်ရှိနေပါပြီ။ စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒ တွေးဆချက်များလည်း ပေါ်ထွက်နေပါတယ်။ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုတရားတွေနဲ့ သဘာဝတရားတွေဟာ မတူကြပါဘူး။ သဘာဝတရားတွေဟာ အလိုအလျောက်ဖြစ်ပေါ် အကောင်ထည်ပေါ်လာတာပါ။ လူ့အဖွဲ့အစည်း တရားတွေကတော့ အကောင်အထည်ပေါ်လာဖို့ဆိုရင် တစုံတခုသော လူမှုရေးအင်အားစုများ ရှိဖို့လိုအပ်ပါတယ်။ အလုပ်သမားလူတန်းစားဟာ ဆင်းရဲဒုက္ခအနက်ရှိုင်းဆုံး ခံရတဲ့သူတွေဖြစ်လို့ စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒီတွေနဲ့ ကြည့်မြင်ပုံချင်း မတူကြပါဘူး။ မာ့က်စ်နဲ့ အိန်ဂယ်တို့က လူ့အဖွဲ့ အစည်းရဲ့ မျှော်လင့်ချက်တွေကို အလုပ်သမားလူတန်းစားအပေါ် ပုံအပ်ထားကြတယ်။ အိန်ဂယ်ဟာ ၁၈၄၄ မှာ "နိုင်ငံရေးဘောဂဗေဒ ဝေဖန်ချက်အညွှန်း"နဲ့ ၁၈၄၅ ခုမှာ "ဗြိတိန်အလုပ်သမား လူတန်းစားအခြေအနေ" ဆိုတဲ့ ကျမ်းများမှာ သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ ယေဘုယျမူတချို့ကို ရေးသားဖော်ပြလိုက်တယ်။ ၁၈၆၇ မှာ မာ့က်စ် ရေးသားပြီးစီးခဲ့တဲ့ "အရင်းကျမ်း" ပထမတွဲအတွင်း အခစားအလုပ်နဲ့ ပတ်သက်လို့ ခွဲခြမ်းစိတ်ဖြာကာ အစွန်းထွက်တန်ဖိုးသဘောတရားကို ထူထောင်လိုက်ပါတယ်။ ဒါဟာ ကြီးမြတ်တဲ့ ဒုတိယတွေ့ရှိမှု ဖြစ်တယ်။ သူတို့ဟာ ဆိုရှယ်လစ်စနစ်ရဲ့ လူမှုရေးအရ ကိုယ်စားပြုသူအဖြစ် အလုပ်သမားလူတန်းစားကို တွေ့ရှိလိုက်ပါတယ်။ မျက်မှောက်နေရှင်လူတန်းစားနဲ့ ဆန့်ကျင်ဘက်လူတန်းစားများအတွင်း ပစ္စည်းမဲ့လူတန်းစားသာလျှင် တကယ်စစ်မှန်တဲ့ တော်လှန်တဲ့ လူတန်းစားဖြစ်တယ်။ ကျန်တဲ့လူတန်းစားတွေဟာ စက်မှုလုပ်ငန်းကြီးတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ တနေ့တခြား ဆုတ်ယုတ်ပျက်စီး ချုပ်ငြိမ်းသွားလိမ့်မယ်လို့ သူတို့က ရှင်းရှင်းလင်းလင်း ညွှန်ပြလိုက်တယ်။ ပစ္စည်းမဲ့လူတန်းစားဟာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုရဲ့ အထွက်ပစ္စည်း ဖြစ်တယ်။ အရင်းရှင်စနစ် ကမ္ဘာဟောင်းကို တွန်းလှန်ပစ်ပြီး ဆိုရှယ်လစ်စနစ် ကမ္ဘာသစ်ကို ထူထောင်ရေး ကြီးမြတ်တဲ့ သမိုင်းပေးတာဝန်ကို တာဝန်ခံသူဖြစ်တယ်။ ဒီလိုနဲ့ ဆိုရှယ်လစ်ဝါဒကို စိတ်ကူးယဉ်မှ သိပ္ပံနည်းကျအဖြစ်သို့ ဖြစ်ထွန်းတိုးတက်စေခဲ့တယ်။ ၁၈၇၅ မှာ မာ့က်စ်က "ဂိုသာလုပ်ငန်းစဉ် ဝေဖန်ချက်"ကျမ်းနဲ့ ၁၈၇၅ မှာ အိန်ဂယ်က "ဒူးရင်းဆန့်ကျင်ရေး" ကျမ်းတို့ကို ရေးသားလိုက်ခြင်းအားဖြင့် ကွန်မြူနစ်ဝါဒ သဘောတရား ထူထောင်ရေးကို အတူတကွ ပြီးပြည့်စုံသွားစေခဲ့တယ်။

### – ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီကို အတူတကွ ထူထောင်ခဲ့ခြင်း

ပရပ်ရှားမှာ နေထိုင်စဉ်က အိန်ဂယ်နဲ့ မာ့က်စ်တို့ဟာ ဂျာမန်ကွန်မြူနစ်များရဲ့ အဖွဲ့ချုပ်ကို ထူထောင်ကြတယ်။ ၁၈၄၇ မှာ ကွန်မြူနစ်များရဲ့ မဟာမိတ်အဖွဲ့မှာ ပါဝင်ကြပြန်တယ်။ ၎င်းအဖွဲ့အစည်း ပြန်လည်ဖွဲ့စည်းရေးအတွက် ညီလာခံ ၂ ကြိမ် ကျင်းပခြင်းနဲ့ "ကွန်မြူနစ်များရဲ့ မဟာမိတ်အဖွဲ့ စည်းမျဉ်းဥပဒေ"ကို အတည်ပြုခြင်းအားဖြင့် ကမ္ဘာပေါ်မှာ ပထမဆုံး ပစ္စည်းမဲ့လူတန်းစား နိုင်ငံရေးပါတီ မွေးဖွားလာစေခဲ့တယ်။ ၁၈၄၈ ဖေဖော်ဝါရီမှာ "ကွန်မြူနစ်ပါတီ ကြေညာစာတမ်း"ကို အတိအလင်း ထုတ်ဝေခဲ့တယ်။ ဒါဟာ မာ့က်စ်ဝါဒ တနည်းအားဖြင့် သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ ပေါ်ပေါက်

လာခြင်းရဲ့ မှတ်တိုင်ဖြစ်တယ်။ ကွန်မြူနစ်များရဲ့ မဟာမိတ်အဖွဲ့ဟာ မိမိရဲ့ သမိုင်းပေးတာဝန်ကို အခြေခံအားဖြင့် ပြီးမြောက်ပြီးနောက် ၁၈၅၂ မှာ မိမိဘာသာ ဖျက်သိမ်းကြောင်း ကြေညာခဲ့တယ်။ ၁၉ ရာစု ၆၀ ခုနှစ်ပိုင်းများမှာ လေးနက်တဲ့ သမိုင်းအဓိပ္ပာယ်ဆောင်တဲ့ နိုင်ငံရေးဖြစ်ရပ် ၂ ခု ဖြစ်ပေါ်ခဲ့ဖူးတယ်။ (၁) ၁၈၆၁ မှာ အမေရိကန် ပြည်တွင်းစစ် ဖြစ်တယ်။ (၂) ပိုလန်ပြည်သူတွေက ဇာဘုရင် ရုရှားကို ပုန်ကန်တယ်။ ၁၈၆၃ မှာ ပိုလန်အလုပ်သမားများရဲ့ လက်နက်ကိုင် ပုန်ကန်မှု ပေါ်ပေါက်လာတယ်။ ၁၈၆၄ စက်တင်ဘာ ၂၈ မှာ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ပိုလန်၊ ဆွစ်ဇာလန်တို့ရဲ့ လန်ဒန်ကိုယ်စားလှယ်များဟာ လန်ဒန် – မာတင်မှာ စုစည်းပြီး ပိုလန်အလုပ်သမား ပုန်ကန်မှုကို ထောက်ခံကြောင်း ကြေညာပြီး 'နိုင်ငံတကာ အလုပ်သမားအဖွဲ့ချုပ်' ထူထောင်ရေးကို ဆုံးဖြတ်ကြတယ်။ မာ့က်စ်ဟာ ဂျာမန်အလုပ်သမား ကိုယ်စားလှယ် ဗဟိုကော်မတီဝင်အဖြစ် အရွေးခံရတယ်။ ၁၈၇၀ မှာ အိန်ဂယ်ဟာ လန်ဒန်သို့ ရွှေ့ပြောင်းနေထိုင်ရန် ဆုံးဖြတ်လိုက်တယ်။ နိုင်ငံတကာ အထွေထွေကောင်စီဝင် ဖြစ်ခဲ့ရာမှ ဗဟိုကော်မတီဝင် ဖြစ်လာပါတယ်။ အဲဒီအချိန်က စလို့ မာ့က်စ်နဲ့ အိန်ဂယ်တို့ဟာ နိုင်ငံတကာ အလုပ်သမား လှုပ်ရှားမှုရဲ့ ကြီးမြတ်တဲ့ ရှေ့ဆောင်ဆရာကြီးတွေ ဖြစ်လာပြီး သိပ္ပံနည်းကျ ကွန်မြူနစ်ဝါဒ လှုပ်ရှားမှုကို စတင်ထူထောင်ခဲ့သူများအဖြစ် ကမ္ဘာသူ ကမ္ဘာသားများက အသိအမှတ်ပြုလာကြပါတယ်။

**၂။ မာ့က်စ် တအိမ်ထောင်လုံးရဲ့ နေထိုင်မှုဘဝကို စီးပွားရေးအရ အစွမ်းကုန် ကူညီထောက်ပံ့ပေးပြီး မာ့က်စ်ရဲ့ ဉာဏ်ပညာ ထက်မြက်မှုအရ တီထွင်ဖန်တီးရေးသားမှု စွမ်းအားများကို အပြည့်အဝ ဖြစ်ထွန်းစေခဲ့ခြင်း**

၁၈၄၈ တော်လှန်ရေး ရှုံးနိမ့်သွားပြီးနောက် မိမိရဲ့ သဘောတရားသစ်များကို ပိုမိုခိုင်မာတဲ့ သိပ္ပံနည်းကျ အချက်အလက်များဖြင့် သက်သေထူပြရေးအတွက် မာ့က်စ်ဟာ အချိန်အများစုနဲ့ ကိုယ်အားဉာဏ်အားတွေကို နိုင်ငံရေးဘောဂဗေဒ စူးစမ်းလေ့လာရေးဘက်မှာ ခြေစုံပစ် မြှုပ်နှံထားတော့တယ်။ စူးစမ်းလေ့လာရေးမှာ လိုအပ်တဲ့ အချိန်နဲ့ ဘဏ္ဍာရေးအင်အား ဖူလုံရေးလုပ်ငန်းတွေဟာ အိန်ဂယ်ရဲ့ ပခုံးပေါ် ကျရောက်လာပါတယ်။ အိန်ဂယ်လည်း ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းဘက်ကို ဝင်ရောက်လုပ်ကိုင်ရတော့တယ်။ ဒီထူးခြားတဲ့ လုပ်ငန်းခွင်က သူတို့ရဲ့ ဘုံလုပ်ငန်းအတွက် ထူးခြားတဲ့ ကောင်းမှုတွေ ပြုနိုင်ခဲ့တယ်။ ဒီကနေ မာ့က်စ်နဲ့ တခြားတော်လှန်ရေးသမားတွေကို စီးပွားရေး အထောက်အပံ့တွေ ပေးနိုင်ခဲ့တယ်။ ဒီကာလအတွင်း မာ့က်စ်နဲ့သူဟာ လူတွေက တနေရာစီ ရောက်နေကြပေမယ့် စိတ်ချင်းက တူညီတဲ့ ယုံကြည်ချက်အပေါ်မှာ ဆက်နွယ်နေတယ်။ အချိန်တွေ နေရာတွေ ခြားထားပေမယ့် သူတို့ ၂ ယောက်ရဲ့ အတွေးအခေါ်အရ ကူးလူးဆက်ဆံမှုကို တားမထားနိုင်ပါဘူး။ အခုတိုင် ရှိနေသေးတဲ့ ပေးစာ ၁၃၈၆ စောင်ရဲ့ အများပိုင်းဟာ အဲဒီကာလတုန်းက စာရေးအဆက်အသွယ်ပြုထားတာ ဖြစ်တယ်။ မိမိ မိသားစုအပါအဝင် မာ့က်စ်မိသားစုနဲ့ စီးပွားရေးအရ ကြုံတွေ့နေရတဲ့ ပါတီဝင်တွေရဲ့ အခက်အခဲတွေကို ကျော်နင်းနိုင်ရေးအတွက် နေထိုင်မှုဘဝရဲ့ ရေသောက်မြစ်ဖြစ်တဲ့ ဒီကြီးလေးတဲ့တာဝန်ကို အိန်ဂယ်ဟာ ကြံ့ခိုင်ရဲဝံ့စွာ ထမ်းဆောင်ခဲ့တယ်။ ၁၈၅၁ မှ ၁၈၆၉ အထိ မာ့က်စ်လက်ခံရရှိခဲ့တဲ့ အိန်ဂယ်ပေးပို့လာတဲ့ ငွေစုစုပေါင်းမှာ ၃,၁၂၁ ပေါင် ဖြစ်ပါတယ်။ အဲဒီကာလများအတွင်း မာ့က်စ်သုံးစွဲငွေ စုစုပေါင်းမှာ ၁၂,၀၀၀ ပေါင် နီးနီးရှိတယ်။ မိမိဘာသာ စုဆောင်း ရရှိငွေ ၈,၂၅၀ ပေါင် ရှိပါတယ်။ အိန်ဂယ်က "New York Daily Tribune" သတင်းစာအတွက် စာတမ်း ၁၂၀ ကို မာ့က်စ်ကိုယ်စား တာဝန်ခံ ရေးသားခဲ့တယ်။ ဒီလိုနည်းနဲ့ စာမူခရတဲ့ ငွေကြေးကို မာ့က်စ်ထံ ပို့ပေးနိုင်ခဲ့လို့ မာ့က်စ်မိသားစုအတွက် တည်ငြိမ်တဲ့ ဝင်ငွေ ရရှိစေပါတယ်။ နေထိုင်မှုဘဝကို တင့်တောင့်တင့်တယ်ရှိအောင် မြှင့်တင်ပေးနိုင်ပါတယ်။ မာ့က်စ်ဟာ မူလက "အရင်းကျမ်း" ပုံနှိပ်ထုတ်ဝေပြီးရင် နေထိုင်မှုဘဝအတွက် ငွေကြေးအထောက်အပံ့ ရနိုင်လိမ့်မယ်လို့ တွက်ဆထားခဲ့တာပါ။ လက်တွေ့မှာ စာမူခရတဲ့ ငွေက သိပ်နည်းနေတာမို့ အိန်ဂယ်ကပဲ တသက်ပတ်လုံး ငွေကြေးအရ နှစ်စဉ်ထောက်ပံ့ခဲ့ရတယ်။ ၁၉ ရာစု ၆၀ ခုနှစ်များမှာ အိန်ဂယ်ဟာ သေတမ်းစာတစောင် ရေးသားထားခဲ့ဖူးတယ်။ သေတမ်းစာမှာ သူသာ အရင်သေသွားခဲ့ရင် မာ့က်စ်အား သူရဲ့ ပစ္စည်းဥစ္စာနေအားလုံး အမွေဆက်ခံသူအဖြစ် ရေးသားဖော်ပြထားခဲ့ပါတယ်။ မာ့က်စ်ကို သူ့ရဲ့ မွေးရာပါ ဉာဏ်ပညာထက်မြက်မှုအရ ရေးသားပြုစုနိုင်စွမ်းတွေ အပြည့်အဝ ဖြစ်ထွန်းစေရေးအတွက် မာ့က်စ်ကို စီးပွားရေးအရ အစွမ်းကုန် အထောက်ကူပေးခဲ့တယ်။

အိန်ဂယ်ဟာ အဲဒီကာလအတွင်း မာ့က်စ်ကို "အရင်းကျမ်း" ပြုစုရေးဖြစ်စဉ်နဲ့ နိုင်ငံတကာ အလုပ်သမားလူတန်းစားရဲ့ ကွန်မြူနစ်ဝါဒလှုပ်ရှားမှုမှာ ပါဝင်နိုင်ရေးအတွက် တောက်လျှောက်ဂရုစိုက်ပေးခဲ့တယ်။ ၁၈၉၂ အိန်ဂယ်ရဲ့ ပြန်လည်သတိရမိခြင်း စာအုပ်ထဲမှာ "မာ့က်စ်ဟာ ဗြိတိန်ပြတိုက်မှာ နှစ်ပေါင်းများစွာ သုတေသနပြုမှု ရလဒ်များကို 'နိုင်ငံရေးဘောဂဗေဒဝေဖန်ချက်–ပထမတွဲ'

(၁၈၅၉ –ဘာလင် ပုံနှိပ်) အဖြစ် ၁၈၅၉ မှာ ပုံနှိပ်ထုတ်ဝေတယ်။ ဒါပေမဲ့ အဲဒီအတွဲ ပုံနှိပ်ပြီးပြီးချင်း လုံးဝရှင်းလင်းသွားအောင် မလုပ်နိုင်ဘဲ နောင်စာအုပ်ခွဲတွေအတွက် အခြေခံအတွေးအခေါ်ဖြစ်ထွန်းတိုးတက်မှုအတွင်းမှ အသေးစိတ်အချက်တွေကို တွေ့ရှိလိုက်တာကြောင့် လုပ်ငန်းတာဝန်တွေကို ချက်ချင်း အသစ်တဖန် စတင်လိုက်တယ်။ ဒီလိုနဲ့ တောက်လျှောက်လုပ်ဆောင်ခဲ့ရာ ၁၈၆၇ မှာ 'အရင်းကျမ်း' ပထမတွဲ (အရင်းရှင်စနစ် ကုန်ထုတ်လုပ်ရေးဖြစ်စဉ်) ကို ပုံနှိပ်ပါတယ်''လို့ ရေးထားတယ်။ အရင်းကျမ်း ရေးသားပြုစုတဲ့ ဖြစ်စဉ်အတွင်း အိန်ဂယ်လည်း ပါဝင်ခဲ့တယ်။ ပဏာမစာမူရေးတဲ့ ဖြစ်စဉ်အတွင်း အိန်ဂယ်က အချက်အလက်တွေ အထောက်အကူပြု ပေးခဲ့သလို စနစ်ထူထောင်ရေးနဲ့ အရေးကြီးပြဿနာတွေ စူးစမ်းလေ့လာရေးမှာလည်း ပါဝင်ခဲ့တယ်။ ၁၈၆၇ ဩဂုတ် ၁၆၊ ညဉ့်နက် သန်းခေါင်မှာ အရင်းကျမ်း ပထမတွဲရဲ့ နောက်ဆုံးတရွက် စစ်ဆေးလို့ ပြီးသွားတဲ့နောက် ''ခင်ဗျားရဲ့ အနစ်နာခံ ကိုယ်ကျိုးစွန့်လွှတ်မှုတွေ မရှိခဲ့ရင် ဒီအရင်းကျမ်း ၃ တွဲကို ရေးသားပြုစုတဲ့ ရောမလုပ်ငန်းတာဝန်ကြီးကို လုံးဝပြီးမြောက်နိုင်မှာ မဟုတ်ပါဘူး''လို့ မာ့က်စ်ဟာ အိန်ဂယ်ထံကို အိန်ဂယ်ရဲ့ နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့တဲ့ ရောမကောင်းမှုပြုချက်တွေအပေါ် အူလှိုက်သည်းလှိုက် ကျေးဇူးတင်ပါကြောင်း ချက်ချင်းရေးသား ဖော်ပြခဲ့တယ်။ လီနင်ကလည်း ''အိန်ဂယ်ရဲ့ အနစ်နာခံ ကိုယ်ကျိုးစွန့်လွှတ်ပြီး ငွေကြေးအဆက်မပြတ် ထောက်ပံ့မှုတွေ မရှိခဲ့ရင် မာ့က်စ်ဟာ အရင်းကျမ်းကို ဘယ်နည်းနဲ့မှ အဆုံးသတ်နိုင်မှာ မဟုတ်သလို ဆင်းရဲမွဲပြာကျလို့ မုချသေဆုံးရပါလိမ့်မယ်''လို့ ဆိုပါတယ်။

**၃။ အရန်ဇာတ်ကောင်ကနေ အဓိကဇာတ်ကောင် အဖြစ် ပြောင်းပြီး ဂန္ထဝင် မာ့က်စ်ဝါဒကို နောက်ဆုံး ပြီးပြည့်စုံစေခဲ့သူ ဖြစ်လာခြင်း**

၁၈၈၃ မာ့က်စ်ကွယ်လွန်သွားပြီးနောက် အိန်ဂယ်ဟာ ဂန္ထဝင် မာ့က်စ်ဝါဒကို တီထွင်ဖန်တီးခဲ့သူ တယောက်အနေနဲ့ မာ့က်စ်ဝါဒရဲ့ ''ဒုတိယလူ''အဖြစ်ကနေ မာ့က်စ်ဝါဒရဲ့ အဓိကဇာတ်ကောင် ဖြစ်လာပါတယ်။ သူဟာ ခေတ်ကာလရဲ့ ဖြစ်ထွန်းတိုးတက်မှုအတိုင်း သိပ္ပံနည်းကျ ကွန်မြူနစ်ဝါဒ သဘောတရား လှုပ်ရှားမှုကို ရှေ့သို့ဆက်လက်တွန်းဆော်ပေးခဲ့တယ်။ မာ့က်စ်နဲ့သူ စတင်ထူထောင်ခဲ့တဲ့ လမ်းကြောင်းအတိုင်း နိုင်ငံတကာ အလုပ်သမားလှုပ်ရှားမှု ရှေ့သို့ချီတက်ရေး သမိုင်းပေးတာဝန်ကို တဦးတည်းညွှန်ကြား ရှေ့ဆောင်ထမ်းရွက်ခဲ့တယ်။

ဦးစွာအားဖြင့် သူနဲ့ မာ့က်စ်တို့ မပြီးဆုံးသေးတဲ့ လုပ်ငန်းတွေကို အဆုံးသတ်ရေး လုပ်ရတယ်။ ပထမဆုံး တာဝန်ကတော့ အရင်းကျမ်းကို အဆုံးသတ်ရေးပါပဲ။





အရင်းကျမ်း ဒုတိယတွဲနဲ့တတိယတွဲ ပုံနှိပ်ရေးတာဝန်ကို အိန်ဂယ်ဟာ အကြံကုန်ဉာဏ်ကုန်ထုတ်ပြီး အဆုံးသတ်ရေး ကြိုးစားခဲ့ တယ်။ အရင်းကျမ်းဒုတိယတွဲ ပြုစုရေးကို ၁၈၈၄ မှ ၁၈၈၅ အထိ ၂ နှစ်နီးပါး ပြုစုပြီး ၁၈၈၅ ဇူလိုင်မှာ တရားဝင် ပုံနှိပ် ခဲ့တယ်။ တတိယတွဲကတော့ ၁၀ နှစ်နီးပါ ပြုစုခဲ့ရတယ်။ ၁၈၉၄ ဒီဇင်ဘာနဲ့ ၁၈၉၅ မတ်လမှာ ၂ ပိုင်းခွဲ ပုံနှိပ်ခဲ့တယ်။ ဒါနဲ့ တချိန်တည်းမှာ "အိမ်ထောင်စု ပုဂ္ဂလိကပိုင်စနစ်နဲ့ နိုင်ငံတော် ရဲ့ မူလအစ"ဆိုတဲ့ ကျမ်းကို ၁၈၈၄ မှာ ပြန်လည် ထုတ်ဝေခဲ့တယ်။ ဒီစာအုပ်ဟာ သမိုင်းဦးဘုံအဖွဲ့ ပေါ်ထွန်း လာမှု၊ ဖြစ်ထွန်းတိုးတက်လာမှုနဲ့ ယိုယွင်းပျက်ပြား သွားရမှုကို သုံးသပ် ဝေဖန်တင်ပြဆွေးနွေးထားပါတယ်။ ပုဂ္ဂလိကပိုင်စနစ် အခြေခံပေါ်မှာ လူတန်းစားအတိုက်အခံဖြစ်မှုနဲ့ လူတန်းစား စိုးမိုးမှုရဲ့ ကိရိယာဖြစ်တဲ့ နိုင်ငံတော်ရဲ့ မူလအစနဲ့ အနှစ်သာရ တို့ကိုလည်း ထုတ်ဖော်တင်ပြလိုက်တယ်။ ပုဂ္ဂလိကပိုင်စနစ်၊ လူတန်းစားနဲ့ နိုင်ငံတော်ကွယ်ပျောက်ပြီး ဆိုရှယ်လစ်စနစ် အောင်ပွဲခံမယ့် မုချသဘောဆောင်တဲ့လက္ခဏာတွေကို ဖော်ညွှန်းထောက်ပြထားတယ်။ ခေရှင်လူတန်းစား ပညာရှင် တွေ၊ လာဆာဝါဒ၊ မင်းမဲ့ဝါဒနဲ့ ပတ်သက်တဲ့ နိုင်ငံတော် ပြဿနာဆိုင်ရာ ယုတ္တိမဲ့ပြောလုံးတွေ ကို ဝေဖန်ခဲ့တယ်။ ၁၈၈၆ မှာ ထုတ်ဝေခဲ့တဲ့ "လူးဝစ်ဖျူးဝါးဘတ်နဲ့ ဂျာမန်ဂန္ထဝင် အဘိဓမ္မာရဲ့နိဂုံး" ဆိုတဲ့ကျမ်းဟာ အိန်ဂယ်ရဲ့ နောက်ပိုင်း ဘဝမှာ မာ့က်စ်ဝါဒကို ဘက်စုံက နိဂုံးချုပ်ချက် ပြုလုပ်ခဲ့ခြင်း ဖြစ်ပြီး မာ့က်စ်ဝါဒကို အဘိဓမ္မာအရ နိဂုံးချုပ်တဲ့တာဝန် အခြေခံအားဖြင့် ပြီးဆုံးသွားမှုဖြစ်တယ်။ ဒီစာအုပ် ၂ အုပ် ဟာ အရင်းကျမ်းနဲ့ ဒူးရင်းဆန့်ကျင်ရေး ပုံနှိပ်ထုတ်ဝေပြီး နောက် ဆိုရှယ်လစ်ဝါဒရဲ့ အရေးကြီးဆုံးကျမ်း တွေ ဖြစ်တယ်။ ဒါတွေဟာ မာ့က်စ်နဲ့အိန်ဂယ်တို့ သမိုင်းဦးဘုံခေတ်ကို သုတေသနပြုမှုအတွင်းက ထင်ရှားတဲ့ရလဒ်တွေ ဖြစ်တယ်။ သမိုင်းရုပ်ဝါဒအမြင် ထူထောင်ရေးနဲ့ ခိုင်မာရေးအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍ အမိပ္ပာယ်ဆောင်တယ်။

## ၄။ မာ့က်စ်ဝါဒကို ခေတ်နဲ့အညီ ဖြစ်ထွန်း တိုးတက်ရေးနဲ့ ကာကွယ်ရေး

အိန်ဂယ်ဟာ မာ့က်စ်ဝါဒကို ကာကွယ်ရာမှာ ဉာဏ်ပညာပြည့်စုံတဲ့ ကာကွယ်စောင့်ကြပ်သူပီပီ ဘာကူနင်ရဲ့ မင်းမဲ့ဝါဒကို ဝေဖန်ရေးအတွက် "အာဏာသဘောတရား" စာတမ်းကို ရေးခဲ့တယ်။ ဒီစာတမ်းက ဘယ်လို အာဏာမျိုး လိုအပ်သလဲဆိုတဲ့ ပြဿနာကို ဖြေကြားခဲ့တယ်။ ဒူးရင်း လေလုံးထွားနေတဲ့ သူ့ရဲ့ "ကွန်မြူနစ်ဝါဒအသစ်"ကို ဝေဖန် ရေးနဲ့ မာ့က်စ်ရဲ့ သိပ္ပံနည်းကျ ကွန်မြူနစ်ဝါဒကို ကာကွယ်ရေး အတွက် ၁၈၇၇ ကစတင်ပြီး အိန်ဂယ်ဟာ မာ့က်စ်ရဲ့ ဂရုစိုက်မှုနဲ့ ကူညီမှုအောက်မှာ အချိန် ၂ နှစ်လောက်ယူပြီး ဝေဖန်ရေးစာတမ်း အများအပြား ရေးခဲ့တယ်။ နောက်ဆုံးမှာ အဲဒါတွေကို စုစည်းပြီး "ဒူးရင်းဆန့်ကျင်ရေး"ကျမ်းအဖြစ် ပုံနှိပ်ထုတ်ဝေခဲ့တယ်။ မာ့က်စ်ဝါဒကို ဆန့်ကျင်တဲ့ ဒူးရင်းရဲ့ အမြင်တွေဟာ နယ်ပယ်စုံပြီး အလွန်ကျယ်ပြန့်တယ်။ ဒါကြောင့် အိန်ဂယ်ဟာ သိပ္ပံပညာဆိုင်ရာ အသိပညာတွေကို ကျယ်ကျယ်ပြန့်ပြန့် မွှေနှောက် အသုံးချခဲ့ရတယ်။ အိန်ဂယ်က "ဒါကြောင့် အဆိုးဘက်က ဝေဖန်မှုဟာ အပြုသဘော ဆောင်တဲ့ ဝေဖန်မှုဖြစ်လာတယ်။ သဘောတရားရေးတိုက်ပွဲ ဟာ မာ့က်စ်နဲ့ကျွန်တော်တို့ ဆုပ်ကိုင်ထားတဲ့ အနုပဋိလောမ နဲ့ ကွန်မြူနစ်ဝါဒ ကမ္ဘာ့အမြင်ကို ပိုမိုပြည့်စုံတဲ့ ရှင်းလင်းဖွင့်ဆို ချက်တွေအဖြစ် ပြောင်းသွားခဲ့တယ်"လို့ ဆိုပါတယ်။

အိန်ဂယ်က ကွန်မြူနစ်ဝါဒဟာ မြင့်မြင့်မားမား ဖွံ့ဖြိုးပြီးဖြစ်တဲ့ ကုန်ထုတ်စွမ်းအားစု အခြေခံပေါ်မှာ တည် ဆောက်ရမှာလို့ ယူဆခဲ့တယ်။ "ကျွန်တော်တို့ဟာ အဆက် မပြတ် ဖွံ့ဖြိုးတိုးတက်ရေး သဘောတရားရေးဝါဒီတွေ ဖြစ်တယ်"။ ဆိုရှယ်လစ်ဝါဒဟာ "တခြားလူမှုစနစ်တွေလိုပဲ အမြဲတမ်း ပြောင်းလဲနေပြီး ပြုပြင်ပြောင်းလဲနေတဲ့ လူ့အဖွဲ့ အစည်းအဖြစ် ကြည့်မြင်ရမယ်"။ မာ့က်စ်ဝါဒဟာ လူသား တွေရဲ့ သမိုင်းဖွံ့ဖြိုးတိုးတက်ရေး တရားတွေနဲ့ သက်ဆိုင်တဲ့ သဘောတရားစနစ် ဖြစ်တယ်။ ဆိုလိုတာက ကုန်ထုတ် ဆက်ဆံရေးဟာ ကုန်ထုတ်စွမ်းအားစု အခြေအနေနဲ့ လိုက်လျောညီထွေ ရှိရမယ်ဆိုတဲ့ တရား၊ အပေါ်ထပ် အဆောက်အအုံဟာ စီးပွားရေး အခြေခံအုတ်မြစ်နဲ့ ဆီလျော်မှုရှိရမယ်ဆိုတဲ့ တရား၊ ကုန်ထုတ်လုပ်မှုကို လုပ်အား အချိုးအတိုင်း၊ အချိန်သုံးစွဲမှု အချိုးအတိုင်း ဆီလျော်စွာ ခွဲဝေ ရမယ်ဆိုတဲ့ တရားတွေ ဖြစ်တယ်။ မာ့က်စ်ဝါဒ ကိုယ်တိုင်ဟာ ဖွံ့ဖြိုးတိုးတက်နေတဲ့ သဘောတရားဖြစ်တယ်။ (၁) မာ့က်စ်၊ အိန်ဂယ်ရဲ့ သဘောတရားဟာ ရှေးကလူတွေ စုဆောင်းထား ခဲ့တဲ့ အပြုသဘောဆောင်တဲ့ အကျိုးရလဒ်တွေရဲ့ ဖြစ်ထွန်း

တိုးတက်လာမှု ဖြစ်တယ်။ (၂) ၁၉ ရာစု ၄၀ ခုနှစ်များမှာ သဘောတရားအဖြစ် ထုထောင်ခဲ့တာတွေကို ဘဝတသက် တာမှာ ပြီးပြည့်စုံခဲ့တာ ဖြစ်တယ်။ (၃) သူတို့ဟာ မိမိတို့ရဲ့ သဘောတရား တစ်ခုလုံးကို တဆင့်တက် စူးစမ်းလေ့လာ ရေးက အစချီပြီး အဲဒီလို စူးစမ်းလေ့လာမှုတွေကို အသုံးချတဲ့ နည်းနာများကို အတောက်အကူပြုရေးအဖြစ် ရှုမြင်ခဲ့ကြတယ်။

မာ့က်စ်ဝါဒ ဂန္ထဝင်ကျမ်းပြုဆရာတွေဟာ အရင်း ရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းရေးနဲ့ ပတ်သက်တဲ့ ထွန်းပြောင်တဲ့ အကဲဖြတ်ချက် တစီတတန်းကြီး တင်ပြခဲ့တာ၊ ဆိုရှယ်လစ်စနစ်နဲ့ ပတ်သက်တော့လည်း ဖွဲ့စည်းပုံ စိတ်ကူး စံတွေ တင်ပြခဲ့တာ ရှိပါတယ်။ ဒါပေမဲ့ မျှော်လင့်စီမံထားချက်နဲ့ အကဲဖြတ်ချက် တင်ပြမှုတွေဟာ အနောက်တိုင်းဖွံ့ဖြိုးပြီး အရင်းရှင်စနစ်ရဲ့ လက်တွေ့အခြေအနေတွေ ဖြစ်တာကြောင့် အဓိက မှီငြမ်းကိုးကားစရာ အကဲဖြတ်ချက်တွေအဖြစ်သာ ရရှိခဲ့ပါတယ်။ အိန်ဂယ်တို့ နေထိုင်ခဲ့တဲ့ခေတ်ဟာ တကယ် တော့ သဘာဝသိပ္ပံမှာ ရောမအောင်မြင်မှုတွေနဲ့ နည်းပညာ တွေ တိုးတက်ရေး တွန်းဆော်မှုတွေ ရရှိခဲ့လို့ ကုန်ထုတ် စွမ်းအားစု ဖြစ်ထွန်းတိုးတက်ရေးကို တွန်းဆော်ပေးတဲ့ခေတ် ဖြစ်တယ်။ သိပ္ပံပညာ တော်လှန်ရေးနဲ့ စက်မှုလုပ်ငန်း တော်လှန်ရေးကြီးတွေ ခြေလှမ်းကျဲကျဲနဲ့ ပြိုင်တူဖြစ်ပေါ်ခဲ့လို လူ့အဖွဲ့အစည်းတခုလုံးရဲ့ ရုပ်သွင်အပြောင်းအလဲတွေကို ဖြစ်ပေါ်ခဲ့ပါတယ်။

မာ့က်စ်နဲ့ အိန်ဂယ်တို့ရဲ့ အကြီးမားဆုံး စွမ်းဆောင် အောင်မြင်ချက်ကို ဖော်ပြပါဆိုရင် သမိုင်းရုပ်ဝါဒအမြင် ဖြစ်တယ်။ သမိုင်းရုပ်ဝါဒအမြင်က လူ့အဖွဲ့အစည်းဟာ သဘာဝအရ မုချကျေနပ်ဖြစ်မှု၊ ခိုင်မြဲလှတဲ့ တရားတွေအရ ဖြစ်ထွန်းတိုးတက်လာမှုဖြစ်တယ်လို့ ယူဆတယ်။ လူ့အဖွဲ့ အစည်းအတွင်း အကျိုးသက်ရောက်မှုရှိတဲ့ လှုပ်ရှားမှုတွေက တီထွင်သူတွေအတွက် သစ်လွင်တဲ့ နည်းပညာသစ် အသီး အပွင့်တွေ အင်အားရှိစွာ၊ အဆက်မပြတ် ရရှိစေခြင်းကြောင့် ကုန်သည်များအား ကူးသန်းရောင်းဝယ်ရေးနဲ့ ဈေးကစား အမြတ်ထုတ်ရေး စီမံဆောင်ရွက်ချက် စတာတွေကို အတင်း အဓမ္မဆောင်ရွက်စေတယ်။ အိန်ဂယ်ဟာ ၁၉ ရာစု နှောင်းပိုင်း ကမ္ဘာ့စီးပွားရေး၊ ဒုတိယအကြိမ် နည်းပညာတော်လှန်ရေး ကြောင့် အရင်းရှင်ကမ္ဘာမှာ ဖြစ်ပွားခဲ့တဲ့ ပြောင်းလဲမှု အသစ် တွေ၊ အကဲဖြတ်ချက်အသစ်တွေကို ကြုံတွေ့ရင်ဆိုင်ခဲ့ရပြီး မာ့က်စ်ဝါဒ ကြွယ်ဝရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေး ကြီးတဲ့ ကောင်းမှုအသစ်တွေ ဆောင်ရွက်ခဲ့တယ်။

၁၉ ရာစုနောက်ပိုင်း အနှစ် ၃၀ အတွင်းမှာ အရင်း ရှင်စနစ်ဟာ လွတ်လပ်စွာ ယှဉ်ပြိုင်မှုမှ လက်ဝါးကြီးအုပ် အဆင့်သို့ စတင်ဖြစ်ထွန်းခဲ့တယ်။ အရင်းရှင်စနစ်နိုင်ငံ ဟောင်းကြီးတွေဖြစ်တဲ့ ဗြိတိန်၊ ပြင်သစ်တို့မှာ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးသွားပြီး ဗြိတိန်က ကမ္ဘာကြီးကို လက်ဝါးကြီးအုပ် ထားမှု အဆင့်နေရာ စတင်ဆုံးရှုံး လက်လွှတ်လာနေရတယ်။ ထွန်းသစ်စ အရင်းရှင်နိုင်ငံများအဖြစ် အမေရိကန်၊ ဂျာမနီနဲ့ ရုရှားတို့မှာ စက်မှုတော်လှန်ရေးများ အောင်မြင်ပြီးသွားပြီး ကုန်ထုတ်လုပ်ရေးမှာ နည်းပညာသစ်တွေနဲ့ ရှေ့တန်းရောက် လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ အလွန့်အလွန် မြန်ဆန် လာတယ်။ အိန်ဂယ်က "နှစ်ပေါင်း ၃၀ နီးပါး တကမ္ဘာလုံးမှာ ဖော်ပြနေတာကတော့ ယခုထက်တိုင် လယ်ယာလုပ်ငန်း သက်သက် နိုင်ငံတွေအတွင်းသို့ ခေတ်မီစက်မှု လုပ်ငန်းရဲ့ ရောမကြီးမားလှတဲ့ ကုန်ထုတ်စွမ်းအားစုတွေဟာ တိုတောင်း လှတဲ့ အချိန်တိုအတွင်း ကူးဆက်သွားရုံမက ခိုင်ခိုင်မာမာ အမြစ်တွယ်ခဲ့တယ်။ အဲဒီနောက် ဒီအခြင်းအရာတွေ နေရာ တိုင်းမှာ ပြင်းထန်စွာ ပေါ်ထွက်လာတယ်လို့" ဆိုပါတယ်။ အဲဒီကနေ အိန်ဂယ်ဟာ အရင်းရှင်စနစ် လွတ်လပ်စွာ ယှဉ်ပြိုင်တဲ့ စီးပွားရေးစနစ်မှ လက်ဝါးကြီးအုပ် အရင်းရှင် စနစ်သို့ ဖြစ်ထွန်းတိုးတက်သွားတဲ့ ထူးခြားချက်အသစ်များ အရ ခေတ်နောက်ကျတဲ့နိုင်ငံတွေမှာ ဆိုရှယ်လစ်တော်လှန် ရေး ရွှေ့ပြောင်းသွားပြီဆိုတဲ့ ကောက်ချက်သစ်ကို တင်ပြ လိုက်တယ်။

**သူ့ရဲ့ တသက်တာဟာ**
**ကွန်မြူနစ်ဝါဒသဘောတရား**
**ထူထောင်တဲ့ တသက်တာ၊**
**ကွန်မြူနစ်ဝါဒ အရေးတော်ပုံကို**
**လက်တွေ့အကောင်အထည်ဖော်ပြီး**
**ကွန်မြူနစ်ဝါဒအပေါ်**
**သစ္စာရှိတဲ့ တသက်တာ ဖြစ်တယ်**



မာ့က်စ်ဝါဒ ပင်ကိုယ်ဟာ အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေတဲ့ သဘောတရားဖြစ်ပြီး မာ့က်စ်ဝါဒကို စတင်တီထွင်ဖန်တီးခဲ့သူ တယောက်အနေနဲ့ အိန်ဂယ်ဟာလည်း အဆက်မပြတ် တိုးတက်နေသူ ဖြစ်တယ်။ လူသားသမိုင်း ဖွံ့ဖြိုးတိုးတက်ရာမှာ လူသားလူ့အဖွဲ့အစည်းဟာ ရှေ့သို့တိုးတက်သွားပြီး လူသားတွေကိုယ်တိုင်လည်း အဆက်မပြတ် ပြောင်းလဲသစ်လွင်လာရသလို ခေတ်တွေလည်း ပြောင်းလဲသွားရတာ ဖြစ်တယ်။ “လူသားသမိုင်း ဖွံ့ဖြိုးတိုးတက်မှု တရားဥပဒေတွေ”ကို ကိုယ်စားပြုသူဖြစ်တဲ့ မာ့က်စ်ဝါဒဟာ ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်သွားစေရမယ်။

အိန်ဂယ်ရဲ့ တသက်တာဟာ ကွန်မြူနစ်ဝါဒ သဘောတရား ဖန်တီးတည်ထောင်တဲ့ တသက်တာဖြစ်သလို ကွန်မြူနစ်ဝါဒ လက်တွေ့ အကောင်အထည်ဖော်တဲ့ လုပ်ငန်းနဲ့ သစ္စာစောင့်သိတဲ့ ကွန်မြူနစ်တယောက်အဖြစ် လုပ်ဆောင်ခဲ့တဲ့ တသက်တာဖြစ်တယ်။ အရင်တုန်းကတော့ အိန်ဂယ်ဟာ မာ့က်စ်နဲ့အတူတကွ ပူးပေါင်းပြီး အနုပဋိလောမ ရုပ်ဝါဒကို ထူထောင်ခဲ့တယ်။ လူသားသမိုင်း ဖွံ့ဖြိုးတိုးတက်မှု တရားတွေကို အတူတကွ တွေ့ရှိခဲ့ကြတယ်။ သိပ္ပံနည်းကျ ကွန်မြူနစ်ဝါဒသဘောတရားကို အတူတကွ ထူထောင်ခဲ့ကြတယ်။ ကွန်မြူနစ်ဝါဒ နိုင်ငံရေးပါတီကို အတူတကွ စတင်ထူထောင်ခဲ့ကြတယ်။ ကွန်မြူနစ်ပါတီကြေညာစာတမ်းကို အတူတကွ ရေးသားခဲ့ကြတယ်။ နိုင်ငံတကာ အလုပ်သမားလူတန်းစားရဲ့ ကွန်မြူနစ်ဝါဒ လှုပ်ရှားမှုကို အတူတကွ ရှေ့ဆောင်ညွှန်ပြခဲ့ကြတယ်။ မာ့က်စ် ကွယ်လွန်သွားပြီးနောက် အိန်ဂယ်ဟာ ကွန်မြူနစ်ဝါဒ လှုပ်ရှားမှုရဲ့ အဓိကဇာတ်ကောင် ဖြစ်လာတယ်။ ပထမဦးဆုံး မာ့က်စ် လက်စသတ်မသွားသေးတဲ့ အလုပ်တွေကို အဆုံးသတ်ရတယ်။ တချိန်တည်းမှာ အခြေအနေသစ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့အညီ အနုပဋိလောမရုပ်ဝါဒ၊ သမိုင်းရုပ်ဝါဒနဲ့ ကွန်မြူနစ်ဝါဒတို့ကို ခေတ်နဲ့အညီ တိုးတက်စေခဲ့တယ်။ သူဟာ အရင်းရှင်စနစ်ရဲ့ လွတ်လပ်စွာယှဉ်ပြိုင်မှုမှ လက်ဝါးကြီးအုပ်မှုအဆင့်သို့ ပြောင်းလဲလာတဲ့ ထူးခြားချက်အသစ်အရ ဆိုရှယ်လစ်တော်လှန်ရေးဟာ ခေတ်နောက်ကျတဲ့ နိုင်ငံများသို့ ရွှေ့ပြောင်းသွားမှု ဆိုတဲ့ အကဲဖြတ်ချက်အသစ်ကို ရေးသားထုတ်ဖော်ခဲ့တယ်။

ချုပ်လိုက်ရင် အိန်ဂယ်ရဲ့ တသက်တာဟာ ဂန္ထဝင်မာ့က်စ်ဝါဒ ထူထောင်မှု၊ အထောက်အထားများဖြင့် သက်သေထူပြမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ် တခုလုံးမှာ ပါဝင်ခဲ့ပြီး ဘက်စုံကနေ ထူးကဲတဲ့ ရောမကောင်းမှုကြီးတွေကို ပြုခဲ့သူဖြစ်တယ်။

**ကိုးကား–မျက်မှောက်ကမ္ဘာနဲ့ ဆိုရှယ်လစ်ဝါဒ ဂျာနယ် (၂၀၁၀ အမှတ် ၅)**

# နိုင်ငံရေးမှာ လည်သူစားစတမ်းလား

"နိုင်ငံရေးဆိုတာလည်တဲ့လူစားစတမ်းပဲ"ဆိုတဲ့အပြောကို တလောက ပီပီပြင်ပြင်ပြောတာ ပြန်ကြားလာရပါတယ်။ စာနဲ့ ပေနဲ့ ရေးတာကို တွေ့ရတာလို့ဆိုရင် ပိုမှန်ပါမယ်။

ဒီစကားကိုပြောနေရေးနေကြတာဟာ ကြာလှပါပြီ။ ကျွန်တော်နိုင်ငံရေးကို စိတ်ဝင်စားကတည်းကလို့ပဲ ဆိုပါစို့။ ပြောတဲ့သူတွေနဲ့ ပြောတဲ့အချိန်တွေ မတူသလို အဓိပ္ပာယ်တွေလည်း ကွဲတယ်လို့ ထင်ပါတယ်။ တချို့ကတော့ ကိုယ်တိုင်နိုင်ငံရေးလုပ်သူ မဟုတ်ဘဲ နိုင်ငံရေးသမားတွေ လုပ်တာကို မကျေနပ်လို့ မှတ်ချက်ချတာပါ။ ဒါမျိုးကို ခွင့်လွှတ်နားလည်နိုင်ပါတယ်။ တချို့ကတော့ ကိုယ်ကိုယ်တိုင်နိုင်ငံရေးနဲ့ မကင်းသူဖြစ်ပြီး အဲဒီလို ကြွေးကြော်လုပ်နေသူတွေ ဖြစ်ပါတယ်။ ဒီလိုပြောတာကျတော့ စဉ်းစားစရာဖြစ်လာပါတယ်။

အားလုံးသိတဲ့ အတိုင်းပဲ ဗမာစကားမှာ "လည်တယ်" ဆိုတာရော "လူလည်" ဆိုတာမှာပါ အဓိပ္ပာယ်နှစ်မျိုး ရှိပါတယ်။ တမျိုးက ချီးကျူးတာဖြစ်ပြီး နောက်တမျိုးက အပြစ်တင်တာ ဖြစ်ပါတယ်။ ဒါပေမဲ့ လူလည်ကျတယ်ဆိုတာကတော့ မကောင်းတဲ့ အဓိပ္ပာယ်တမျိုးပဲ ထွက်ပါတယ်။ နောက်ပြီး လည်တဲ့လူ စားတယ်ဆိုတဲ့ စကားထဲက စားတယ်ဆိုတဲ့အဓိပ္ပာယ်ကရော။ ဘယ်လို အဓိပ္ပာယ် ရောက်ပါသလဲ။ စားတယ်၊ လျော်တယ်ဆိုတာ လောင်းကစားနယ်ပယ်က အသုံးစကားပါ။ ပန်းစားတယ်၊ မီးစားတယ် (မီးမောင်းအောက်မှာ ကြည့်ကောင်းတယ်) ဆိုတဲ့ ကောင်းတဲ့အဓိပ္ပာယ်တွေ အနည်းအကျဉ်းရှိပါတယ်။ ဒါပေမဲ့ ဒီ "လည်တဲ့လူ စားတယ်" ဆိုတဲ့ အသုံးအနှုန်းက လာဘ်စားတယ်၊ ငွေစားတယ်၊ ချူစားတယ် စတဲ့ မကောင်းတဲ့ အဓိပ္ပာယ်တွေနဲ့ ပိုနီးပါတယ်။ ဒီနေရာမှာ စားတယ်ဆိုတာကို နိုင်ငံရေးလောကရဲ့ အသုံးအနှုန်းတခုအနေနဲ့ပဲ စဉ်းစားပါမယ်။ ဒီနေရာမှာ တချို့လူကတော့ ကိုယ်ပင့်ချင်တဲ့ လူကို "ထက်" တယ်လို့ သုံးတတ်ပါတယ်။ မှန်ပါတယ်။ "ထက်" တယ် ဆိုတာ "လည်" တယ်ဆိုတာထက် နားထောင်လို့ ကောင်းပါတယ်။ ဒါပေမဲ့ "လည်" တာလား၊ "ထက်" တာလား ဆိုတာကတော့ သေချာပြန်စောကြောဖို့ လိုပါတယ်။ ဗမာစကားမှာက "ခေါးထက်တယ်" ဆိုတာလည်း ရှိသေးတယ် မဟုတ်ပါလား။

တကယ်ကျတော့ စီးပွားရေးပဲဖြစ်စေ၊ နိုင်ငံရေးပဲဖြစ်စေ တကယ်တမ်းလူလည်လုပ်နိုင်တာဟာ ငွေအရင်းအနှီးအကြီးကြီး ရှိသူတွေနဲ့ အာဏာပါဝါရှိသူတွေသာလုပ်နိုင်တယ်ဆိုတာ တွေ့ရပါလိမ့်မယ်။ ကိုယ့်မှာ ဘာမှမရှိဘဲ လူလည်လုပ်လို့ ဘယ်လောက်မှ လမ်းမပေါက်၊ မထိရောက်ပါဘူး။ အဖိနှိပ်ခံပြည်သူတယောက်ဟာ အာဏာရအစိုးရအပေါ် လူလည်ကျလို့ ရသလား။ ထောက်လှမ်းရေးရဲ့ စစ်ဆေးရေးစခန်းမှာ အဖမ်းခံနေရတဲ့သူဟာ ထောက်လှမ်းရေးကို မပြောဘဲ နေတယ်ဆိုတာဟာ လည်လို့မဟုတ်ပါဘူး။ အဓိကဟာ နိုင်ငံရေးယုံကြည်ချက်ကြောင့် အနစ်နာခံတာ ဖြစ်ပါတယ်။

မှန်ပါတယ်။ နိုင်ငံရေးဆိုတာအကွက်မြင်ရပါတယ်။ အကင်းပါးရပါတယ်။ တိမ်တောင်သဖွယ်မင်းရေးကျယ်တဲ့ နိုင်ငံရေးဟာ ကွယ်ဝှက်နေတာတွေကလည်းများ၊ အပြောင်းအလဲတွေကလည်း များလှ၊ မြန်လှတာမို့ နိုင်ငံရေးလုပ်တဲ့လူတွေဟာ အင်မတန်နိုင်ငံရေး အကင်းပါးဖို့ လိုပါတယ်။ ဒါပေမဲ့ အခုပြောနေကြတဲ့ နိုင်ငံရေးမှာ "လည်" တယ်ဆိုတာက အဓိကအားဖြင့် ကိုယ်နေရာရဖို့၊ တဦးဦးကို

တိုက်ပစ်ဖို့ လုပ်တာတွေ ဖြစ်နေပါတယ်။

နိုင်ငံရေးလုပ်တာကို ကိုယ်ကျိုးနဲ့ခွဲထားတဲ့၊ ကိုယ်ယုံကြည်တဲ့အရေးတော်အတွက် ဘဝတခုလုံးကို ပုံထားတဲ့လူတွေအတွက်တော့ "လည်"တယ်ဆိုတဲ့အလုပ်မျိုးကို စဉ်းတောင်မစဉ်းစားပါဘူး။ လုပ်ဖော်ကိုင်ဖက်ချင်း၊ ကိုယ့်ကိုလိုလားသူတွေ၊ ကိုယ်လေးစားတဲ့ပြည်သူတွေအပေါ် သစ္စာရှိရပါတယ်။ သူတို့အပေါ်လူ "လည်"ကျဖို့ လုံးဝမတွေးရပါဘူး။

နိုင်ငံရေးသမိုင်းမှာ ပြည်သူတွေလေးစားကြည်ညိုတဲ့ နိုင်ငံရေးသမားတွေ ရှိပါတယ်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်ဗဟိန်း စသူတွေ။ သူတို့ရဲ့နိုင်ငံရေးသမိုင်းမှာ လည်လို့စားခဲ့တယ်ဆိုတာ မရှိခဲ့သလို သူတို့ကို နိုင်ငံရေးအရ အကင်းမပါးသူ၊ နုံအသူလို့လည်း အပြောမခံခဲ့ရပါဘူး။ သူတို့လိုပဲ နိုင်ငံရေးကို ရိုးရိုးသားသား၊ လေးလေးနက်နက်၊ တည်တည်ကြည်ကြည် ကြည်လုပ်ခဲ့လို့ ကွယ်လွန်သွားပြီးတဲ့နောက်မှာ လူတွေကအသိအမှတ်ပြုတာခံရတဲ့ တခြားနိုင်ငံရေးခေါင်းဆောင်တွေနဲ့ နိုင်ငံရေးသမားတွေ အများကြီးရှိပါတယ်။

သူတို့နဲ့ပြောင်းပြန် ဗမာပြည်နိုင်ငံရေးမှာ အင်မတန်လည်တယ်၊ လူလည်ကျတယ်လို့ နာမည်ရခဲ့သူတချို့ ရှိပါတယ်။ ဖဆပလ မိုးကောင်းနေတုန်းက နိုင်ငံရေးအရ လည်တယ်ဆိုတဲ့လူတွေဟာ အာဏာအရှိန်သုံးပြီး အတိုက်အခံတွေကို ဖမ်းဆီးခဲ့တာ၊ နှိမ်ခဲ့တာ၊ သတ်ဖြတ်ခဲ့တာ လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့အာဏာနဲ့ ကင်းကွာသွားတဲ့အခါမှာကျတော့ မ"လည်"တော့ပါဘူး။ တကယ်တမ်း ကိုယ်ကအောက်ဘက်ကို ရောက်တဲ့အခါကျတော့ နိုင်ငံရေးကိုတောင် စွန့်လွှတ်သွားကြပါတယ်။ ကျားကြီးတွေ ကြောင်ကလေးဖြစ်သွားတာ တွေ့ခဲ့ဖူးပြီ မဟုတ်ပါလား။

တခြားမပြောနဲ့ ဗမာပြည်ရဲ့ ဒီဘက်ခေတ် နိုင်ငံရေးမှာ လည်လှတယ်လို့ နာမည်ကြီးလှတဲ့ ဗိုလ်နေဝင်းကိုပဲ ကြည့်ပါ။ အာဏာကိုလည်း ရထား၊ စစ်တပ်ကိုလည်း ကိုင်ထားလေတော့ "လည်"ချင်တိုင်း "လည်"လို့ ရခဲ့တယ် မဟုတ်ပါလား။ ၁၉၅၈ ခုနှစ်မှာ ဦးနုကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနဲ့အညီ အာဏာလွှဲပေးခိုင်းခဲ့တာ၊ အတုအယောင်ငြိမ်းချမ်းရေးစေ့စပ်ပွဲတွေ အကြိမ်ကြိမ်ခေါ်ခဲ့တာ၊ သူ့လက်အောက်က လူတွေကို ခွဲခြားအုပ်ချုပ်ထားတာ၊ ရန်ကုန် တကသ အဆောက်အဦး ဖြိုခွဲတဲ့ တာဝန်ကို သူများအပေါ်ပုံချတာ၊ နံပါတ်တူး – ဆက်ခံသူအဖြစ် ဘယ်သူ့ကိုမှ မထားတာ၊ ဒီနေရာကို လှမ်းလာပြီထင်ရင် ဖြုတ်ပစ်တာ၊ ပြောမကုန်နိုင်အောင်ပါပဲ။ သူဟာ သူ့ကိုယ်သူ လည်တယ်လို့လည်း ယူဆတယ်၊ သူ့လက်အောက်က လူတွေကလည်း အသိအမှတ်ပြုပါတယ်။ ဒါပေမဲ့ သူအာဏာလက်လွှတ်သွားတဲ့ အခါမှာကျတော့ ဘာမှ "လည်" လို့ မရတော့ဘူး မဟုတ်လား။

အဲဒီထက် ပိုဆိုးတာက ဒီ "လည်" တဲ့ လူတွေဟာ သူတို့ကွယ်လွန်သွားတဲ့နောက်မှာ သူတို့ "လည်" ခဲ့တာတွေအပါ သူတို့လုပ် ရပ်တွေနဲ့တကွ သူတို့ကို ရှုတ်ချနေကြတာကို ခံနေရပါတယ်။ "လူလည်"အဖြစ်နဲ့ ကိုယ့်သမိုင်းကို နိဂုံးချုပ်စေလို့ မဖြစ်ပါဘူး။

"လည်" တဲ့ အဲဒီလူတွေဟာ သူများတွေကို ပိပိရိရိလေး ဒုက္ခပေးလိုက်တာ၊ ညက်ညက်ကလေးပြောလိုက်တာ၊ "ပညာသားပါပါနဲ့" ကိုယ့်ရည်ရွယ်ချက်ပေါက်မြောက်အောင် လုပ်လိုက်တာတွေအတွက် အသားယူလေ့ ရှိပါတယ်။ ဒါပေမဲ့ အဲဒီလူတွေဟာ (သူတို့အကျိုးအတွက်) လိုအပ်လာရင် လူတွေကို ရက်ရက်စက်စက်သတ်လေ့ရှိပါတယ်။ လက်သည်မပေါ်အောင် အာဏာနဲ့ ညစ်ပတ်ဖုံးကွယ်တတ်ပါတယ်။ ဒါပေမဲ့ ဒါတွေဟာ သူတို့ကိုသေတဲ့အထိ ပြန်ခြောက်လှန့်တတ်တယ်ဆိုတာ မမေ့သင့်ပါဘူး။ ပမညတ တွေကို သတ်တာ၊ ၇ ရက်ဇူလိုင်မှာ သတ်တာတို့မှာ လက်တွေ့အကောင်အထည်ဖော်တဲ့ တရားခံကို မဖော်ထုတ်နိုင်သေးပေမယ့် ဒါတွေဟာ ဖဆပလ တွေ လုပ်ခဲ့တာ၊ ဗိုလ်နေဝင်းနဲ့ "တော်လှန်ရေးကောင်စီ" က လုပ်ခဲ့တယ်ဆိုတာကတော့ သမိုင်းမှာ မှတ်တမ်းဝင်သွားပါပြီ။

တကယ်တော့ နိုင်ငံရေးလုပ်သူတွေရဲ့ အရည်အသွေးတွေထဲမှာ အရင်းခံအကျဆုံးဟာ ကိုယ်ကျိုးကင်းဖို့၊ ရိုးသားတည်ကြည်ဖို့ ဖြစ်ပါတယ်။ "လည်" တယ်ဆိုသူတွေဟာ ကိုယ်ကျိုးအတွက် လည်ကြတာပါ။ လည်တာလား၊ တကယ်ထက်တာလား ဆိုတာဟာလည်း ကိုယ်ကျိုးကင်းမကင်းဆိုတာကို ဗဟိုပြုစဉ်းစားရမှာ ဖြစ်ပါတယ်။



## နိုင်ငံတကာကဗျာ

# မာရီလင်ဘတ်ခ်

နိုင်ငံတကာကဗျာ

နယ်ချဲ့စနစ်ဆန့်ကျင်ရေးတိုက်ပွဲများမှာ ထိပ်တန်းကပါဝင်ခဲ့တဲ့ ကဗျာဆရာမအဖြစ် အားလုံးက လေးစားကြတဲ့ မာရီလင်ဘတ်ခ် Marylyn Buck တယောက် ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှာဆုံးတော့ သူဟာ ကင်ဆာရောဂါကြောင့် လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ထောင်ပြင်မှာ နေခွင့်ရတာ ရက်ပေါင်းနှစ်ဆယ်ပဲ ရှိပါ သေးတယ်။ ကွယ်လွန်ချိန်မှာ အသက် ၆၂ နှစ် ရှိပြီဖြစ်တဲ့ သူမဟာ အမေရိကန်နိုင်ငံရဲ့ အတင်းကျပ်ဆုံး အကျဉ်းထောင်တွေကို နှစ်ပေါင်း ၂၅ နှစ် တိုင်အောင် တခုပြီးတခု လှည့်ပြီးနေခဲ့ရပါတယ်။ သူမဟာ ပြီးခဲ့တဲ့ ရာစုရဲ့ ၆၀ စုနှစ်များကတည်းကစပြီး ဗီယက်နမ်စစ်ပွဲဆန့်ကျင်ရေးတိုက်ပွဲ၊ ပါလက်စတိုင်း ပြည်သူများရဲ့ လှုပ်ရှားမှုကို ထောက်ခံပွဲ၊ အီရန်ပြည်သူများရဲ့ ရှားဘုရင်ဆန့်ကျင်ရေး၊ မက္ကဆီကိုလူမျိုးများရဲ့ တိုက်ပွဲတွေကို ထောက်ခံပွဲစတာတွေမှာ တက်တက်ကြွကြွ ပါဝင်ခဲ့ပါတယ်။ အဲဒီနောက်တော့ သူဟာ ကျောင်းသား ဒီမိုကရက်တစ်အစည်းအရုံး (Students for a Democratic Society) မှာ အဖွဲ့ဝင် ဖြစ်လာခဲ့ပါတယ်။

ဒါ့အပြင် သူဟာ ကျားသစ်နက်ပါတီ (Black Panther Party)၊ နောင်မှာ လူမည်းလွတ်မြောက်ရေး တပ်မတော် (Black Liberation Army) တို့မှာ ပါဝင်ပြီး မြေအောက်မှာ လှုပ်ရှားနေခဲ့ပါတယ်။ ဒီလိုနဲ့ သူဟာ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ အမေရိကန် အက်ဖ်ဘီအိုင်ရဲ့ "တန်ပြန်ထောက်လှမ်းရေးစီမံကိန်း"(COINTELPRO)ရဲ့ ပစ်မှတ်ဖြစ်လာခဲ့ပါတယ်။ ဒါပေမဲ့ မာရီလင်ဟာ လူဖြူတယောက်ပါ။ ရာစုနှစ်ပေါင်းများစွာ လူမည်းတွေ ခံစားနေရတဲ့ အသားရောင်ခွဲခြားမှုဒဏ်ကို သဘောပေါက်တဲ့ အမျိုးသမီး တယောက်ပါ။ သူထောင်ထဲမှာ ကင်ဆာရောဂါဖြစ်တော့ အချိန်မီကုသခွင့်မရတာနဲ့ ကင်ဆာကလာပ်စည်းတွေ အလျင်အမြန် ပြန့်ပွားပြီး ကွယ်လွန်ခဲ့ရပါတယ်။

သူမဟာ ထောင်ထဲမှာနေရနေရ၊ ထောင်ပြင်မှာနေရနေရ မတရားမှု အမျိုးမျိုးကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ရုံမက အမြဲပဲ ဇွဲမလျှော့တမ်း ကြိုးစားနေသူလည်း ဖြစ်ပါတယ်။ သူဟာ ထောင်ထဲမှာပဲ တက္ကသိုလ်တွေက စိတ်ပညာ ဘီအေဘွဲ့နဲ့ ကဗျာ အမ်အေဘွဲ့တွေ ရခဲ့ပါတယ်။ သူဟာ ထောင်ပြင်မှာ သူ့အသံ မပြတ်ထွက်နေအောင် ကဗျာတွေ မပြတ်ရေးခဲ့ရာမှာ အမေရိကန် ထောင်တွင်းစာပေ အစီအစဉ် (PEN American Center Prison Writing Program) ရဲ့ ဆုသုံးဆုကို ရရှိခဲ့ပါတယ်။ ဒါ့အပြင် သူဟာ ထောင်ထဲကနေ စာအုပ်တွေ စီဒီအခွေတွေလည်း ထုတ်ခဲ့ပါတယ်။ သူဟာ စပိန်ဘာသာကို ကောင်းကောင်း တတ်ကျွမ်းပြီး ဥရုဂွေး ကဗျာဆရာ ခရစ္စတီနာ ပယ်ရီရော့စီရဲ့ "မြို့ပြမီးရောင်များ"ဆိုတဲ့ ကဗျာစာအုပ်ကို ဘာသာပြန်ခဲ့ပါတယ်။ သူ့မိတ်ဆွေအပေါင်းအသင်းတွေက သူ့အကြောင်းဝက်ဘ်ဆိုက် (http://www.marilynbuck.com/) တခု တင်ခဲ့ပါတယ်။

## ဆေးမင်ကြောင်



အကျဉ်းသားတဦးရဲ့အမြင်– “တုန်လှုပ်မှုနှင့်အံ့ဩခြင်း”ကို ကျမ ဖတ်မိတယ်။

ခင်ဗျားတို့နိုင်ငံဟာ အီရတ်ရဲ့လျှပ်စစ်မီးတွေ၊ ဖုန်းတွေ၊ ရုပ်မြင်သံကြားတွေ၊

ရေတောင်မကျန်အောင် ဖြုတ်ပစ်တယ်။

ကျမတို့နိုင်ငံမှာ လူတယောက်ရဲ့ အဝတ်အစားတွေကို မသိမ်းဘူး၊

လူတယောက်ကို မိုင်ပေါင်းထောင်ချီဝေးတဲ့ဆီ ပို့မပစ်ဘူး။

ဒီမှာတော့ အကျဉ်းသားတွေက တုန်လှုပ်မှုနဲ့အံ့ဩခြင်းကို သိကြတယ်။

ဒီမှာ သူတို့က ကျမကို လုံးတီးချွတ်ပစ်တယ်၊ အကုန်လုံး သိမ်းသွားကြတယ်။
ကျမရဲ့ကလေးတွေပုံပါတဲ့ လော့ကက်သီးလေးကိုသိမ်းသွားကြတယ်။

ကျမ အဆက်ပြတ်သွားရတယ်။

ကံကောင်းတာက သူတို့ကျမရဲ့ဆေးမင်ကြောင်တွေကို ဖြုတ်မထုတ်ခဲ့ဘူး။

သူတို့က ကျမကို ကျမအတ္တဆီကနေ ယူထုတ်သွားကြတယ်။

ကျမရဲ့နာမည်ကို ယူထုတ်သွားပြီးနောက် နံပါတ်တခုပေးခဲ့တယ်။

ရာမို့စ်ဆိုတာပဲ ကျန်ခဲ့တယ်၊ ရာမို့စ် ၇၂၂၈၃–၂၁၂



ကျမဟာ နံပါတ်မဟုတ်ဘူး။ ကျမဟာ ဆာရာမာရီယာရာမို့စ်–ပေါ်တီလို

ဖြစ်တယ်။ နံပါတ် မဟုတ်ဘူး။ ကျမမှာ ဆေးမင်ကြောင်ထိုးထားတာ ရှိတယ်။ ကျမညတိုင်း
ကျမယောက်ျားရဲ့ နာမည်ကို လက်နဲ့စမ်းကြည့်တယ်။

အိန်ဂျယ်လူဝစ္စတဲ့၊ ကျမရဲ့နှလုံးသားပေါ်မှာ နတ်သမီးနတ်သားအတောင်ပံလေးတွေနဲ့။

နောက်ပန်းတွေနဲ့တခုက နှင်းဆီပန်းရုပ်တွေနဲ့ကျမလက်ကောက် ဝတ်ပေါ်မှာ၊
ကျမရဲ့ကလေးတွေဖြစ်တဲ့ လူဝစ္စနဲ့တီနာတို့ရဲ့ နာမည် အတိုကောက်လေးတွေနဲ့။
ဒါတွေကို သူတို့ကျမဆီက ယူမသွားနိုင်ဘူး။

ကျမဘယ်သူဖြစ်တယ်၊ ကျမဘယ်ကလာတယ်ဆိုတာကို ကျမမှတ်မိနေတယ်။

ကျမရဲ့ဘဝဇာတ်လမ်း၊ ကျမရဲ့အရေပြားပေါ်ကဆေးမင်ကြောင်၊ ကျမရဲ့ သီချင်းကို
ကျမအဆုံးရှုံးမခံဘူး။

---

“တုန်လှုပ်မှုနှင့်အံ့ဩခြင်း” စစ်သုံးဝေါဟာရလိုပြောရရင် အမြန်စိုးမိုးသိမ်းပိုက်ခြင်း ဆိုတဲ့အဓိပ္ပာယ် ရပါတယ်။ အများကြီးသာလွန်တဲ့အင်အား၊ ဆက်သွယ်မှု၊ နည်းပညာ စတာတွေနဲ့ တဖက်သားရဲ့ မြင်နိုင်စွမ်းကို ဖျက်ဆီးပစ်ပြီး တိုက်ချင်စိတ်ကိုပါ ဖျက်ဆီးပစ်တယ်ဆိုတဲ့ စစ်တရားဖြစ်ပါတယ်။ ဒီတရားကို ရေးသူတွေက ဟာလန်ကေဦးလ်မန်း (Harlan K. Ullman) နဲ့ ဂျိမ်းပီဝိဒ် (James P. Wade) ဆိုသူတို့ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်ကနေ ၁၉၉၆ ခုနှစ် တုန်းက ထုတ်ခဲ့တာ ဖြစ်ပါတယ်။

## *Tattoos*

A prisoner's observation: I read about "shock & awe,"
your country stripped Iraq: lights, phones, TVs
even the water
in my country, they don't take your clothes
they don't send you thousands of miles away
here prisoners know shock and awe
here they stripped me bare, took everything
my locket with my children's pictures, I'm cut off
lucky they didn't cut off my tattoos
They tried to steal me from myself
took my name, added a number
Only Ramos remains: Ramos 72283-212.
I am not a number I am
Sara Maria Ramos-Portillo,
not a number. I have my tattoos
every night I touch my husband's name,
Angel Luís, with angel's wings
over my heart, and one with flowers,
tiny red roses woven around my wrist
with Tina and Luís my children's initials,
they can't take them away from me
I remember who I am
and where I'm from.
I will not lose my story
My skin tattoos my song.



# နိုင်ငံရေးအရ အကဲဆတ်တဲ့ ပြည်သူလူထု ဆင်းရဲမွဲတေမှုပြဿနာ



## အကဲဆတ်တဲ့ နိုင်ငံရေးပြဿနာတရပ်

ပြည်သူလူထုရဲ့ ဆင်းရဲမွဲတေမှု ပြဿနာ။ ဒီပြဿနာဟာ နိုင်ငံရေးအရ အကဲဆတ်တဲ့ ပြဿနာတရပ်ပါ။

တိုင်းပြည်တိုင်းမှာ ဆင်းရဲမွဲတေတဲ့ ပြည်သူတွေ ရှိနေကြပါတယ်။ ဘယ်တိုင်းပြည်မှာ မဆိုပါ။ အရင်းရှင် တိုင်းပြည်တွေမှာကော။ ဆိုရှယ် လစ်တိုင်းပြည်တွေမှာကော။ ဆင်းရဲမွဲတေသူ အရေအတွက်နဲ့လက္ခဏာတော့ တူကြမယ်မထင်ပါ။ အစိုးရကောင်းတွေ ရှိမယ်။ စနစ်ကောင်းတွေ ရှိမယ်။ အဲဒီမှာရှိတဲ့ ဆင်းရဲမွဲတေတဲ့ ပြည်သူဆိုတာ ပြည်သူကောင်းစားရေးခရီး အတွင်း မလွဲသာတဲ့ အခက်အခဲအဖြစ် မကျော်လွှားနိုင်သေးတဲ့ ပြဿနာပါ။ အဲဒီအစိုးရတွေက ပြည်သူအကျိုးပြုစိတ်ဓာတ်နဲ့ ဒီအခက်ကို ကြိုးစားကျော်နင်းတဲ့ ဖြစ်စဉ်ပါ။ မကောင်းတဲ့စနစ်၊ မကောင်းတဲ့အစိုးရ။ အဲဒီတိုင်းပြည်မှာတော့ စနစ်ကြောင့် အစိုးရကြောင့် ဆင်းရဲမွဲတေ ပြည်သူတွေဆိုတာ ဆက်လက်ကြီးထွားနေတဲ့ ဆုတ်ယုတ်မှု ဖြစ်စဉ်ထဲက တခုပါ။ သူတို့ကတော့ လူကြားကောင်းရုံ လူမြင်ကောင်းရုံ  နံ့သာခြယ် တို့ပတ်ရိုက်တဲ့ အလုပ်ပဲ လုပ်နေကြတာပါ။ အရင်းကို မဖြိုသမျှ မပြိုနိုင်တဲ့ ပြဿနာပါ။

ဘယ်အစိုးရဖြစ်ဖြစ် ဆင်းရဲမွဲတေတဲ့ ပြည်သူတွေ လှိုင်းတက်သလို တရိပ်ရိပ်တက်လာနေတာတော့ မကြိုက်ကြပါဘူး။ မျက်နှာ ပျက်ရပါတယ်။ အရှက်ရပါတယ်။ ဂိုက်ပဲ့ပါတယ်။ ဒါကြောင့် တကမ္ဘာလုံး တိုင်းပြည်တွေက ဆင်းရဲမွဲတေမှု လျှော့ချရေးဆိုပြီး လုပ်နေကြတာ ကြာလှပါပြီ။ ဗမာအစိုးရသစ်ကတော့ အရပ်ဝတ်ပြောင်းဝတ်ချိန်ကျမှ အိပ်ရာက လန့်နိုးပြီး ကယောင်ကတမ်း ထအော်သလို "ဆင်းရဲမွဲတေမှု ဘယ်လောက် လျှော့ချနိုင်ပါပြီ"ဆိုပြီး အော်လာတာပါ။ သူများတိုင်းပြည်နဲ့ မယှဉ်သာတဲ့ မဖြစ်စလောက် စူးစမ်းလေ့လာမှုကလေး လုပ်ထားရုံနဲ့ "ငါကွ"လို့ ထပြီး လက်ခမောင်းခတ်လိုက်တာပါပဲ။

အရင်းရှင်တိုင်းပြည်တွေကလည်း ဆင်းရဲမွဲတေမှုကြီးထွားလာတာကို မွေးရာပါရောဂါမို့ ထွေးပိုက်ထားရပေမယ့် ရွံ့ကြောက်ကြီးပါ။ ဆင်းရဲမွဲတေမှုအထုပ်ကြီးနဲ့တပါတည်း ရာဇဝတ်မှုတွေ ထူပြော၊ မကျေနပ်မှုတွေ တိုးပွား။ အစိုးရဆန့်ကျင်မှုတွေ ဖြစ်။ ဆန္ဒပြမှုတွေ ပေါ်။ အကိုင်မတတ်ရင် ပုန်ကန်မှုတွေ တော်လှန်ရေးတွေအထိ ဖြစ်လာနိုင်ပါတယ်။ တိုင်းပြည်တွင်းမှာ ဆင်းရဲမွဲတေမှု ကြီးထွားလာရာက ကိစ္စအသေးလေးကနေ မီးထတောက်တဲ့အထိ ဖြစ်လာတတ်ပါတယ်။ မီဒီယာတွေ နိုင်ငံရေးအင်အားတွေကလည်း ဒီပြဿနာကို ကောက်ကိုင်ပြီး တိုက်တတ်ပါတယ်။ သူများတိုင်းပြည်ကလည်း ဆင်းရဲမွဲတေမှု ကြီးထွားလာတာကို လက်ညှိုးထိုး အပြစ်တင်တတ်ပါတယ်။ ဒီအချက်တွေကြောင့် ပြည်သူတွေရဲ့ ဆင်းရဲမွဲတေမှုပြဿနာကို နိုင်ငံရေးအရ အကဲဆတ်တဲ့ ပြဿနာလို့ ဆိုရတာပါ။ အစိုးရကလည်း ဒီပြဿနာမှာ အကဲဆတ်ပါတယ်။ ဆင်းရဲမွဲတေမှု

ကြီးထွားနေတာကို ဖုံးဖိထားဖို့ ငွေတွေကုန်နေရတဲ့အထဲ ဒါနဲ့ ပတ်သက်လို့ သူ့ကို အပြစ်တင်ရင် သူ့အရှိက်အထိုးခံရသလို ဖြစ်သွားလို့ပါ။

## ကျားမြီးဆွဲသူ ဘယ်သူလဲ

ဗမာပြည် စစ်အစိုးရဟာ သူများတိုင်းပြည်မှာ အကျယ်အပြန့်လုပ်နေတဲ့ "ဆင်းရဲမွဲတေမှုလျှော့ချရေး" ကို သူလည်း မလွှဲမရှောင်သာ (သူများ အကူအညီနဲ့) အနည်းအပါး လုပ်ထားတာလေးတော့ ရှိပါတယ်။ ဒါပေမဲ့ လတ်တလော ပြဿနာစလိုက်တာကတော့ သမ္မတသစ် ဦးသိန်းစိန်ရဲ့ မတ်လ ၃၀ ရက်၊ ၃၁ ရက်နဲ့ ဧပြီလ ၆ ရက်နေ့ မိန့်ခွန်းတွေပါ။ ပွင့်လင်း ထင်သာမြင်သာရှိမှု၊ တာဝန်ယူမှု၊ အစိုးရကောင်းဖြစ်မြောက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ အလေးထားကုစားလုပ်ဆောင်ရန် လိုအပ်ချက်တွေအဖြစ် – လာဘ်ပေးလာဘ်ယူမှု၊ ဘက်လိုက်မှုနဲ့ အဂတိလိုက်စားမှု၊ ဆင်းရဲချမ်းသာ ကွာဟမှု ကျယ်ပြန့်လာနေခြင်းတွေ ပါရှိပါတယ်။ ဒီတော့ အလုပ်ရုံဆွေးနွေးပွဲတွေ ဆက်တိုက်လုပ်လာရပါတယ်။ သမ္မတက ဒီလို ဖွင့်ပေးလိုက်တယ်လို့ ယူဆရတဲ့ မိန့်ခွန်းကို ပြောလိုက်တော့ တိုင်းပြည်အတွက် မြင်သာမြင် ပြောခွင့်မသာတဲ့ ပညာရှင်တွေကလည်း ဒီမှာတင် တိုင်းပြည်အကျိုးအတွက်ဆိုပြီး သူတို့ စူးစမ်းလေ့လာချက်တွေနဲ့ အမြင်တွေကို တင်ပြလာကြပါတယ်။ အဲဒီအထဲမှာ ဗမာပြည်က ဆင်းရဲမွဲတေမှု လျှော့ချရေး – စာတမ်းကိုတင်လိုက်တဲ့ ပညာရှင်(ဦးမြင့်)လည်း တဦးအပါအဝင်ပါ။

မေးခွန်းတွေ မေးစရာ ရှိလာပါတယ်။ လွတ်ငြိမ်းချမ်းသာခွင့်တောင် ကောင်းမွန်ပီပြင်အောင် လုပ်မပေးနိုင်တဲ့ သမ္မတက ဆင်းရဲမွဲတေမှုပပျောက်ရေးကို တကယ်လုပ်ပေးနိုင်တဲ့ အခွင့်အာဏာ အပြည့်အဝ ရှိပါရဲ့လား။ တကယ်လုပ်လိုတဲ့ စိတ်စေတနာကော ရှိရဲ့လား။ စစ်အုပ်စု တခုလုံးကကော ဒီလိုလုပ်ဖို့ သဘောတူသလား။ ဟန်ပြလုပ်တာပဲ ကိစ္စမရှိပါဘူးလို့ သဘောထားကြမှာလား။ ဟန်ပြလုပ်တယ်ဆို ဦးတောင် ပြဿနာတွေက ပွထလာနေပါတယ်။ ဒီတော့ အရင်လုပ်ထားတဲ့ "စူးစမ်းလေ့လာမှု"ကလေးကို ကိုင်ပြီး ဆင်းရဲမွဲတေမှု ဘယ်လောက်လျော့ ကျသွားပါတယ်ဆိုပြီး ထလုပ်လိုက်ရတယ်။ ဆင်းရဲမွဲတေမှု ပြဿနာဟာ အစိုးရကောင်းဖြစ်ရေးနဲ့လည်း ဆက်စပ်နေပါတယ်။ ဦးသိန်းစိန်က တကယ်ပဲ အစိုးရကောင်းဖြစ်ရေး သန္နိဋ္ဌာန်နဲ့ လုပ်မှာလား။ စစ်အုပ်စုတခုလုံးကို ပြောင်းပစ်နိုင်သလား။ ဦးသိန်းစိန်က စစ်အုပ်စု ပြောင်းလဲဖြိုချရေး လုပ်ဝံ့သလား။ ရင်ဆိုင်ရဲသလား။ စစ်အာဏာရှင်စနစ် မပျက်သရွေ့ အစိုးရကောင်းလည်း မတက်နိုင်ဘူး မဟုတ်လား။ တကယ်လုပ်မယ်ဆိုရင်တော့ ဦးသိန်းစိန် ကျားမြီးဆွဲလိုက်တာ ဖြစ်မှာပါ။ ဒီကိစ္စ ကောင်းကောင်း ဆက်မလုပ်နိုင်ရင်လည်း အရုပ်သားဟန်ပြ စစ်အစိုးရ ဇာတိရုပ် ဘွားဘွားကြီး ငုတ်တုတ်ပေါ်တော့မှာပါ။

ဗမာပြည်ဆင်းရဲမွဲတေမှု ပပျောက်ရေး–စာတမ်းတင်လိုက်တဲ့ ပညာရှင် (ဦးမြင့်) ကလည်း အစိုးရက တကယ်ပဲ လုပ်ပေးမယ်ထင်ပြီး စေတနာနဲ့ သူ့အမြင်ကို ပွင့်ပွင့်လင်းလင်း တင်လိုက်ပုံ ပေါ်ပါတယ်။ ထိန်းထိန်းသိမ်းသိမ်း တင်ပြဟန်ရှိပေမယ့် တချို့ကိစ္စတချို့ပြဿနာတွေကို ပွင့် ပွင့်လင်းလင်း ထုတ်ပြောလိုက်ရတာ ရှိပါတယ်။ သူက သည့်အရင် ဗမာပြည်စီးပွားရေးနဲ့ပတ်သက်တဲ့ စာအုပ်တအုပ် ထုတ်ထားတာလည်း ရှိတယ်ဆိုတော့ တိုင်းပြည်အကျိုးအတွက် သူတတ်နိုင်တဲ့ဘက်က အကျိုးပြုလိုပုံရပါတယ်။ အခုစာတမ်းထဲမှာတော့ မလွှဲမရှောင်သာ ဟိုဝင်တိုးမိ၊ ဒီဝင်တိုက်မိတဲ့ အကြောင်းအရာလေးတွေ ပါပါတယ်။ ဒ့ါအပြင် သူတင်တဲ့အကြောင်းအရာ ကိုယ်နှိုက်က နိုင်ငံရေးအရ အကဲဆတ်တဲ့ပြဿနာ ဖြစ်နေလေတော့ ဒီပညာရှင် ကျားမြီးဆွဲလိုက်သလို ဖြစ်သွားပြီလား။ မကြာသေးမီက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ စာတမ်းဖတ်ပွဲတခုမှာ သူက ဒီမြန်မာပြည် ဆင်းရဲမွဲတေမှုပြဿနာနဲ့ ပတ်သက်ပြီး စာတမ်းဖတ်မယ်စီစဉ်တော့ အစိုးရက တားမြစ်ပိတ်ပင်လိုက်တာနဲ့ အဲဒီပွဲ ပျက်သွားခဲ့ရပါတယ်။

## ဆင်းရဲမွဲတေမှု ကြီးထွားနေတာကို ဝန်မခံရဲဘူးလား

ဒီပညာရှင်ရဲ့ စာတမ်းတွေထဲမှာ ဆင်းရဲမွဲတေမှု ပပျောက်ရေးနဲ့ ပတ်သက်လို့ လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်းတွေကို နိုင်ငံတကာ့ အတွေ့အကြုံတွေနဲ့ အကျယ်အပြန့် တင်ပြထားတာတွေ ပါရှိပါတယ်။ ဆင်းရဲမွဲတေမှုလျှော့ချရေး မဟာဗျူဟာ၊ လက်တွေ့အကောင်အထည်ဖော်မှု လုပ်ငန်း



စဉ်၊ ''မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး ပင်မရင်းမြစ် အဖွဲ့အစည်း တရပ်''တည်ထောင်ဖွဲ့စည်းရေးဆိုတာကနေ စီးပွားရေး ပညာရှင်တွေ ပါဝင်တဲ့ အသင်းနဲ့ ဆက်သွယ်ထားတဲ့ အစုငယ် လေးတခု သမ္မတရုံးနဲ့ ချိတ်ဆက်ထားရမယ်ဆိုတဲ့အထိ ပါတယ်။

အစိုးရသစ်မတက်မီကတည်းက အိမ်ထောင်စု အခြေအနေတွေ စူးစမ်းလေ့လာမှုတရပ် ပြုထားတာကို ဒီပညာ ရှင်က သိထားပါတယ်။ ဒီစူးစမ်းလေ့လာမှုဟာ အခြေခံအရ ရှေ့ဆက်လုပ်ရမယ့် ဆင်းရဲမွဲတေမှုလျှော့ချရေး မဟာဗျူဟာ အတွက် အထောက်အကူ ဖြစ်စေပါတယ်လို့သာ သူက မှတ်ချက်ပြုထားတယ်။ သူ့အတွက် အားရကျေနပ်ဖွယ် ဖြစ်ဟန် မတူပါဘူး။ ဒါကြောင့် သူက ဆင်းရဲမွဲတေမှုတိုင်းတာ ရေးစံချိန်စံညွှန်းတွေကအစ နိုင်ငံတကာက နမူနာတွေနဲ့ အသေးစိတ်တင်ပြနေတာပါ။ အရင်ကလုပ်တဲ့ စိုက်ပျိုးရေး စူးစမ်းလေ့လာချက်တွေအပေါ် သူက သွယ်ဝိုက်ပျက်ရယ်ပြုပုံ ကလေးကလည်း ထိမိရှမိ ရှိပါတယ်။ အဲဒီစူးစမ်းလေ့လာနည်း တွေက အောက်ကစပါးခင်းကို အုန်းပင်ပေါ်ကနေကြည့်ပြီး စိုက်ဧက ဘယ်လောက်၊ အောင်ဧက ဘယ်လောက်၊ တဧကစီ ရဲ့ အထွက်က ဘယ်လောက်၊ မြေသြဇာလိုအပ်မှုက ဘယ် လောက်ဆိုတဲ့ တွက်ချက်ပုံမျိုးပါတဲ့။ အခု နာဂစ်ကြောင့် အုန်း ပင်တွေလည်း သေကုန်ပါပြီ၊ အုန်းပင်ပေါ်က ဆင်းခဲ့ကြပါတော့ တဲ့။ ဒီလိုလုပ်နည်းတွေနဲ့ပဲ စစ်အစိုးရက တလျှောက်လုံး တိုင်းပြည် ဘယ်လောက်တိုး တက်နေတယ်ဆိုပြီး ညာလာခဲ့ တာ မဟုတ်လား။ တကွက်လေး ပြောလိုက်တာဖြစ်ပေမယ့် တခု လုံး သရော်လိုက်သလိုပါပဲ။

သမ္မတကအစ တာဝန်ရှိသူအားလုံး တိုင်းပြည် အကျိုးအတွက် ပြင်းပြတဲ့ဆန္ဒ ဇော၊ ပြင်းပြတဲ့ သန္နိဋ္ဌာန်နဲ့ လုပ် ကြဖို့ သူက တိုက်တွန်းနေပေ မယ့် ဒီလိုလုပ်နိုင်စွမ်း စစ်ဗိုလ် လူထွက်တွေနဲ့ စစ်ဗိုလ်တွေမှာ ရှိပါ့မလား။

အဖြေက ရှင်းပါတယ်။ ပြည်သူတွင်း လေ့လာ စစ်တမ်းကောက်ယူချက်အရ ''ဆင်းရဲမှုနှုန်း ဘယ်လောက်ကျ သွားပါပြီ'' ဆိုပြီး သတင်းစာကနေ(ဇွန်လ ၆ ရက် မြန်မာ့ အလင်း) ထုတ်ပြန်ကြွေးဝါပြလိုက်တာပါပဲ။ (၂၀၀၄–၂၀၀၅ မှာ ဆင်းရဲမွဲတေမှုနှုန်း ၃၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၀၉ –၂၀၁၀ မှာ ၂၆ ရာခိုင်နှုန်းသို့ လျှော့ချလိုက်နိုင်တယ်လို့ ကြေညာ လိုက်တာပါ) သူတို့လေ့လာစူးစမ်းတဲ့ အိမ်ထောင်က ၁၈,၆၆၀ ပဲ ရှိပါတယ်။ ဗီယက်နမ်မှာ မြို့ပေါ်အိမ်ထောင်စု လေ့လာ စူးစမ်းတာတောင် ၁၁၄,၆၃၆ (တသိန်းကျော်) ထိ စူးစမ်း တာပါ။ စူးစမ်းလေ့လာတဲ့ တိုင်းထွာချက်တွေမှာ စံချိန်စံညွှန်း အသစ် ထပ်မံပြင်ဆင်ပြီး ထပ်မံစူးစမ်းလေ့လာနေကြတာပါ။

ဆင်းရဲမွဲတေမှု တိုင်းတာရေးစံချိန်စံညွှန်းဆိုတာ ကလည်း ကိုယ်လိုချင်သလို အမျိုးမျိုး လိုတိုးပိုလျှော့ လုပ်လို့ ရတာမျိုးပါ။ (စံချိန်စံညွှန်း သတ်မှတ်မှုအမျိုးမျိုးအကြောင်း ဒီပညာရှင်က အသေးစိတ်တင်ပြထားပါတယ်။ ဥပမာဆိုရင် တရုတ်ပြည်မှာ တနှစ် ဝင်ငွေ ၁,၁၆၉ ယွမ်ထက် နိမ့်သူတွေကို ဆင်းရဲမွဲတေသူလို့သတ်မှတ်တာ စံချိန်နိမ့်နေတယ်ဆိုပြီး ၂၀၁၁ ခုနှစ်မှာ ၁,၅၀၀ ယွမ်အောက် နိမ့်သူတွေကို ဆင်းရဲ မွဲတေသူလို့ သတ်မှတ်မယ်ဆိုပြီး ပြန်ပြောင်းလိုက်ရတယ်။

ဒီတော့ အရင်က ဆင်းရဲမွဲတေသူ ၂၆ သန်းကျော်ရှိခဲ့ရာက အခု သန်းတရာ နီးပါး ဖြစ်လာတယ်။ ဒါတောင် ပညာရှင်တွေက စံနှုန်းကို ၂,၄၀၀ အထိ ထားပြီး သတ်မှတ်သင့်တယ်လို့ ဝေဖန်နေကြသေးတယ်။ တရုတ်အစိုးရက ဆင်းရဲမွဲတေသူတွေကို ငွေကြေးထောက်ပံ့ကူညီလာခဲ့တာ ၁၉၈၀ ခုကနေ ၂၀၀၇ အထိ တရုတ်ငွေနဲ့တွက်ရင် ဘီလီယံ ၁၆၀ – အမေရိကန်ဒေါ်လာနဲ့တွက်ရင် ၂၄ ဘီလီယံနီးပါး ရှိခဲ့ပါပြီ။ ဒီတော့ ဒေသအာဏာပိုင်တချို့နဲ့ လူထုထဲက တချို့က ထောက်ပံ့ကူညီငွေ တိုးရအောင် ဆင်းရဲမွဲတေမှုစံနှုန်း မြင့်လာတာကိုတောင် ကြိုက်နေကြပါသေးတယ်။) စံချိန်စံညွှန်း နည်းနည်းတိုးတာနဲ့ ဆင်းရဲမွဲတေမှုနှုန်း အများကြီးကွာသွားတယ်ဆိုတာကို အဓိကပြောချင်တာပါ။ မြန်မာအစိုးရက မြန်မာပြည်သူတွေရဲ့ ဆင်းရဲမွဲတေမှုအခြေအနေကို ဘယ်စံချိန်စံညွှန်းတွေသုံးပြီး ဘယ်လောက် နက်နက်ရှိုင်းရှိုင်း လေ့လာထားလို့လဲ။

မြန်မာအစိုးရကတော့ ဆင်းရဲမွဲတေမှုနှုန်း တိုးနေတာကို လက်မခံချင်ပါဘူး။ ပြည်သူတွေ ချမ်းသာစေချင်တဲ့ စိတ်ကြောင့် မဟုတ်တာ လည်း သေချာပါတယ်။ အဖြစ်မှန်ကို ဝန်မခံချင်တာသက်သက်ပါ။ တိုင်းပြည် နွံထဲ နစ်သထက် နစ်နေတဲ့ ကာလတလျှောက်လုံး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နေပါတယ်လို့ သံကုန်ဟစ်ပြီး အော်နေခဲ့တဲ့ သူ့ဝသီအတိုင်း ဆက်လုပ်လိုက်တာပါ။

ဒါပေမဲ့ ပြည်တွင်းစစ်မီး တကျော့ပြန် တောက်လောင်ပြီး တိုင်းရင်းသားပြည်သူတွေ ဒုက္ခနွံထဲ နစ်သထက် ပိုနစ်လာနေတဲ့ ဒီနေ့ ဗမာပြည်ရဲ့ ရုပ်ဘဝအခြေအနေတွေက အစိုးရသစ်ရဲ့ သရုပ်မှန်ကို ဆက်လက်ဖွင့်လှစ်ပြသသွားမှာ သေချာပါတယ်။

## တိုင်းပြည်အပေါ် စေတနာထားတဲ့ ပညာရှင်တွေကို ကြိုဆိုရမယ်

လူပုဂ္ဂိုလ်အပေါ် သတ်မှတ်အကဲဖြတ်ရေးပြောတာ မဟုတ်ပါ။ ပညာရှင်တွေ တိုင်းပြည်အပေါ် တကယ်စေတနာထားပြီး အကျိုးပြုလာကြတာရှိရင် သူတို့ အကျိုးပြုနိုင်သလောက် အသိအမှတ်ပြု ကြိုဆိုရေးကို ပြောတာပါ။

မြန်မာပြည် ဆင်းရဲမွဲတေမှု လျှော့ချရေးစာတမ်း – မှာလည်း (အစိုးရက အကောင်အထည် ဖော်မပေးနိုင်သည့်တိုင်) တိုင်းပြည်အတွက် စေတနာထား အကျိုးပြုနိုင်တဲ့ အချက်တွေ ပါနေတာကို ကြိုဆိုရပါမယ်။ ကမ္ဘာနဲ့မယှဉ်ဘဲ အရှေ့တောင်အာရှမှာ နှိုင်းယှဉ်ရင်တောင် ဆင်းရဲနိမ့်ကျပြီး ဗမာပြည် အမျိုးသားဂုဏ်သိက္ခာ ညှိုးနွမ်းနေတဲ့ကာလမှာ ဆင်းရဲမွဲတေတဲ့ တိုင်းသူပြည်သားတွေအပေါ် စေတနာထားပြီး ဆင်းရဲမွဲတေမှု လျှော့ချရေးကို အလေးအနက် တင်ပြလာတာ အသိအမှတ်ပြုရမှာပါ။

## ပြည်သူ့အကျိုး လုပ်ပေးသင့်တာတွေ အများကြီး

ပြည်သူပြည်သူသားတွေရဲ့ ဆင်းရဲမွဲတေမှုပြဿနာကို ကိုင်လိုက်တယ်ဆိုရင် ပျားတုအုံကို တုတ်နဲ့ထိုးလိုက်သလို ဖြစ်သွားတတ်ပါတယ်။ တနွယ်ငင် တစင်ပါဆိုသလို တခြား အရေးကြီးတဲ့ပြဿနာတွေပါ ကိုင်တွယ်ဖို့ လိုလာပါတယ်။ စာတမ်းတင်တဲ့ ပညာရှင်က အောက်ပါအချက်တွေကို ထောက်ပြထားပါတယ်။

– ဆင်းရဲမွဲတေမှု လျှော့ချဖို့ အစိုးရကောင်းဖြစ်ဖို့ လိုတယ်။

– တိုင်းပြည်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်မှ ရမယ်။ စီးပွားရေး လူမှုရေး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ရမယ်။

**ဆင်းရဲမွဲတေမှုတိုင်းတာရေး စံချိန်စံညွှန်းဆိုတာကလည်း ကိုယ်လိုချင်သလို အမျိုးမျိုးလိုတိုးပိုလျှော့**

– တိုင်းပြည်ရဲ့ အရင်းအမြစ်တွေကို မှန်မှန်ကန်ကန် အသုံးပြုပြီး(မှန်မှန်ကန်ကန် အသုံးမပြုလို့ ပြောနေတာပါ) တိုင်းပြည်နဲ့ ပြည်သူလူထုရဲ့ နေ့စဉ်နေထိုင်မှုဘဝ အဆင့်အတန်းကို မြှင့် တင်ပေးရမယ်။

– ဆင်းရဲမွဲတေနေတဲ့သူတွေ ဘယ်သူတွေလဲ။ သူတို့ရဲ့ မျက်မှောက်အခြေအနေ ဘယ်လိုလဲ။ သူတို့ ဆန္ဒ၊ လိုအပ်ချက်၊ ခံစားချက်တွေကို သွားနားထောင်ရမယ်။

– စူးစမ်းလေ့လာပြီးရင် သူတို့ သက်သာချောင်ချိအောင် လုပ်ပေးရမယ်။

**လယ်သမားတွေ လယ်ယာမြေဆုံးရှုံးမှုတွေကို အကာအကွယ်ပေးရမယ်**

– ဆင်းရဲမွဲတေမှုလျှော့ချရေးနဲ့ တိုင်းပြည်ရဲ့ စီးပွားရေး လူမှုရေး ပြုပြင်ပြောင်းလဲရေးတွေလုပ်ဖို့ အာဏာပိုင်တွေ တာဝန်ရှိသူတွေက စတင်ပြီး တက်တက်ကြွကြွနဲ့ စတင်ရမယ်။ ဦးဆောင်ရမယ်။ ဥပမာ ဝန်ကြီးဌာနက ကျေးလက်လယ်သမားအဖွဲ့အစည်းတွေ ထူထောင်ပေးပြီး ကျေးလက်ဖွံ့ဖြိုးရေး ချေးငွေတွေ အမတော်ကြေးတွေ ပေးတာမျိုးတွေ လုပ်ရမယ်။

– ပြည်သူလူထုဘဝ စုံစမ်းလေ့လာစရာတွေ များတယ်။ အလားတူ ဒါတွေကို ပြုပြင်ဖြေရှင်းစရာတွေလည်း များတယ်။ ဥပမာ–

ကျေးလက်မှာ ကျောင်းနေသင့်လျက်နဲ့ မနေနိုင်တဲ့ ကလေးဦးရေ ဘယ်လောက်ရှိသလဲ။ ကျောင်း ရှိသလား။ ကျောင်းဆရာ ရသလား။ လုံလောက်သလား။ (ဒါတောင် သူက ကျောင်းစရိတ်ကြီးမြင့်မှုတွေ၊ ပညာရေးစနစ်၊ အလယ်တန်း အထက်တန်း၊ တက္ကသိုလ်ပညာသင်ရေး စတာတွေနဲ့ မူလတန်းပညာ မသင်မနေရ သတ်မှတ်ရေးကိစ္စတွေ ထည့်ပြောမသွားသေးဘူး။) စုံစမ်းပြီးရင် ဖြေရှင်းတာ လုပ်ရမယ်။ ဥပမာ – ၃ နှစ်အတွင်း ကျောင်းနေသင့်လျက်နဲ့ ကျောင်းမနေနိုင်တဲ့ ကလေးအရေအတွက် ထက်ဝက်လျှော့ချရေး စတာမျိုး။

ကျန်းမာရေး အထောက်အကူပြုမှု လုံလောက်သလား။ ဆေးပေးခန်း၊ ဆရာဝန်၊ သူနာပြု၊ သားဖွားဆရာမ၊ ဆေးရုံ စတာတွေ လုံလောက်သလား။ (အခမဲ့ဆေးကုသခွင့် အထိ တက်ပြောမထားသေးဘူး) ကလေးတွေ ကိုယ်အလေးချိန် မပြည့်တာတွေ၊ အာဟာရချို့တဲ့လို့ဖြစ်တဲ့ ရောဂါတွေ၊ မွေးကင်းစ ကလေးသေနှုန်း၊ HIV AIDS ရောဂါ ပြန့်ပွားမှု အခြေအနေ။

– ပိုမိုကောင်းမွန်တဲ့ အလုပ်အကိုင်တွေ ဖန်တီးပေးရေး၊ စီးပွားရှာဖွေမှု အခွင့်အလမ်းတွေ ဖန်တီးပေးရေး လုပ်ရမယ်။

– ငွေဖောင်းပွမှု လျှော့ချရမယ်၊

– လူတိုင်း အစားအစာက တနေ့ အနည်းဆုံး ကယ်လိုရီ ၂,၁၀၀ ရမှ လုံလောက်တယ်လို့ သတ်မှတ်တယ်။ လုံလောက်ရဲ့လား။ သန့်ရှင်းလုံလောက်တဲ့ အိုးအိမ်ပြဿနာ၊ အဝတ်အစားပြဿနာ စသဖြင့်...

**ထောက်ပြထားတဲ့ ချို့ယွင်းချက်များ**

သူ့စာတမ်းထဲမှာ အုပ်ချုပ်သူ အစိုးရပိုင်းနဲ့ အာဏာပိုင်တွေရဲ့ ချို့ယွင်းချက်တွေကို ထောက်ပြထားတာတွေလည်း ပါဝင်တယ်။ ဒါတွေက တိုင်းပြည်တိုးတက်နေပါတယ်လို့ ကြွေးဝါလာခဲ့တဲ့ စစ်အစိုးရကို ဖွင့်ချဖော်ထုတ်လိုက်တဲ့ အချက်အလက်တွေလည်း ဖြစ်နေတယ်။

– ပြည်သူလူထု ဆင်းရဲမွဲတေမှု ပြဿနာကို ဂရုမစိုက်ဘဲ ပစ်ထားခဲ့တာ ကာလတခု ရှိခဲ့ပြီ။

– ပြဿနာတွေ ဖြစ်နေတဲ့နေရာတွေမှာ စနစ်တကျ ပြောင်းလဲမှုဆိုတာဟာ ညံ့ဖျင်းတဲ့အုပ်ချုပ်ရေးကနေ

ဆင်းရဲသားတွေကို တာဝန်ခံမှုရှိတဲ့ အစိုးရဖြစ်အောင် ပြောင်းလဲဖို့ လိုအပ်တယ်။

– စီးပွားရေးနဲ့ အာဏာကျင့်သုံးမှု မညီမျှမှုအပေါ် ဆင်းရဲသားတွေရဲ့ ရောင်ပြန်ဟပ်မှုကို ပိတ်ပင်ထားသရွေ့ ဆင်းရဲမှုအဆင့်အတန်းကို မြှင့်တင်ပေးရေးဆိုတာ ခက်ပါတယ်။

– ဗမာပြည်မှာ အိမ်ထောင်တခုရဲ့ စားသောက်ကုန် ဝယ်ယူတဲ့စရိတ်ဟာ တခုလုံး အသုံးစရိတ်ရဲ့ ၇၂ ရာခိုင်နှုန်း ရှိနေတယ်။ ချင်းပြည်နယ်မှာဆိုရင် ၇၆ ရာခိုင်နှုန်းအထိ ဖြစ်တယ်။ ဒါ ဘာကြောင့်လဲ။ ပြည်သူပြည်သားတွေရဲ့ ဝင်ငွေနိမ့်ကျနေလို့ပဲ။ ဖွံ့ဖြိုးပြီးနိုင်ငံတွေကို ထည့်မပြောမနေနဲ့။ အာဆီယံနိုင်ငံတွေမှာတောင် ဒီလောက် ရာခိုင်နှုန်းများတာ မရှိဘူး။ ထိုင်းမှာ ၃၂ ။ မလေးရှား ၃၇။ လာအို ၆၁။

## ထိမိတဲ့ မေးခွန်းလေးတွေ

သူ့စာတမ်းထဲမှာ ထိမိတဲ့ မေးခွန်းဝါကျလေးတွေ ပါရှိတာလည်း တွေ့ရပါတယ်။ အဓိက ကျေးလက်ပြည်သူတွေအတွက် ပြောလိုက်တာပါ။

– တာတမံ ဆည်မြောင်းတွေ ဖောက်လိုက်လို့ လယ်သမားတွေ ဘယ်လောက်များ အကျိုးကျေးဇူး ခံစားကြရပါသလဲ။

– လျှပ်စစ်ဓာတ်အားထုတ်ဖို့ တာတမံဆောက်တာတွေ လျှပ်စစ်ဓာတ်အားစက်ရုံတွေ တည်ဆောက်တာဟာ ဒီလျှပ်စစ်ဓာတ်အားရဲ့ အကျိုးကျေးဇူးကို ပြည်သူတွေ ဘယ်လောက်ခံစားရပါသလဲ။

## လယ်သမားနဲ့ လယ်ယာမြေ ပြဿနာ

ဒီစာတမ်းထဲမှာ ပြည့်ပြည့်စုံစုံ ဖော်ပြမထားနိုင်ပေမယ့် လယ်ယာမြေပြဿနာရဲ့ အခြေခံကိုတော့ ဖော်ထုတ်တင်ပြထားနိုင်တာ တွေ့ရပါတယ်။

– မြန်မာလယ်သမားတွေ လယ်ပိုင်ခွင့် မရှိဘူး။

– လယ်အသုံးပြုသူရဲ့ အခွင့်အရေးပဲ ရှိတယ်။

– လယ်အသုံးပြုခွင့် ရတယ်ဆိုတာ ချေးငွေတွေ ရတယ်ဆိုတာနဲ့ ဒွန်တွဲနေတာပဲလို့ တချို့လူတွေ ပြောနေကြတယ်။ (သဘောက လယ်သုံးခွင့်ရတာနဲ့ အကြွေးလည်ပင်းနစ်တော့တာပဲလို့ ဆိုလိုတာပါ။)

– ဒီနေ့ ဗမာပြည် လယ်ယာမြေအခြေအနေဟာ အင်္ဂလန်စက်မှုတော်လှန်ရေး ဖြစ်ခါနီး ဘုံမြေတွေကို ဝိုင်းကြီးပိတ် ခြံခတ်ပိတ်ဆို့တဲ့ လှုပ်ရှားမှုထဲက တချို့အခြေအနေမျိုးနဲ့ သွားတူနေတယ်။ ဆိုလိုတာက သစ်တော၊ ဆည်၊ ကန်၊ ချောင်းမြောင်း၊ အင်း အိုင်စတဲ့ ကျေးလက် ဘုံပိုင်ဆိုင်ခွင့်တွေကို ဒေသအာဏာပိုင်တွေက သူတို့အကျိုးအတွက် ရယူထားတယ်။ (ဥပမာ – ငါးဖမ်းခွင့်) ဒါက ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေတယ်။

– လယ်ယာမြေပြုပြင်ပြောင်းလဲရေးတွေ လုပ်ရမယ်။

– လယ်သမားတွေ လယ်ယာမြေ ဆုံးရှုံးမှုတွေကို အကာအကွယ် ပေးရမယ်။ (စာတမ်းရှင်က ဒီလောက်ပဲ ဖော်ပြထားပါတယ်။ ဒီပြဿနာဟာ အကျယ်ကြီးပါ။ ဒီနေ့ ဗမာပြည်မှာ စစ်တပ်၊ အာဏာပိုင်နဲ့ အစိုးရလက်ဝေခံ စီးပွားရေးလုပ်ငန်းရှင်တွေ ကုမ္ပဏီတွေက လယ်သမားတွေရဲ့ လယ်ယာမြေတွေ လုယူနေတဲ့ အရေးအခင်း အကျယ်အပြန့်ဖြစ်ပွားနေတာပါ။ သူ့အနေနဲ့ ရေးခွင့်သာဟန် မတူပါဘူး)

– ကျေးလက်အလုပ်အကိုင်သစ်တွေ ရှာဖွေပေးဖို့ လိုအပ်လာတယ်။

– ကိုလိုနီခေတ်ကတောင် လယ်ယာမြေအခွန်တော်ကို လယ်သမားတွေ အခြေအနေနဲ့ ကိုက်ညီအောင် တဂေ ကျပ်အနည်းငယ်ပဲ ယူတာ၊ နောက်ထပ်အခွန် ထပ်တိုးတာလည်း မရှိဘူး။

– လယ်သမားလိုအပ်ချက်တွေ ဖြည့်ဆည်းပေးရေး ချို့ယွင်းချက် ဖြစ်လာခဲ့တာဟာ လွတ်လပ်ရေးရပြီးခါစကနေ တောက်လျှောက်ပဲ။

## ပြဿနာက
## စစ်အုပ်စုလည်ပင်း
## ဘယ်သူ့ခြုံဆွဲမလဲ

– – မြို့တွေပေါ်မှာ ပိုသုံးလို့ လျှော့သွားတဲ့ အစိုးရဘတ်ဂျက်အတွက် လယ်သမားတွေက အခွန်တော် တာဝန်ထမ်းပြီး ပြန်ဆပ်နေရတယ်။ (စစ်စရိတ် ဝန်ထုပ်ဝန်ပိုးကို ထမ်းနေရတာတွေ ဖော်ပြမထားနိုင်ပါ)

### ဆန်စပါး ပြဿနာ

– ဆန်စပါး ပြဿနာတွေ ဆက်ရှိနေဦးမယ်ဆိုရင် တိုင်းပြည်ရဲ့ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး ပြဿနာတွေ နက်နက်ရှိုင်းရှိုင်း ဆက်ဖြစ်နေဦးမှာပဲ။

– ဆန်ထုတ်လုပ်သူ လယ်သမားက နောက်ဆုံး စားသုံးသူလက်ထဲရောက်သွားတဲ့ ဆန်ဈေးရဲ့ ၂၀ ရာခိုင်နှုန်းသာ ခံစားခွင့်ရနေတယ်။ (သွေးစုပ်မှုအဆင့်ဆင့်ကို သုတ္တစာတမ်းထဲမှာ ဖော်ပြမထားနိုင်ပါ)

– အစိုးရအေဂျင်စီတွေ(စစ်အစိုးရလက်ထက်မှာ အစိုးရကိုယ်တိုင်တောင် ပါဝင်ပါတယ်) က လယ်သမားဆီက ဆန်စပါးကို ပေါက်ဈေးထက် လျှော့ပေးပြီး ဝယ်လာခဲ့တာပဲ။

– ဆန်ဈေးကို ဆင်းရဲသား တတ်နိုင်တဲ့ ဈေးနှုန်းအထိ ချပေးနိုင်ရင် ဆင်းရဲမွဲတေမှု လျှော့ချရေးအတွက် အများကြီး ပြေလည်စေမှာပါ။

### ပြည်ပသို့ ဆန်တင်ပို့နိုင်တဲ့ အဓိကနိုင်ငံ ဖြစ်လာစေရေး

ပြည်ပကို ဆန်အရည်အသွေးကောင်းကောင်းနဲ့ အရေအတွက်များများ ရောင်းနိုင်မှ ဝင်ငွေတိုးမြင့်လာပြီး ကျေးလက်လူ့အဖွဲ့အစည်းအတွက် အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ လုပ်ပေးနိုင်မှာပါ။ ဒါဟာလည်း ပြည်တွင်း ပြည်သူလူထုရဲ့ ဝမ်းဝရေးပြဿနာကို အရင်ဆုံး ဖြည့်ဆည်းပေးနိုင်မှ ဖြစ်လာမှာပါ။ ဒါတွေအားလုံးအတွက် လယ်ယာမြေလုပ်ငန်းတခုလုံး ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။ ပြုပြင်ပြောင်းလဲဖို့ လိုပါတယ်။ ဆင်းရဲမွဲတေမှုစာတမ်းထဲမှာ ပြည်ပဆန်တင်ပို့ရေးနဲ့ပတ်သက်လို့ အကြံပြုဖော်ပြထားပါတယ်။

– ၁၉၃၈– ၃၉ တုန်းက ဗမာပြည်ဟာ ပြည်ပသို့ ဆန်တန်ချိန် ၃. ၃ သန်း တင်ပို့နိုင်ခဲ့တယ်။ အဲဒီအချိန်က ဗမာပြည်ဟာ ကမ္ဘာ့ဆန်တင်ပို့မှုနိုင်ငံတွေထဲမှာ နံပါတ် (၁) ပါ။ အာရှရဲ့ ဆန်တွင်းကြီးနေရာ ယူထားခဲ့တာပါ။

– (၂၀၀၀ – ၂၀၀၁) ကနေ (၂၀၀၇– ၂၀၀၈) ကာလအတွင်း ဗမာပြည်က ဆန်တင်ပို့နိုင်မှု ပိုမိုကျဆင်းလာခဲ့တယ်။ (၂၀၀၇ – ၂၀၀၈) ခုနှစ်မှာ စုစုပေါင်း ၃၅၈, ၅၀၀ တန်ပဲ တင်ပို့နိုင်ခဲ့တယ်။ အဲဒီနှစ် ကမ္ဘာ့ဆန်တင်ပို့မှု စုစုပေါင်းရဲ့ ၁.၂ ရာခိုင်နှုန်းသာ တင်ပို့နိုင်ခဲ့တာပါ။ ၂၀၀၆ – ၂၀၀၇ တုန်းက ဆိုရင် ပြည်ပတင်ပို့နိုင်တဲ့ဆန်ဟာ ၁၄,၅၀၀ တန်သာ ရှိခဲ့ပါတယ်။ အိမ်နီးချင်း ထိုင်းနိုင်ငံက ကမ္ဘာ့ဆန်တင်ပို့တဲ့ နိုင်ငံတွေထဲမှာ နံပါတ် (၁) နေရာ ယူထားပါတယ်။

– ထိုင်းနိုင်ငံနဲ့ ဗမာနိုင်ငံဟာ ဆန်အထွက်ချင်း ကွာလှတာ မဟုတ်ပါဘူး။ ၂၀၀၈– ၂၀၀၉ မှာ ဗမာ့စပါး ထွက်မှုခန့်မှန်းခြေ မက်ထရစ်တန် ၃၅. ၈ သန်း ရှိပါတယ်။ ဗမာလူဦးရေက ၅၈.၄ သန်းလို့ တွက်ထားပါတယ်။ ထိုင်းနိုင်ငံ ဆန်ထွက်က တန် ၃၅ သန်း ပတ်ဝန်းကျင်ပဲ ထွက်တာ။ ဗမာထက် နည်းနည်းတောင် နိမ့်သေးတယ်။ သူ့လူဦးရေက ၆၈ သန်းကျော်။ အဲဒီနှစ်မှာ ဗမာက ပြည်ပကို ဆန် မက်ထရစ်တန် ၁ သန်း ပတ်ဝန်းကျင်သာ တင်ပို့နိုင်ခဲ့ပြီး ထိုင်းကတော့ မက်ထရစ်တန် ၈ သန်းနဲ့ ၁၀ သန်းကြား တင်ပို့နိုင်ခဲ့ပါတယ်။

– လူနေမှုစနစ် ဖွံ့ဖြိုးတက်မှုချင်းလည်း ကွာသွားတယ်။ ဗမာက ဆန်အဓိက စားနေရတာတောင် အာဟာရ မပြည့်ဝဘူး။ ထိုင်းက တခြားအာဟာရတွေ စားနေရတော့ ဆန်စားလျှော့သွားတယ်။ ဒီတော့ လူဦးရေပိုများတဲ့ ထိုင်းက ဆန်ပိုပြီး တင်ပို့နိုင်တယ်။ (တခြားအကြောင်းတွေလည်း ရှိမှာ

ပါ။ ဆန်တင်ပို့တဲ့စနစ် ကွာဟမှုတွေ၊ ဆန်စီမံခန့်ခွဲရေးစနစ် ကွာဟမှု၊ ဆန်ဝယ်ယူသုံးစွဲရေးစနစ် ကွာဟမှု၊ ဆန်မှောင်ခို တင်ပို့မှု၊ စစ်တပ်က ဆန်သုံးစွဲမှု)

– မြန်မာ့ဆန်က အရည်အသွေး ညံ့တယ်။ နောက်လည်း ဆက်ညံ့နေဦးမှာပဲ။ (ဒါက ဝယ်ယူမှု၊ သိုလှောင်မှု၊ ကြိတ်ခွဲမှု၊ မျိုး၊ သိပ္ပံနည်းကျ စိုက်ပျိုးရေး၊ ဆန်စပါး သန့်စင်ရေး စတာတွေနဲ့လည်း ဆိုင်တယ်) ဆန်တင်ပို့မှုမှာ ပုဂ္ဂလိကကဏ္ဍကို ဖွင့်ပေးရင် သူတို့က ပြည်ပရဲ့ ဆန်အကြိုက်ကို စူးစမ်းပြီး ပြည်တွင်းက ဆန်အရည်အသွေးကိုကောင်းအောင် ခန့်ခွဲနိုင်ကြတယ်။ ဆန်အရည်အသွေးညံ့တော့ ဗမာ့ဆန်က တခြားနိုင်ငံတွေလို ဈေးကောင်းမရဘဲ ဝင်ငွေနည်းတယ်။

– တောင်းဆိုချက်ကတော့ ဆန်တင်ပို့ရေးမှာ လူတိုင်းဝင်ကစားနိုင်တဲ့ ကစားကွင်းမျိုးဖြစ်အောင် လွတ်လွတ်လပ်လပ် ဖွင့်ပေးရမယ်။

## ကြောင်လည်ပင်းကို ဘယ်သူ ချိုဆွဲမလဲ

ချုပ်လိုက်ရင်တော့ ဗမာပြည် ဆင်းရဲမွဲတေမှု လျှော့ချရေးစာတမ်းဟာ ကြိုဆိုရမယ့်အချက်တချို့ ပါတယ်။

သူ့စာတမ်းက အစိုးရသစ်ကို ပြင်းပြတဲ့ ဆန္ဒဇောနဲ့ သန္နိဋ္ဌာန်နဲ့ အကောင်အထည်ဖော်ဖို့ တိုက်တွန်းတဲ့ အချက်အလက်တွေပဲ။

ဒါပေမဲ့ စစ်အုပ်စု စစ်အာဏာရှင်စနစ်က လုပ်နိုင်ပါ့မလား။

တမျိုးသားလုံးရဲ့ စွမ်းအားကို စုစည်းပြီး လက်တွေ့ကျကျလုပ်နိုင်မှ ဖြစ်မှာပါ။

သူရေးလိုက်တဲ့ နိုင်ငံရေးဆန္ဒဇောတွေ (ပြင်းပြတဲ့ သန္နိဋ္ဌာန်) နဲ့ လုပ်နိုင်စွမ်း စစ်ဗိုလ်ထွက်နဲ့ စစ်ဗိုလ်တွေမှာ ရှိပါ့မလား။

သူတို့ကို မွေးမြူပြုစု မြေတောင်မြှောက်လိုက်တဲ့ စစ်အုပ်စုအကြီးအကဲတွေရဲ့ အကျိုးစီးပွားကို ထိပါးစေတဲ့ (အလုပ်) လုပ်ဝံ့ပါ့မလား။

ဥပမာပေးရင် ဒီစာတမ်းဟာ ကြောင်ကိုချိုဆွဲရေး စာတမ်းပဲ။ ကြောင်ကြီးရဲ့ အန္တရာယ်ကြောင့် ကြွက်တွေ ဆွေးနွေး တိုင်ပင် စည်းဝေးကြသတဲ့။ ကြောင်ကြီးရဲ့ရန် ဘယ်လိုကာကွယ်မလဲပေါ့။ နောက်ဆုံး အားလုံးသဘောတူတဲ့ အကြံတခု ရလာတယ်။ ကြောင်ကြီးလည်ပင်းမှာ ချိုဆွဲပေးလိုက်ရင် သူလာတာသိပြီး ကြွက်တွေ အချိန်မီ အန္တရာယ်က ရှောင်ကွင်း နိုင်မှာပေါ့။

ဒါပေမဲ့ ပြဿနာက ကြောင်ကြီးလည်ပင်း ဘယ်သူချိုဆွဲမလဲ။ စစ်အုပ်စုလည်ပင်း ဘယ်သူချိုဆွဲမလဲ။ ဒီစာတမ်းကို ဦးသိန်းစိန်အစိုးရက လက်ခံပါပြီတဲ့။ သူတို့ ချိုဆွဲဝံ့ကြပါ့မလား။ ။



# သဘောတရားနဲ့ လက်တွေ့

သဘာဝသိပ္ပံပညာရပ်တွေဖြစ်စေ၊ လူမှုသိပ္ပံပညာရပ်တွေဖြစ်စေ၊ စူးစမ်းရှာဖွေတဲ့အပိုင်း ဒါမှမဟုတ် သဘောသဘာဝကို စူးစမ်းဖော်ထုတ်တဲ့အပိုင်းနဲ့ လက်တွေ့အသုံးချတဲ့အပိုင်းဆိုပြီး နှစ်ပိုင်းအမြဲတမ်း ပါရှိပါတယ်။ သဘာဝသိပ္ပံဘာသာရပ်တွေကို စူးစမ်းဖော်ထုတ်ကြပြီး လူတွေရဲ့ ကုန်ထုတ်လုပ်ငန်းမှာ လက်တွေ့အသုံးချကြပါတယ်။ လူမှုသိပ္ပံပညာရပ်တွေမှာလည်း လူ့သဘာဝတွေကို စူးစမ်းဖော်ထုတ်ပြီး လူမှုရေးလက်တွေ့မှာ အသုံးချကြပါတယ်။ ဒီလိုလုပ်ကိုင်ဆောင်ရွက်နိုင်တာကြောင့် လူ့လောကကြီးဟာ တစတစတိုးတက်ဖွံ့ဖြိုးလာတာ ဖြစ်ပါတယ်။ ရှေ့ဆက်ပြီးလည်း လူ့လောကကြီးဟာ ဒီနည်းနဲ့ပဲ ပိုမို အဆင့်မြင့်တဲ့ဆီကို ဖွံ့ဖြိုးတိုးတက်သွားမှာ မုချပါပဲ။

မာ့က်စ်ဝါဒဟာလည်း သိပ္ပံဘာသာရပ်များစွာထဲက သိပ္ပံဘာသာရပ်တခု ဖြစ်ပါတယ်။ သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒလို့ ခေါ်ပါတယ်။ ကွန်မြူနစ်ဝါဒလို့လည်း သုံးနှုန်းကြပါတယ်။ ကမ္ဘာပေါ်မှာ ဆိုရှယ်လစ်ဝါဒအမျိုးမျိုး ပေါ်ပေါက်ခဲ့ပါတယ်။ ကနေ့လည်း ဆိုရှယ်လစ်ဝါဒအမျိုးမျိုးဟာ အသွင်အမျိုးမျိုးနဲ့ ရှိနေပါတယ်။ ဒါပေမဲ့ အဲ့ဒီဆိုရှယ်လစ်ဝါဒ အားလုံးဟာ စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒများသာဖြစ်ပြီး အရင်းရှင်အုပ်စိုးသူတွေကိုသာ အကျိုးပြုတာ များပါတယ်။ မာ့က်စ်ဝါဒသာလျှင် သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒဖြစ်ပြီး အဖိနှိပ်ခံပြည်သူလူထုကို အလုပ်အကျွေးပြုပါတယ်။ အဖိနှိပ်ခံပြည်သူတွေရဲ့ လွတ်မြောက်ရေးလမ်းကို ညွှန်ပြနိုင်ပြီး လက်တွေ့လည်း လွတ်မြောက်စေနိုင်ပါတယ်။

နိုင်ငံရေးစကားနဲ့ပြောရရင် သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒသာ လက်တွေ့မှာ တော်လှန်ရေးလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ပြီး ပြည်သူလူထုကို အလုပ်အကျွေးပြုပါတယ်။ စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒအမျိုးမျိုးဟာ လက်တွေ့မှာ တော်လှန်ရေးလုပ်ငန်းတွေကို ဆန့်ကျင်ပြီး ပြည်သူဆန့်ကျင်ရေး၊ အရင်းရှင်အုပ်စိုးသူလူတန်းစားကို အလုပ်အကျွေးပြုရေးတွေပဲ လုပ်ဆောင်ကြပါတယ်။

သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒဟာ အနုပဋိလောမရုပ်ဝါဒနဲ့ သမိုင်းရုပ်ဝါဒကို လက်ခံပါတယ်။ စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒ အမျိုးမျိုးကတော့ အနုပဋိလောမရုပ်ဝါဒနဲ့ သမိုင်းရုပ်ဝါဒကို ငြင်းပယ်ပါတယ်။ အပေါ်ယံလက်ခံပါတယ်လို့ ပြောရင်လည်း အနှစ်သာရမှာတော့ နည်းအမျိုးမျိုးနဲ့ ငြင်းပယ်ကြပါတယ်။

သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒကို မာ့က်စ်တို့အိန်ဂယ်တို့က စူးစမ်းရှာဖွေပြီး ဖော်ထုတ်တင်ပြခဲ့ကြပါတယ်။ မာ့က်စ်တို့အိန်ဂယ်တို့ဟာ သူတို့တင်ပြဖော်ထုတ်တဲ့ သဘောတရားကို လက်တွေ့လည်း ကျင့်သုံးပြခဲ့ပါတယ်။ ပထမအင်တာနေရှင်နယ်နဲ့ ဒုတိယအင်တာနေရှင်နယ်လှုပ်ရှားမှုတွေနဲ့ လက်တွေ့အသုံးချပြခဲ့တာပါပဲ။ ဒီအင်တာနေရှင်နယ် လှုပ်ရှားမှုတွေကြောင့်လည်း ကမ္ဘာမှာ ပစ္စည်းမဲ့လူတန်းစားတွေက လူတန်းစားအမြင်ရှိလာပြီး နိုင်ငံရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်မှာ ရုန်းကန်လှုပ်ရှားလာနိုင်ခဲ့ပါတယ်။ နိုင်ငံရေးမငြိမ်သက်မှုတွေ၊ လူမှုရေးမငြိမ်သက်မှုတွေဟာ တော်လှန်ရေးလက္ခဏာဆောင်လာပါတယ်။

ဒီအချိန်မှာ စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒီတွေက တော်လှန်ရေးမဆန်တဲ့ မင်းမဲ့စရိုက်တွေ၊ လုပ်ကြံသတ်ဖြတ်ရေးတွေလုပ်သူကလုပ်၊ အုပ်စိုးသူအရင်းရှင်အစိုးရအလိုကျ လူထုလှုပ်ရှားမှုကို ချိုးနှိမ်ဖျက်ဆီးသူတွေကဖျက်ဆီး လုပ်နေကြပါတယ်။

မာ့က်စ်နဲ့အိန်ဂယ်ဟာ ပဲရစ်ဘုံအဖွဲ့လှုပ်ရှားမှုမှာ အဖိနှိပ်ခံပြည်သူတွေက အာဏာကို ရက်ပေါင်း ၁၀၀ လောက် ထိန်းထားနိုင်တာလောက်ပဲ မြင်တွေ့ခွင့်ရသွားခဲ့ကြပါတယ်။ ပစ္စည်းမဲ့လူတန်းစားက နိုင်ငံရေးအာဏာကို လက်ဝယ်ပိုင်ပိုင်

သိမ်းပိုက်နိုင်ပြီး လူတန်းစားဖျက်သိမ်းရေးလုပ်ငန်းစဉ် အစပြုချက်၊ သွေးစုပ်တဲ့စနစ်ကို ဖျက်သိမ်းတဲ့လုပ်ငန်းစဉ် အစပြုချက်တွေကို မြင်တွေ့သွားခဲ့ရခြင်းမရှိပါ။

မာ့က်စ်၊ အိန်ဂယ်တို့ ကွယ်လွန်ပြီးတဲ့နောက် မာ့က်စ်ဝါဒကို လက်တွေ့ထဲ ချသုံးတာမှာ လီနင် ခေါင်းဆောင်တဲ့ ရုရှပြည်က ဘော်ရှီဗစ်ပါတီဟာ စံပြအခန်းက ပါခဲ့တယ်။ ၁၉၁၇ ခုနှစ် အောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေးကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့တယ်။ ကမ္ဘာမှာ ဘော်ရှီဗစ်ပါတီဟာ နိုင်ငံတော်အာဏာ သိမ်းပိုက်နိုင်တဲ့ ပထမဆုံးသော ကွန်မြူနစ်ပါတီ ဖြစ်သလို ဆိုဗီယက်ပြည်ထောင်စု သမ္မတနိုင်ငံဟာလည်း ကမ္ဘာ့ပထမဆုံး ဆိုရှယ်လစ်နိုင်ငံ ဖြစ်လာတယ်။ ကမ္ဘာမှာ သိပ္ပံနည်းကျဆိုရှယ်လစ်ဝါဒဟာ ခိုင်မာတဲ့စနစ်တခုအဖြစ် ပီပြင်လာပါတယ်။

သည့်အပြင် တတိယအင်တာနေရှင်နယ်ကို ထူထောင်ပြီး တကမ္ဘာလုံးမှာ မာ့က်စ်ဝါဒ သို့မဟုတ် ကွန်မြူနစ်ဝါဒကို လက်တွေ့ချသုံးကြပါတယ်။ အကျိုးဆက်ကတော့ ကမ္ဘာအနှံ့အပြားမှာ ကွန်မြူနစ်ပါတီတွေ ပေါ်ပေါက်စေနိုင်ခဲ့တာ ဖြစ်တယ်။ ဒီနည်းနဲ့ မာ့က်စ်ဝါဒဟာ ကမ္ဘာ့နေရာအနှံ့ကို ပြန့်သွားပါတယ်။ ဒုတိယကမ္ဘာ့စစ်ပွဲမှာ တတိယအင်တာနေရှင်နယ်က ဖက်ဆစ်ဆန့်ကျင်ရေး ကိုလိုနီစနစ်ဖျက်သိမ်းရေးကို တင်ပြလိုက်တာဟာ မာ့က်စ်ဝါဒကို လက်တွေ့ကျင့်သုံးတာပဲ ဖြစ်တယ်။ ကွန်မြူနစ်ပါတီအားလုံးဟာ ဒီဆုံးဖြတ်ချက်ကို ဝိုင်းဝန်းအကောင်အထည် ဖော်ကြတဲ့အခါမှာ ဒုတိယကမ္ဘာ့စစ်ပွဲကိုလည်း အောင်မြင်အောင် ဆင်နွှဲနိုင်တယ်။ ဖက်ဆစ်ဝါဒလည်း ကျဆုံးတယ်။ ကိုလိုနီစနစ်လည်း ပြိုကွဲပြီး နိုင်ငံအတော်များများ လွတ်လပ်ရေးရလာတယ်။ ကွန်မြူနစ်ပါတီအတော်များများလည်း နိုင်ငံရေးအာဏာ ရရှိလာကြတယ်။ ထူးခြားတာကတော့ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်းနိုင်ငံဖြစ်တဲ့ တရုတ်ပြည်မှာ ကွန်မြူနစ်ပါတီ အာဏာရလာပြီး တရုတ်ပြည်သစ်ကို ထူထောင်နိုင်တာပဲ ဖြစ်တယ်။ တတိယအင်တာနေရှင်နယ်လှုံ့ဆော်မှုနဲ့ တရုတ်ပြည်ကွန်မြူနစ်ပါတီရဲ့ မာ့က်စ်ဝါဒကို တရုတ်ပြည် လက်တွေ့မှာ ကျွမ်းကျင်စွာ ချသုံးတတ်မှုရဲ့ ရလဒ်ပဲ ဖြစ်ပါတယ်။

ဒါက အနုပဋိလောမရုပ်ဝါဒနဲ့ သမိုင်းရုပ်ဝါဒအမြင်ကို ခိုင်ခိုင်မြဲမြဲကိုင်ပြီး လက်တွေ့မှာ မှန်ကန်ထိရောက်စွာ အသုံးချတတ်မှုကြောင့် ရရှိတဲ့အောင်မြင်မှုတွေကို ပြောတာဖြစ်ပါတယ်။ တခြားတဖက်မှာတော့ မာ့က်စ်ဝါဒကို ယုံကြည်ရာကနေ မာ့က်စ်ဝါဒကို လက်မခံနိုင်တော့ပါဘူး ဆိုသူတွေဟာလည်း တတိယအင်တာနေရှင်နယ် အဖွဲ့ဝင်ကွန်မြူနစ်ပါတီတိုင်းမှာလိုလို ပေါ်ခဲ့တာပဲ။ ဒီလူတွေအားလုံးဟာ စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒီတွေလိုပဲ တချို့လည်း မင်းမဲ့တွေ ဖြစ်သွားတယ်။ တချို့လည်း ဂိုဏ်းဂဏတွေအဖြစ် ကွဲထွက်သွားတယ်။ တချို့လည်း အရင်းရှင်နယ်ချဲ့သမားတွေနောက်လိုက်သွားတာ ဖြစ်ကုန်ပါတယ်။ တခွန်းထဲချုပ်ပြောရရင် တော်လှန်ရေးဆန့်ကျင်သူတွေ၊ ပြည်သူဆန့်ကျင်သူတွေ အားလုံးဖြစ်သွားကြပါတယ်။

၂၀ ရာစုနှစ် အလယ်ပိုင်းကို ရောက်တဲ့အခါမှာ အရေးကြီးတဲ့ ထူးခြားမှုတခုဟာ ကွန်မြူနစ်လှုပ်ရှားမှုအတွင်းမှာ ပေါ်ပေါက်ခဲ့တယ်။ အဲဒါက ဆိုဗီယက်ပြည်ထောင်စုကွန်မြူနစ်ပါတီထဲမှာ မာ့က်စ်ဝါဒကို စွန့်လွှတ်သူတွေ၊ တနည်းအားဖြင့် ပြန်လည်ပြင်ဆင်ရေးသမားတွေက ပါတီမှာရော၊ နိုင်ငံတော်မှာပါ အာဏာပိုင်တွေ ဖြစ်လာကြတာပါပဲ။ အဲဒီအချိန်ကစပြီး ဆိုဗီယက်ကွန်မြူနစ်ပါတီဟာ မာ့က်စ်ဝါဒနဲ့ ပကတိဘဝကို ခွဲခြမ်းစိတ်ဖြာသုံးသပ်တာ မလုပ်တာကြောင့် မှားယွင်းတဲ့ အမြင်တွေ၊ မှားယွင်းတဲ့ပေါ်လစီတွေကိုပဲ ချမှတ်ကျင့်သုံးတာကြောင့် ၂၀ ရာစုအကုန်ပိုင်းမှာ ဆိုဗီယက်ကွန်မြူနစ်ပါတီလည်းပြိုကွဲ၊ ဆိုဗီယက်ယူနီယံလည်းပြိုကွဲတာ ဖြစ်ကုန်တယ်။ နိုင်ငံအသီးသီးက ကွန်မြူနစ်ပါတီတွေကိုလည်း ဂယက်ရိုက်တယ်။ ဒါကြောင့် ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုမှာ အကွဲအပြဲတွေလည်း အပြောင်းအလဲအများ ဖြစ်ပေါ်ခဲ့ရပါတယ်။ ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုမှာ အာဏာရအောင်လုံးပန်းတဲ့ အတွေ့အကြုံ၊ အာဏာကို ထိန်းသိမ်းရတဲ့ အတွေ့အကြုံနဲ့ အာဏာကို ပြန်လက်လွှတ်သွားတဲ့ အတွေ့အကြုံတွေပါ ရရှိလိုက်ပါတယ်။

ဒါပေမဲ့ မာ့က်စ်ဝါဒကို စွဲစွဲမြဲမြဲဆုပ်ကိုင်ပြီး မိမိတိုင်းပြည် လက်တွေ့အခြေအနေနဲ့ ကမ္ဘာ့ပတ်ဝန်းကျင်အခြေအနေကို အမှန်အတိုင်း သုံးသပ်နိုင်တဲ့ ပါတီနဲ့ နိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ဗီယက်နမ်၊ လာအို၊ မြောက်ကိုရီးယား၊ ကျူးဘားတို့လို နိုင်ငံတွေ မာ့က်စ်ဝါဒကို လက်တွေ့အသုံးချနေနိုင်ပါတယ်။ နိုင်ငံရေးအာဏာကို ထိန်းသိမ်းထားနိုင်ပြီး ဆိုရှယ်လစ်စနစ်ကို တက်လှမ်းတဲ့ ပြင်ဆင်ရေးလုပ်ငန်းတွေကို ကျားကုတ်ကျားခဲ လုံးပန်းလုပ်ကိုင်နေပါတယ်။ ဒီနိုင်ငံတွေဟာ နယ်ချဲ့အရင်းရှင်နိုင်ငံတွေ

**ကမ္ဘာအနှံ့အပြားမှာ ကွန်မြူနစ်ပါတီတွေ ပေါ်ပေါက်စေနိုင်ခဲ့တာ ဖြစ်တယ်**

မဟုတ်တာကြောင့် နယ်ချဲ့အရင်းရှင်နိုင်ငံတွေက ကွန်မြူနစ်ပါတီတွေလို ဆိုရှယ်လစ်တော်လှန်ရေးကို မလုပ်နိုင်ခဲ့ပါ။ ဒီမိုကရေစီသစ်တော်လှန်ရေးကို ဆင်နွှဲပြီး ဆိုရှယ်လစ်စနစ်တက်လှမ်းဖို့ ပြင်ဆင်ရေးလုပ်ငန်းတွေ ပြီးဆုံးအောင် လုပ်နေရဆဲ ဖြစ်ပါတယ်။ ဆိုရှယ်လစ်ဦးတည်ချက်ကိုတော့ မျက်ခြေအပြတ်မခံဘဲ လုံးပန်းနေကြရပါတယ်။

ကမ္ဘာ့နိုင်ငံ အသီးသီးက မာ့က်စ်ဝါဒကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားတဲ့ အာဏာမရသေးတဲ့ ကွန်မြူနစ်ပါတီတွေရော၊ အာဏာလက်လွှတ်သွားတဲ့ ကွန်မြူနစ်ပါတီတွေ (ရုရှား ဖက်ဒရေးရှင်း ကွန်မြူနစ်ပါတီအပါအဝင် အရှေ့ဥရောပ ကွန်မြူနစ်ပါတီတွေ) ဟာ မိမိလက်တွေ့ အခြေအနေမှာ မာ့က်စ်ဝါဒကို အသုံးချ အကောင်အထည် ဖော်နေကြပါတယ်။ မိမိအခြေအနေအရ မိမိလုပ်သင့်တာ လုပ်လို့ရနိုင်တာတွေကို လုပ်နေပါတယ်။

ဒီအခြေအနေကို အရင်းရှင် နယ်ချဲ့သမားတွေ၊ စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒီအမျိုးမျိုးတွေနဲ့ မာ့က်စ်ဝါဒကို စွန့်လွှတ်လိုက်ကြသူတွေက မာ့က်စ်ဝါဒဟာ ကျဆုံးသွားပြီလို့ မရဲတရဲ သုံးသပ်ကြပါတယ်။ မာ့က်စ်ဝါဒီတွေကိုလည်း အမျိုးမျိုးပုတ်ခတ်နေကြပါတယ်။ အရင်းရှင်စနစ်သာ ကမ္ဘာမှာ ဆက်ထွန်းကားတော့မယ်လို့ ပြောကြပါတယ်။ ဆိုရှယ်လစ်စနစ်၊ ကွန်မြူနစ်စနစ်တို့ဆိုတာ ဘယ်တော့မှ အကောင်အထည်ဖော်လို့ ရနိုင်မှာမဟုတ်ဘူးလို့ ဆိုလိုနေကြတာပါ။

ဗမာပြည် ကွန်မြူနစ်ပါတီဟာ တတိယအင်တာနေရှင်နယ်ရဲ့ လှုံ့ဆော်လမ်းညွှန်မှုအရ အိန္ဒိယကွန်မြူနစ်ပါတီ အကူအညီနဲ့ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုရဲ့ အစိတ်အပိုင်းတခု ဖြစ်ပါတယ်။ မာ့က်စ်ဝါဒကို မိမိတိုင်းပြည်လက်တွေ့နဲ့အညီ ကျင့်သုံးတဲ့ပါတီ ဖြစ်ပါတယ်။ အနုပဋိလောမ ရုပ်ဝါဒနဲ့ သမိုင်းရုပ်ဝါဒ အခြေခံကို စွဲစွဲမြဲမြဲဆုပ်ကိုင်တဲ့ပါတီ ဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှားမှုမှာ မာ့က်စ်ဝါဒကို မယိမ်းမယိုင် စွဲစွဲမြဲမြဲ ဆုပ်ကိုင်တဲ့ပါတီတွေ ကြုံတွေ့ရတဲ့ အတွေ့အကြုံအဖြစ်အပျက်မျိုးတွေနဲ့ ကြုံတွေ့ရ၊ ဖြတ်သန်းရ၊ ဖြတ်သန်းနေရဆဲ ဖြစ်ပါတယ်။

ဗမာပြည် ကွန်မြူနစ်ပါတီဟာ သူ့ရဲ့နောက်ဆုံးရည်မှန်းချက်ဟာ ဗမာပြည်လူ့အဖွဲ့အစည်းကို ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၊ ကွန်မြူနစ်လူ့ဖွဲ့အစည်း ဖြစ်အောင် တည်ဆောက်ရေးဖြစ်တယ် ဆိုတာကို ဘယ်တုန်းကမှ မဖုံးကွယ်ထားပါဘူး။ တချိန်ထဲမှာ လက်ရှိဗမာပြည် လူ့အဖွဲ့ အစည်းအခြေအနေအရ ဆိုရှယ်လစ်လောက၊ ကွန်မြူနစ်လောက ရောက်ဖို့အတွက် ဒီမိုကရေစီသစ်တော်လှန်ရေး ဒါမှမဟုတ် ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးကို အောင်မြင်ပြီးမြောက်အောင် လုပ်ရမယ်လို့ တင်ပြပြီး လက်တွေ့လည်း လုပ်ဆောင်ပါတယ်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးဟာ မပြည့်မစုံတဲ့ လွတ်လပ်ရေး ဖြစ်တယ်။ ဒါကြောင့် ပြီးပြည့်စုံတဲ့ လွတ်လပ်ရေးဖြစ်အောင်နဲ့ ဒီမိုကရေစီအခွင့်အရေးတွေ ပြည့်ဝအောင် ဆက်လက်ဆောင်ရွက်လုံးပန်းရမယ်လို့ တင်ပြခဲ့ပါတယ်။ လွတ်လပ်ရေးနဲ့ ဒီမိုကရေစီအခွင့်အရေးတွေ ပြည့်စုံအောင် အကောင်အထည်ဖော်ပြီးမှသာ ဆိုရှယ်လစ်ရေးကို တက်လှမ်းနိုင်မယ် ဖြစ်တယ်ဆိုတာကို ကွန်မြူနစ်ပါတီက ရှင်းရှင်းလင်းလင်းတင်ပြခဲ့ပါတယ်။

ဖဆပလ လက်ယာအင်အားစုတွေနဲ့ ဆိုရှယ်လစ်လက်ယာအင်အားစုတွေက ဖဆပလ အစိုးရမှာ အာဏာရရှိနေကြပြီး ဗမာပြည်ဟာ လုံးဝလွတ်လပ်တယ်၊ ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးတယ်ဆိုပြီး ဒီမိုကရေစီအခွင့်အရေးတွေကို ပိတ်ပင်ပါတယ်။ အမျိုးသားစည်းလုံးညီညွတ်မှု လုံးဝပြိုကွဲသွားစေတဲ့ ပြည်တွင်းစစ်ကို ခင်းခဲ့ပါတယ်။ ၆၂ ခုနှစ် စစ်အုပ်စု (ဆိုရှယ်လစ် စစ်ဗိုလ်တွေ) ကြီးစိုးတဲ့ ဗိုလ်နေဝင်းစစ်အုပ်စု အာဏာသိမ်းပြီး မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လောကကို ချီတက်မယ်ဆိုပြီး လုပ်ခဲ့ပါတယ်။ ၈၈ လူထုအုံကြွမှုကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ကျဆုံးသွားပြီး နဝတ၊ နအဖ စစ်အုပ်စု (ဗိုလ်သန်းရွှေစစ်အုပ်စု) တက်လာပြီး ၂၀၁၀ ရွေးကောက်ပွဲလုပ်ကာ ကြံ့ဖွံ့ အစိုးရဖွဲ့ကာ စစ်အာဏာရှင်စနစ်ကို နည်းတမျိုးနဲ့ ကျင့်သုံးတာတွေကို ဗမာပြည်ကွန်မြူနစ်ပါတီက အမြဲတမ်းဖွင့်ချ ဆန့်ကျင်တိုက်ခိုက်ခဲ့ပါတယ်။ ဗမာပြည်ပြည်သူ လူထုကြီးရဲ့ ဒီမိုကရေစီတိုက်ပွဲဘက်က ဗမာပြည်ကွန်မြူနစ်ပါတီဟာ ရပ်တည် တိုက်ပွဲဝင်ခဲ့ပါတယ်။ ဒါတွေဟာ မာ့က်စ်ဝါဒကို ဗမာပြည်လက်တွေ့မှာ ဗမာပြည် ကွန်မြူနစ်ပါတီက လက်တွေ့ကျင့်သုံးတာပဲ ဖြစ်တယ်။ ဗမာပြည်မှာ စစ်အာဏာ ကျဆုံးပြီး ပြည်သူတွေ ဒီမိုကရေစီ အခွင့်အရေးတွေ ပြည့်ဝစွာ ခံစားရတဲ့အထိ စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်တဲ့ ဘယ်အင်အားစုနဲ့မဆို ဗမာပြည် ကွန်မြူနစ်ပါတီဟာ လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၀၈ အခြေခံဥပဒေဆန့်ကျင်ရေးတိုက်ပွဲမှာ လွှတ်တော်တွင်းတိုက်ပွဲ၊ လွှတ်တော်ပတိုက်ပွဲ၊ ဥပဒေတွင်းတိုက်ပွဲ၊ ဥပဒေပတိုက်ပွဲ၊ လက်နက်ကိုင်တိုက်ပွဲစတဲ့ တရားတဲ့ တိုက်ပွဲမှန်သမျှကို ဗမာပြည်ကွန်မြူနစ်ပါတီက ထောက်ခံကူညီသွားမယ်။ တတ်နိုင်တဲ့ဘက်က ပါဝင်ဆင်နွှဲမှာပဲ ဖြစ်ပါတယ်။

# လယ်ယာမြေစနစ်နှင့် လယ်သမားအရေး

### လယ်ယာမြေ နဲ့ လယ်သမားအိမ်ထောင်စုတွေကို တိုက်ခတ်ဖျက်ဆီးနေတဲ့ မုန်တိုင်းတရပ်

နာဂစ်မုန်တိုင်းမတိုက်မီ ဆယ်စုနှစ်အတွင်းမှစ၍ ဗမာပြည်တွင်းသို့ အရှိန်အဟုန်ပြင်းပြီး ရက်စက်ကြမ်းကြုတ်သော၊ ကောက်ကျစ်သော မုန်တိုင်းတရပ် စတင်တိုက်ခတ်လာခဲ့သည်မှာ ယနေ့အထိပင် ဖြစ်သည်။ ထိုမုန်တိုင်းသည် နေပြည်တော် နယ်နိမိတ် (စစ်အုပ်စု မျက်စိရှေ့မှောက်) ပါမကျန် အရှေ့ဘက် တရုတ်နယ်စပ်ရှမ်းပြည်မှဆယ်မှအစ တောင်ပိုင်းရှမ်းပြည်၊ မြောက်ပိုင်းရှမ်းပြည်၊ ပလောင်နယ်မြေ၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းအထိ။ မြောက်ဘက် ကချင်ပြည်နယ် ရောမြစ်ဖျား၊ မြစ်ဆုံ၊ ဖားကန့်မှအစ တောင်ဘက် ရန်ကုန်ဆိပ်ကမ်းမြို့နယ်အထိ၊ အနောက်ဘက် ဟူးကောင်းတောင်ကြား ချိုင့်ဝှမ်းအစ ရခိုင်ပြည်နယ်အထိ။ ဗမာပြည်အနှံ့ မွှေနှောက်ရမ်းကားသည့်ဒဏ် ဗမာပြည်လယ်သမားထုအလုံးအလဲ ခံစားကြရသည်။ ခံစားနေရဆဲ ဖြစ်သည်။ ထိုမုန်တိုင်း (လယ်ယာမြေ အဓမ္မလုယူသိမ်းပိုက်မှု၊ ခိုးယူမှု၊ ခားပြတိုက်မှု) ကြောင့် ဗမာပြည် အနှံ့အပြားမှ ကျေးလက်အိမ်ထောင်စုပေါင်းများစွာ၊ လယ်သမားပေါင်းများစွာ ဒူးနဲ့မျက်ရည်သုတ်ကြရသည်။ ဘဝပျက်ကြရသည်။ လယ်သမားသားသမီး ကလေးသူငယ်များပါမကျန် ထမင်းငတ်ကြရသည်။ (သိရှိရသော အချက်အလက်များအရ) ယနေ့အချိန်တွင် ပြောင်းနှင့်ထမင်း ရောစားနေရသော လယ်သမားနှင့် လက်ဖက်တောင်သူများဦးရေ ပိုမိုများပြားလာသည်။ ရာထောင်ချီသော ကျေးလက်လူငယ်များ တိုင်းပြည်ပြင်ပသို့ လွင့်ထွက်သွားကြရသည်။ တချို့ကျေးလက်လယ်ကူလီနှင့် ပုံကျများ ဖြစ်သွားကြသည်။ တချို့ စိတ်ထိခိုက်၍ ကိုယ့်ကိုယ်ကို သတ်သေကြသည်။ နာဂစ်မုန်တိုင်းလို ချက်ချင်းသေပျောက်မှု မများသော်လည်း လယ်သမားအိမ်ထောင်စု ထောင်ပေါင်းများစွာကို မျိုးဆက်နှင့်ချီ၍ တတိတိညှဉ်းသတ်သည့်မုန်တိုင်း ဖြစ်သည်။

ဟူကောင်းတောင်ကြားချိုင့်ဝှမ်းတွင် ယုဇနကုမ္ပဏီက ၂၀၀၇ ခုနှစ်ကစပြီး မြေဧက ၂ သိန်းကျော် သိမ်းပိုက်ရေးအစီအစဉ် စတင်လာခဲ့သလို မွန်ပြည်နယ် (၁၉၉၈ ခု –၂၀၀၂ ခု ဧက–၇၀၀၀ ကျော်) (၂၂ ရက် ဇူလိုင် ၂၀၁၁ ခု ဧက ၁၃၀၀၀ ကျော်)၊ မကွေးတိုင်း နတ်မောက်မြို့နယ် (၂၀၀၅ ခု ဧက ၅၀၀၀ ကျော်) ကချင်ပြည်နယ် (၂၀၀၆ ခု ၁၃၃၈ ဧက) ဗမာပြည်အလယ်ပိုင်း (၂၀၁၀ မေ စစ်တပ်က ဧက ၃ သောင်းသိမ်း) စသည်ဖြင့် တိုင်းနှင့်ပြည်နယ်များတွင် ဧကရာထောင်ချီသော အကြီးစားသိမ်းပိုက်မှုများ နှစ်နှင့်ချီလုပ်ခဲ့ရာ စုစုပေါင်း ပြည်နယ်တခုစီ (ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ် စသဖြင့် အပါအဝင်) တွင် ဧက သောင်းနှင့်ချီသော သိမ်းပိုက်မှုများ လယ်သမားတို့ ခံခဲ့ကြရသည်။ ဧက ဆယ်ဂဏန်း ရာဂဏန်းချီသော သိမ်းပိုက်မှု

များကား ဆယ်စုနှစ်တခုအတွင်း တခြိမ်းခြိမ်းတဖွဲဖွဲ အကြိမ်ပေါင်း မြောက်မြားစွာ လုပ်လာခဲ့ရာ ယနေ့တိုင် မစဲနိုင်သေး။ ထူးကုမ္ပဏီပိုင်ရှင် တဦးတည်းက မြေယာ ဧက (၃) သိန်းကျော် ပိုင်ဆိုင်ထားသလို ယုဇနကုမ္ပဏီ၏ ပိုင်ဆိုင်မှုကလည်း ဧက သိန်းနှင့်ချီ ရှိသည်။

သိမ်းပိုက်သူများမှာ စစ်အုပ်စု မွေးမြူလာခဲ့သော အခွင့်ထူးခံ စီးပွားရေးကုမ္ပဏီများနှင့် ပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ စုပေါင်းတည်ထောင်သော လုပ်ခင်းများ၊ စီမံကိန်းများ၊ ခဲတွင်း ငွေ့ပိုက်လိုင်း လုပ်ငန်းများ၊ မီးရထားလမ်းဖောက်မှုများ၊ တပ်ရင်းအလိုက်စစ်တပ်များ၊ စစ်အုပ်စုထိပ်သီးတို့၏ သားသမီးများ၊ ခယ်မအပါအဝင် ဆွေမျိုးသားချင်းများ။ တဦးချင်း စစ်တပ်အရာရှိများ၊ ရဲတပ်ဖွဲ့နှင့် တဦးချင်းရဲအရာရှိများ၊ ဝန်ကြီးဌာနမှ ဝန်ကြီး၊ တဦးချင်း အရာရှိများ၊ အောက်ခြေ ကြံ့ခိုင်ဖွံ့ဖြိုးရေးအာဏာပိုင်များ ... တို့ ဖြစ်သည်။ ဦးသန်းရွှေ အထိ တက်တိုင်သော်လည်း မထူး။ ငွေကုန်ကြေးကျခံကာ ကြိုးစားသော်လည်း လယ်ယာမြေ ပြန်မရ။ စစ်အစိုးရ၏ မတရားသည့် တရားဥပဒေရုံးကလည်း နစ်နာသော လယ်သမားကိုပင် ပြန်အပြစ်ပေးတာ ရှိသည်။ လယ်သမားထုမှာ ကိုယ့်မြေယာမှာပင် သွေးထွက်သံယို အရိုက်အနှက် ခံကြရသည်။ အခြိမ်းခြောက် ခံကြရသည်။ အနှိပ်စက် ခံကြရသည်။ နောက်ပြီး လယ်သမား အစုလိုက်အပြုံလိုက် ထောင်တန်းကျကြရရှာသည်။

**လယ်သမားထု ရင်ထဲတွင်**
**နာကြည်းစိတ်သည် မီးကျီးခဲလို**
**ရဲနေသည်**

တလောက ထောင်မှ ပြန်လွှတ်လာသော လယ်သမားများကို ရွာလူထုက အိုးစည်ဗုံမောင်းနှင့် ထွက်ကြိုကြခြင်းသည် လယ်သမားတွေ၏ ရင်ထဲက ခံစားချက်တရပ်ကို ဖွင့်လှစ်ပြလိုက်ခြင်း ဖြစ်သည်။ လယ်သမားထု ရင်ထဲတွင် နာကြည်းစိတ်သည် မီးကျီးခဲလို ရဲနေသည်။ အပူငွေ့ဖြင့် တရှိန်ရှိန်တောက်လောင်နေသည်။ သည်အတိုင်းဆက်သွားလျှင် အချိန်ကာလတခုတွင် လယ်ယာမြေမှ ထကြွလာသော တန်ပြန်မိုးသက်မုန်တိုင်းတရပ်သည် ဗမာပြည်အနှံ့ ရိုက်ခတ်မြည်ဟည်းပြီး ပေါ်ထွက်လာဖွယ် ရှိသည်။ ထိုမုန်တိုင်းသည် အညစ်အကြေးများကို ဆေးကြောသွားမည် ဖြစ်သလို နိုင်ငံရေးအင်အားစုများကိုလည်း စမ်းသတ်စစ်ဆေးခြင်း ပြုပေလိမ့်မည်။

## တော်လှန်ရေး၏ ဝင်ရိုး

လယ်သမားထုနှင့် လယ်ယာမြေသည် ဗမာပြည်၏ ပင်မသွေးကြော ဖြစ်သည်။ လယ်သမားထုသည် ယနေ့အချိန် အထိ ဗမာပြည် လူဦးရေ၏ လူဦးရေရာခိုင်နှုန်းအရ လွှမ်းမိုးထားသော အဓိကအင်အားစု ဖြစ်သည်။ လယ်သမားအင်အားစု ကို မစည်းရုံးနိုင်ဘဲ လယ်သမားထု မပါဝင်ဘဲ ယနေ့ဆင်နွှဲ နေကြသည့်တော်လှန်ရေးများ အောင်မြင်နိုင်ဖွယ်မရှိ။

ဒီမိုကရေစီတော်လှန်ရေးမှာ မြေယာတော်လှန်ရေးက အဓိက 'ဝင်ရိုး' ဟု ဗမာပြည်ကွန်မြူနစ်ပါတီက ပြောခဲ့သည်။

## လယ်ယာမြေ ပြုပြင်ပြောင်းလဲရေးက လယ်သမားဘဝ မလွတ်မြောက်နိုင်

လယ်သမား၏ အသက်သွေးကြောမှာကား လယ်ယာနှင့် လယ်ယာမြေစနစ် ဖြစ်သည်။

ကိုလိုနီခေတ်၊ ဖဆပလခေတ်၊ စစ်အစိုးရခေတ် အဆက်ဆက် မြေယာမြေပြုပြောင်းလဲရေးနည်းလမ်းများဖြင့် မြေယာပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းလာခဲ့ကြသည်။ မြေရှင်စနစ်အား အပြီးအပိုင်ဖျက်သိမ်းခြင်းမဟုတ်ဘဲ ခေနရှင်ကုန်ထုတ်လုပ်နည်းဖြစ်အောင် ပြောင်းလဲဖွဲ့စည်းပြီး လယ်ယာမြေပြုပြင်ရေးလုပ်နည်းများ (ပရပ်ရှားနည်း) သည် လယ်သမား

ထုအား အလွန်အမင်း နာကျင်စေကြောင်း လီနင်က ညွှန်ပြခဲ့ဖူးသည်။

မဖြစ်စလောက် ပြုပြင်ရေးနည်းများကို အသုံးပြုလာခဲ့ကြရာ ခေတ်အဆက်ဆက် ဗမာပြည်လယ်သမားထုနာလှပြီ။ ကျောကော့နေအောင် ခံစားခဲ့ရသည်။ မြေရှင်စနစ်ကို အပြီးအပိုင် ဖျက်သိမ်းပစ်သည့် တော်လှန်ရေးနည်းကသာလျှင် လယ်သမားထုကို လွတ်မြောက်စေလိမ့်မည်။

## မြေရှင်စနစ်နှင့် မြေယာပိုင်ဆိုင်မှုများ

ပဒေသရာဇ်ခေတ်တွင် လယ်ယာမြေအားလုံးကို မင်း (ရှင်ဘုရင်) ပိုင်သည်ဟု သတ်မှတ်ထားခဲ့သည်။ (မောင်းထောင်ဆရာတော်၏ ဘုရင့် အမေးကို ဖြေကြားချက်) ယနေ့တိုင်းပြည်က မြေယာအားလုံး နိုင်ငံတော်က ပိုင်သည်ဆိုသော ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံပါ အချက်နှင့် တသဘောတည်း ဖြစ်သည်။ (နိုင်ငံတော်ဆိုသည်မှာ စစ်အုပ်စုပင် ဖြစ်သည်) ပဒေသရာဇ်ခေတ်က လယ်သမားများသည် လယ်ကျွန်မြေကျွန်များ ဖြစ်ခဲ့ကြရသည်။

ဗမာပြည်သို့ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့ရောက်ရှိလာသောအခါ ဘုရင်တဦးတည်းပိုင်သော ပဒေသရာဇ်စနစ် ပျက်သွားသည်။

ပါတော်မူခေတ်နောက်ပိုင်းတွင် လယ်လုပ်သူများက လယ်ယာမြေပိုင်ဆိုင်ခွင့်ရခဲ့သော ကာလတခု ရှိခဲ့ဖူးသည်။

သို့ရာတွင် နယ်ချဲ့အစိုးရက ပဒေသရာဇ် မြေရှင်အကြွင်းအကျန်များကို ဆက်လက်ထိန်းသိမ်းမွေးမြူခြင်း၊ ဌာနေမဟုတ်သူ အတိုးကြီးစားမြေရှင်များ (ချစ်တီးများ) ကို ခေါ်ယူပြီး မွေးမြူပြုစုပေးခဲ့ခြင်းများ ပြုလုပ်သဖြင့် မြေယာပိုင်ဆိုင်မှု အချိုးအစား ပြောင်းသွားခဲ့ရပြန်သည်။

၁၉၁၄ ခုနှစ်မတိုင်မီကပင် ဗမာလယ်သမားများ လယ်မဲ့ယာမဲ့ဘဝသို့ စတင်ဆုတ်ယုတ်ကျဆင်းလာခဲ့ရသည်။

ဟံသာဝတီခရိုင်၌ စိုက်ပျိုးမြေ၏ ၄၃ ရာခိုင်နှုန်း၊ ဖျာပုံခရိုင်တွင် စိုက်ပျိုးမြေ၏ ၃၃ ရာခိုင်နှုန်း၊ အင်းစိန်ခရိုင်၌ ၃၀ ရာခိုင်နှုန်း၊ မအူပင်ခရိုင်၌ ၂၉ ရာခိုင်နှုန်း၊ ပဲခူးခရိုင်၌ ၂၈ ရာခိုင်နှုန်းသည် တောင်သူလက်ထဲမှ ဌာနေမြေရှင်များနှင့် ချစ်တီးများလက်သို့ ကျရောက်သွားသည်။ (၁၉၁၄ ခုနှစ် မြေနှင့်လယ်ယာကော်မတီ၏ အစီရင်ခံစာ)

၁၉၂၆ ခုနှစ်တွင် တပြည်လုံးစိုက်ပျိုးမြေအားလုံး၏ ၈၂ ရာခိုင်နှုန်းသာ လယ်သမားက ပိုင်ဆိုင်သည့်အခြေအနေ ဖြစ်သွားသည်။

စိုက်ပျိုးမြေ၏ ၅ ရာခိုင်နှုန်းကို ဌာနေမြေရှင်များ ပိုင်သည်။ စိုက်ပျိုးမြေ၏ ၁၃ ရာခိုင်နှုန်းကို ဌာနေမဟုတ်တဲ့ မြေရှင် များက ပိုင်သည်။

၁၉၃၇ ခုနှစ်၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ

လယ်သမားပိုင် ၆၈ ရာခိုင်နှုန်း။ ဌာနေမြေရှင်ပိုင် ၇.၅ ရာခိုင်နှုန်း။ ဌာနေမဟုတ်တဲ့ မြေရှင်ပိုင်ဆိုင်မှု ၂၆ ရာခိုင်နှုန်း။ (ဌာနေ မြေပိုင်ရှင်များက ၄၅၀,၀၀၀ ဧက ပိုင်သည်။ ဌာနေမဟုတ်တဲ့ မြေရှင်များက ၂,၅၀၀,၀၀၀ ဧက ပိုင်ဆိုင်သည်။)

ကိုလိုနီခေတ်တွင် ဤနည်းဖြင့် လယ်သမားများ တစတစ မြေယာလက်လွှတ်ဆုံးရှုံးခဲ့ရသည်။

လယ်သမားများအား မြေယာဝေခြမ်းရေး လုပ်ခဲ့သည့် ကာလအတိုင်းအတာတခုမှလွဲ၍ ခေတ်အဆက်ဆက် လယ်သမားများ နည်းအမျိုးမျိုးဖြင့် မြေယာဆုံးရှုံးလာခဲ့သည်မှာ ယခုအချိန်အထိ ဖြစ်သည်။ ယနေ့တွင်မူကား စစ်အစိုးရ ၂၀၀၈ ဥပဒေအရ လယ်သမားအားလုံး မြေယာအားလုံးကို (ဥပဒေအရ)လက်လွှတ်လိုက်ရသည်သာမက (လက်တွေ့အရလည်း) သန်းနှင့်ချီသော လယ်ယာမြေများကို အသိမ်းခံလိုက်ရပြီး မြေယာလုပ်ပိုင်ခွင့်ပါ ဆုံးရှုံးသွားခဲ့ရသည်။ လယ်သမားများမှာ ကိုယ်ပိုင်ခဲ့သော လယ်ယာမြေကွက်တွင် သီးစားအဖြစ် ရင်နာနာနှင့် လုပ်ကိုင်နေရသော အခြေအနေ ဖြစ်သည်။

– ခေတ်အဆက်ဆက် လယ်ယာမြေပိုင်ဆိုင်မှုစနစ်သည် စစ်အာဏာရှင်စနစ်နှင့် စစ်အုပ်စုခေတ်တွင် အဆိုးဝါး

ဆိုးသော အခြေအနေသို့ ရောက်ခဲ့သည်။ လယ်သမားအကျိုး လိုလားပါသည်ဆိုပြီး တောင်သူလယ်သမားနီးနှောဖလှယ်ပွဲများ ဟန်ပြကျင်းပခဲ့သော်လည်း (ယနေ့ ၂၀၀၈ ဖွဲ့စည်းပုံတွင် ဖော်ပြထားသည့်) လယ်ယာမြေအားလို နိုင်ငံတော် (စစ်အုပ်စု) က ပိုင်ဆိုင်သည်ဆိုသောအချက်ကို ၁၉၆၅ ခုနှစ်ကတည်းက စတင်ချမှတ်လာခဲ့ခြင်း ဖြစ်သည်။

၁၉၆၅ ခုနှစ်တွင် လယ်ယာမြေအားလုံးကို နိုင်ငံတော်က ပိုင်ဆိုင်ကြောင်း၊ လယ်လုပ်သူ လယ်လုပ်ပိုင်ခွင့်ရှိရမည်ဟု ကြေညာခဲ့သည်။ လယ်မလုပ်နိုင်သူများထံမှ လယ်ယာမြေ သိမ်းယူပိုင်ခွင့်ရှိသည်ဟု ဆိုသည်။

၁၉၆၄ တွင် ၁၀/၆၄ အရ– မြေယာထွက်ကုန် ပစ္စည်းများ ပြည်ပရောင်းဝယ်ခွင့်ကို စစ်အုပ်စုက ချုပ်ကိုင်လိုက်သည်။ လယ်ယာအဓိက ထွက်ကုန် ၂၄ မျိုးကို စစ်အုပ်စုက ချုပ်ရောင်းချုပ်ဝယ်လုပ်သည်။ ၆၅ တွင် လယ်ယာထွက်ကုန် (၆၄) မျိုးကို ကန့်သတ်ကုန်အဖြစ် ပြဋ္ဌာန်းလိုက်သည်။ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ ကိုင်းမြေအမျိုးမျိုးကို နိုင်ငံတော်က ပိုင်ဆိုင်သဖြင့် သတ်မှတ်စပါးနှင့် သီးနှံကိုသာ စိုက်ပျိုးရမည်။ လယ်ယာထွက်ကုန်သီးနှံများကို အစိုးရထံ ရောင်းချပေးသွင်းရမည်။ အခွန်တော် ပေးဆောင်ရမည်။ အကယ်၍ ပျက်ကွက်လျှင် နိုင်ငံတော်က အရေးယူခွင့်ရှိသည်ဟု အမိန့်ထုတ်သည်။

စစ်အာဏာရှင်စနစ်ခေတ်ဦး ၁၉၆၀ ခုနှစ်များခေတ်နှင့် ယနေ့စစ်အာဏာရှင်စနစ်ခေတ်ကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် မြေယာပိုင်ဆိုင်မှုစနစ်၊ မြေယာသီးနှံများ ချုပ်ကိုင်မှုစနစ်တို့သည် အပြောင်းအလဲတချို့ရှိနေသော်လည်း အနှစ်သာ ရ အရ အတူတူပင် ဖြစ်ကြောင်း တွေ့မြင်နိုင်သည်။

## လယ်သမားထုကို နှောင်ဖွဲ့ထားသော နှောင်ကြိုးများ

လယ်ယာမြေပိုင်ဆိုင်မှုစနစ်၊ (အမြတ်ကြီးစားငွေချေးလုပ်ငန်းအပါအဝင်) လယ်ယာမြေသွေးစုပ်မှုစနစ်၊ (လယ်ယာမြေ အခွန်တော် အပါအဝင်) လယ်သမားထု ထမ်းဆောင်ရသော အခွန်အမျိုးမျိုး၊ လယ်ယာမြေ ကုန်ထုတ်ဆက်ဆံမှုစနစ်၊ လယ်ယာထုတ်ကုန် ရောင်းဝယ်ရေးစနစ်တို့ ဖြစ်သည်။

လယ်ယာမြေပိုင်ဆိုင်မှုစနစ်နှင့် လယ်ယာမြေသွေးစုပ်မှုစနစ်သည် ပိုပြီးအရင်းခံကျသည်။ လယ်ခွန် အပါအဝင် လယ်ယာကုန်ရောင်းဝယ်ရေးစနစ်အထိလည်း ဆက်စပ်အကျုံးဝင်နေသည်။ (ကိုလိုနီခေတ် မြေခွန်၊ လူခွန်၊ စပါးဈေးနှိမ်ချမှုတို့သည် ဆင်းရဲလယ်သမားအား ဆင်းရဲတွင်းနက်သထက်နက်အောင် ဖန်တီးပြီး လယ်ယာမြေ လက်လွှတ်စေရအောင် ဖန်တီးသော ကျော့ကွင်းများ ဖြစ်သည်) ယင်းကြောင့် လယ်လုပ်သူ လယ်ပိုင်ရေးသည် လယ်သမားထု၏ အဓိကတောင်းဆိုချက် ဖြစ်လာခဲ့သည်။

သည်အနှောင်အဖွဲ့များကို ခေတ်အဆက်ဆက် လယ်သမားထုက တိုက်ပွဲဝင်လာကြသည်။ တချို့ကာလများတွင်မူ လယ်သမားထု အပါအဝင် တတိုင်းပြည်လုံးအကျိုးစီးပွားအတွက် ကိုယ်စားပြုသောတိုက်ပွဲများကိုလည်း လယ်သမားထုက ပါဝင်ဆင်နွှဲခဲ့သည်။

## ခေတ်အဆက်ဆက် လယ်သမားထု ပါဝင်ဆင်နွှဲသော တိုက်ပွဲများ

– ကိုလိုနီခေတ်မှာ ပေါ်ခဲ့သော လယ်သမားအရေးလှုပ်ရှားမှု ၁၂ ကြိမ်အနက် ထင်ရှားသော လှုပ်ရှားမှုများမှာ

– ၁၉၁၀ ပတ်ဝန်းကျင်။ မြင်းမူ(စစ်ကိုင်း၊ ရွှေဘို၊ မုံရွာနယ်အပါအဝင်) မှ လယ်သမား ဦးသန့်ခေါင်းဆောင်သော လယ်သမားအုံကြွမှု။

– ၁၉၂၀ ခုနှစ်နောက်ပိုင်း ကျေးလက်ဝံသာနုအဖွဲ့၊ ဘူးအသင်း၊ လယ်သမားစီးပွားရေးအသင်းများ၏ လှုပ်ရှားမှုများ

– ရွှေဘိုနယ်မှ "ဗန္ဓက"ဘွဲ့အမည်ရ ရသေ့ဦးဆောင်သော လယ်သမားတိုက်ပွဲများ

– ၁၉၃၀ ဒီဇင်ဘာ။ ဆရာစံခေါင်းဆောင်တဲ့ ဂဠုန်တပ်ဖွဲ့ဝင် လယ်သမားများ၏ လက်နက်ကိုင်တော်လှန်ပုန်ကန်မှု

– ၁၃၀၀ ပြည့်အရေးတော်ပုံအတွင်း လယ်သမားများ၏ ပါဝင်ဆင်နွှဲမှုများ

– ဖက်ဆစ်ဂျပန်တော်လှန်ရေးအတွင်း လယ်သမားပြောက်ကျားတပ်ဖွဲ့များ၏ တော်လှန်ရေးဆင်နွှဲမှုများ

– ၁၉၄၈ ခုနှစ်မှစပြီး ယနေ့အထိ မပြီးပြတ်သေးသော ပြည်တွင်းစစ်တိုက်ပွဲများ (ပြည်တွင်းစစ်ဆိုသည်မှာ အရင်းခံအားဖြင့် လယ်သမားစစ်ပွဲပင် ဖြစ်သည်)

– ရှစ်လေးလုံးအရေးတော်ပုံအတွင်း လယ်သမားထု ပါဝင်ဆင်နွှဲခဲ့မှုများ

ခေတ်အဆက်ဆက်တွင် လယ်သမားထုသည် ယင်းကဲ့သို့ မိမိအရေး၊ တိုင်းပြည်နှင့်အမျိုးသားအရေး အသက်ပေး ဆောင်ရွက်ခဲ့ကြသည်။ သို့တိုင်အောင် ယနေ့ကာလတွင် တိုင်းပြည်အခြေအနေရော၊ လယ်သမားထုဘဝပါ အဆိုးဆုံးအခြေ အနေနှင့် ရှန်းကန်ရင်ဆိုင်နေရဆဲ ဖြစ်သည်။

## ခေတ်အဆက်ဆက် လယ်ယာမြေဝေခြမ်းမှုများ

လွတ်လပ်ရေးမတိုင်မီနှင့် လွတ်လပ်ရေးခေတ်ဦး ပဒေသရာဇ်မြေရှင်စနစ် ဆက်လက်တည်ရှိနေသော အခြေအနေတွင်

– ဗမာပြည်ကွန်မြူနစ်ပါတီက ၁၉၄၆ ဖေဖော်ဝါရီလတွင် ခရိုင်(၆) ခရိုင်၊ မြို့နယ်(၃၆) မြို့နယ်တွင် လယ်ယာမြေ ဝေခြမ်းရေးလုပ်ခဲ့သည်။

– (၁၉၄၉ စက်တင်ဘာလမှ ၁၉၅၀ စက်တင်ဘာလအတွင်း) မြို့နယ်(၁၇) မြို့နယ်မှာ ဗမာပြည်ကွန်မြူနစ်ပါတီက မြေယာဝေခြမ်းရေး ထပ်မံပြုလုပ်ခဲ့ပြန်သည်။

– သည့်နောက် "မသုံးလုံး ဒေသ"စသဖြင့် ဒေသအလိုက် မြေယာဝေခြမ်းရေး ထပ်လုပ်သည်များ ရှိသည်။

(ဗမာပြည်ကွန်မြူနစ်ပါတီ၏ အတွေ့အကြုံအရ "လယ်လုပ်သူ လယ်ပိုင်ရေး"လုပ်ဖို့က လွယ်သည်။ အာဏာနှင့် လုပ်လို့ရသည်။ မြေရှင်ဆီက မြေကို "သိမ်း"ပြီး ဝေလိုက်ရုံ ဖြစ်သည်။ သို့ရာတွင် ပေါ်လစီတိမ်းစောင်းမှုနှင့် လက်တွေ့ အကောင်အထည်ဖော်မှုတွင် အမှားအယွင်းမဖြစ်အောင် အချိန်ယူပြီး အခိုင်အမာ ပြင်ဆင်လုပ်ကိုင်ဖို့ လိုသည်။ လူတန်းစား ခွဲခြမ်းစိတ်ဖြာမှု အမှားအယွင်းမဖြစ်အောင် ဆုံးဖြတ်သတ်မှတ်ရေးသည် အရေးကြီးလုပ်ငန်း ဖြစ်သည်။ လယ်ယာမြေဝေခြမ်းရေးရလဒ်များ တည်တံ့စေရန် တပြည်လုံးလွတ်မြောက်ရေးဖြစ်စေ၊ ကျေးလက်ပြည်သူ့အာဏာ ခိုင်မြဲတည်တံ့ရန်ဖြစ်စေ အဓိက လိုအပ်သည်။ လယ်ယာမြေဝေခြမ်းရေး၏ အခိုင်အမာ လက်တွေ့အတွေ့အကြုံအရ လယ်သမားက မြေရရုံနဲ့ လွတ်လွတ်လပ်လပ် စိုက်ပျိုးရောင်းချခွင့်ရရုံနဲ့ လွတ်မြောက်သည် မဟုတ်။ (မြေ – လုပ်အား – ငွေကြေး) အခြေခံအားဖြင့် ဒီ (၃) ခု ပြည့်စုံမှ ဖြစ်သည်။ ဝမ်းစာ – မျိုး – စိုက်ပျိုးရေးစရိတ်အတွက်က ငွေလိုသည်။ မြေရှင်က ငွေထုတ်မချေးတော့။ ချမ်းသာကလည်း ငွေထုတ် မချေးချင်။ (အစိမ်းရောင်းအစိမ်းဝယ် မလုပ်ရသည့်အခါ မည်သူမျှ ငွေထုတ်မချေးချင်ကြ။) ပါတီတပ်က ငွေတိုက်သိမ်းမိစဉ်က ရရှိသော ငွေများနှင့် တနှစ်အတွက် "အမတော်ကြေး"ငွေထုတ်ချေးနိုင်သည်။ နောက်နှစ် ငွေထုတ်မချေးနိုင်တော့။ လယ်သမားအတွက် စိုက်ပျိုးစရိတ် ငွေကြေးသည် လယ်ယာပိုင်ဆိုင်ခွင့်နည်းတူ အရေးကြီးသည်။ ယနေ့ကာလတွင်မူ လယ်သမားများ၏ လယ်ယာမြေလုပ်ငန်းတွင် အကြီးမားဆုံးအခက်အခဲက ငွေကြေး ဖြစ်နေသည်။ လယ်သမားတွေ ကြွေးတွေ သိပ်တင်နေသည်။ ကြွေးဝန်ပိနေသည်။)

– ပြည်သူ့ရဲဘော်နှင့် အလံနီကွန်မြူနစ်ပါတီတို့ကလည်း ၎င်းတို့ သက်ဆိုင်ရာဒေသများတွင် လယ်ယာမြေဝေခြမ်းရေး လုပ်ခဲ့သည်လည်း ရှိသည်။

– တော်လှန်ရေးအင်အားစုများ၏ ယင်းကဲ့သို့ မြေယာဝေခြမ်းရေးအရှိန်အဟုန်ကြောင့်သော်လည်းကောင်း၊ လယ်သမားထု၏ တောင်းဆိုလှုပ်ရှားမှုကြောင့် သော်လည်းကောင်း လွတ်လပ်ရေးခေတ်ဦးပိုင်း (၁၉၅၃–၅၄) တွင် ဖဆပလ အစိုးရက ခရိုင် (၃) ခု၊ မြို့နယ် (၈) ခုတွင် လယ်ယာမြေ ဝေခြမ်းရေးလုပ်ခဲ့သည်။ ၁၉၅၃ မှ ၁၉၅၈ အထိ လယ်ဧကပေါင်း ၃ သန်းနှင့် ၃ သိန်းကျော် လယ်ယာမြေ ဝေခြမ်းရေးလုပ်ခဲ့သည်ဟု အစိုးရက ဝါဒဖြန့်ခဲ့သည်။ လွတ်လပ်စွာ

စိုက်ပျိုးထုတ်လုပ်ခွင့်၊ လယ်ယာမြေပိုင်ဆိုင်ခွင့်၊ ပေါင်နှံရောင်းချခွင့် လွှဲပြောင်းခွင့်အပါအဝင် လွတ်လပ်စွာ ကြိုတ်ခွဲ ရောင်းချခွင့် ရရှိသည်ဟု ဆိုသည်။ (သို့ရာတွင် ဖဆပလ အာဏာပိုင်များ သည် မြေရှင်များနှင့် မကင်းရာ မကင်းကြောင်း ဖြစ်နေမှုအရ သော်လည်းကောင်း၊ အာဏာပိုင်တချို့၏ ခြိမ်းခြောက် အကျပ်ကိုင်မှုကြောင့်သော်လည်းကောင်း၊ မြေရှင်များ၏ ဩဇာအာဏာကို မဖြိုချနိုင်သဖြင့်လည်းကောင်း၊ (ဗမာပြည် ကွန်မြူနစ်ပါတီ၏ သုံးသပ်ချက်မှာပါသည့်အတိုင်း) မြေယာ ဝေခြမ်းရေးမှာ မြေရသည့်လယ်သမားက ငွေကြေးမပြည့်စုံ သဖြင့် ရရှိထားသည့် လယ်ယာကို ဆက်လက်မလုပ်နိုင်သည့် အတွက်သော် လည်းကောင်း မြေအတော်များများမှာ မြေရှင့်လက်သို့ နည်းအမျိုးဖြင့် ပြန်လည် ရောက်ရှိသွားသည်။)

မဆလ ခေတ်တွင် နိုင်ငံတော် က သိမ်းပိုက် လိုက်သော မြေယာများကို ၎င်းမြေယာများတွင် ကိုယ်တိုင်လုပ်ကိုင် နေသော လယ်သမားများအား ယခင်အတိုင်း ဆက်လက် သီးစားချပေးသည်။ လယ်မလုပ်ဘဲ လယ်ပိုင်နေသူများ၏ မြေများကို အပြီးအပိုင်သိမ်းယူပြီး ထိုလယ်မြေတွင် သူရင်းငှား အဖြစ် လုပ်ကိုင်နေသော လယ်သမားများကို နိုင်ငံတော် အနေဖြင့် ပြန်လည်သီးစားချပေးခဲ့သည်။ (မြေရှင်များက သူတို့မြေများကို ဆွေမျိုးသားချင်းများ၊ လူယုံတော်များထံ ဖြန့်ခွဲပြီး အမှန်တကယ် လယ်လုပ်သည့် မြေများအဖြစ် အသွင်ပြောင်းလိုက်ကြသည်။ ယခင် ဖဆပလ ခေတ်နည်းတူ လယ်လုပ်ခွင့်ရသူ လယ်သမားများ၏ မြေဆိုသည်မှာလည်း အနည်းနည်းအဖုံဖုံဖြင့် ယခင်မြေရှင်ဟောင်း၏ ချုပ်ကိုင်မှုအောက် အတော်များများ ပြန်လည်ရောက်ရှိသွားသည်။)

## မြေယာသွေးစုပ်မှုစနစ်

မျက်မှောက်ကာလ လယ်ယာမြေသွေးစုပ်မှုစနစ်ကို ဆိုလိုသည်။ မျက်မှောက်ကာလတွင် နိုင်ငံတော် (စစ်ဗျူရိုကရက် မြေရှင်ကြီး) စနစ် ကျင့်သုံးမှုအောက်ဝယ် လယ်သမား များမှာ ဘိုးဘွားအမွေ ကိုယ်ပိုင်ခဲ့သည့်မြေပေါ်မှာ သီးစား လုပ်နေကြရသည့် သီးစားများ ဖြစ်လာသည့် အခြေအနေ တည်ရှိနေသည်။ မြေယာတွင် အဓိကသွေးစုပ်မှုသည် သီးစားခသဏ္ဌာန် သွေးစုပ်မှု ဖြစ်သည်။ သီးစားခသဏ္ဌာန် သွေးစုပ်မှုတွင် လုပ်အားအရ သွေးစုပ်မှု၊ သီးနှံအရ သွေးစုပ် မှုနှင့် အသပြာအရ သွေးစုပ်မှုတို့ ပါဝင်သည်။ (တချို့ သုတေသီများ တင်ပြသည့် "ကုန်ထုတ်၊ လုပ်အား၊ ဘဏ္ဍာ" သွေးစုပ်မှုနှင့် တသဘောတည်း ဖြစ်သည်)



**"နိုင်ငံတော်မြေရှင်က သွေးစုပ်သည့်သဏ္ဌာန် ဆိုလျှင် ပိုရက်စက်သည်။ လယ်သမား က နိုင်ငံတော်ကို ပေးလိုက်ရသော သီးစားခသဏ္ဌာန်သည် အစွန်း ထွက် တန်ဖိုး၏ ရိုးရိုးသဏ္ဌာန် မဟုတ်ဘဲ အခွန်၊ အတိုး၊ ကုန်သွယ် ရေးအမြတ်များနှင့် ရောယှက်နေ သော သီးစားခသဏ္ဌာန် ဖြစ်သည်" (ကားလ်မာ့က်စ်)**

ထို့ကြောင့် စစ်အာဏာရှင် စနစ်အောက် လယ်ယာမြေသွေးစုပ်မှုတွင် လယ်ယာလုပ်ငန်း ခွင် ရိုးရိုးသွေးစုပ်မှုသာမက လုပ်အားအရ အဓမ္မလုပ်အားခိုင်း စေမှုသည်လည်း လယ်ယာမြေ သွေးစုပ်မှုတွင် ပါဝင်သည်။ အသပြာသွေးစုပ်မှုတွင် ဓာတ်မြေဩဇာ အတင်းအကျပ် ရောင်းချမှု၊ (ဓာတ်မြေဩဇာများ စိုက်ခင်းပျက်သည်အထိ လိမ်ညာရောင်းချမှုများပင် ရှိသည်) လိုအပ်သော လယ်လုပ် ကိရိယာများကို အမြတ်တင်ရောင်းချမှု၊ ရေပေးသွင်းမှု၊ ရေခွန်၊ မြေခွန်၊ (စစ်အစိုးရ၏ မြေခွန်သွေးစုပ်မှုသည် ကိုလိုနီခေတ် မြေခွန်သွေးစုပ်မှုနှင့် တွက်ချက်ကြည့်လျှင် မကွာလှပါ) ချေးငွေ (ဘဏ်တိုး) စသည် တို့မှတဆင့် အမြတ်ယူခြင်းလည်း ပါဝင် သည်။ ထွက်ကုန် သီးနှံပေါ်မှ သွေးစုပ်မှုတွင် လယ်သမား လွတ်လပ်စွာ ရောင်းဝယ်ခွင့် ပိတ်ပင်ထားခြင်းနှင့်အတူ သီးနှံကို ပြည်တွင်းကုန်သွယ်ရေး၊ ပြည်ပကုန်သွယ်ရေးတို့မှတဆင့် အမြတ်ယူခြင်းလည်း ပါဝင်သည်။

ယင်းသို့သော သွေးစုပ်မှုများကြောင့် လယ်သမား များအပေါ် ကြွေးဝန်ပိလာရခြင်း ဖြစ်ပါသည်။

## လယ်သမားထုနဲ့ အကြွေး

ကိုလိုနီခေတ်တုန်းက ချစ်တီးက စပါးလာသိမ်းပြီးရော လယ်သမားမှာ "ဆန်ကောနဲ့ ကောက်ဆွပဲ ကျန်ရစ်တော့တယ်" ဆိုသည့် ဆိုရိုးစကားနည်းတူ စစ်အစိုးရခေတ်တလျှောက်လုံးတွင်လည်း လယ်ယာမြေလယ်သမားတို့၏ ဆိုရိုးစကားတခွန်း ရှိခဲ့သည်။ "ကောက်လည်း သိမ်းရော တလင်းထဲမှာ လယ်သမားရယ်၊ သူပိုင်တာဆိုလို့ ကောက်ရိုးရယ်၊ အမှော်ပုံရယ်ပဲ ကျန်တော့တယ်" ဟူ၍ ဖြစ်သည်။ ယနေ့ကာလတွင်ကား "လယ်သမားနဲ့အတူ ကောက်ရိုးရယ်၊ အမှော်ပုံရယ်၊ အကြွေးရယ်ပဲ ကျန်တော့တယ်" ဟူ၍ "အကြွေး" ကို ထပ်ဖြည့်လာကြသည်။ နောက်တခု ဆိုရိုးစကားတခွန်းလည်း ရှိသေးသည်။ "အစိုးရရဲ့ လယ်လုပ်ပိုင်ခွင့်နဲ့အတူ အကြွေးတွေပါ တွဲယူလိုက်ရတယ်" ဆိုတာ ဖြစ်သည်။

လယ်သမားတို့၏ အကြွေးမှာ အောက်ပါအကြောင်းများကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

– စစ်အစိုးရ စိုက်ပျိုးစရိတ်ချေးငွေသည် ဆင့်ပါးစပ်နမ်းပက်သလောက်သာ ရှိသည်။ လယ်သမားအတွက် တရာသီ တဧက စိုက်ပျိုးစရိတ်မှာ ကျပ်ငွေတသိန်းမှ သုံးသိန်းအထိ လိုအပ်သည်။ စစ်အစိုးရ၏ အတိုးနှင့်ပေးသော စိုက်ပျိုးစရိတ်ချေးငွေမှာ တဧက အနိမ့်ဆင့် ကျပ်နှစ်ထောင်မှ ရှစ်ထောင်ကြား၊ အမြင့်ဆုံး ကျပ်တသောင်းမှ နှစ်သောင်းဝန်းကျင်သာ ရှိတတ်သည်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းနှင့် ကျေးလက်အာဏာပိုင်များက ငွေချေးပေးနိုင်သူများ ဖြစ်သည်။ သူတို့ချေးပေးသည်မှာလည်း သူတို့အသင်းသားများ၊ သူတို့အာဏာပိုင်များနှင့် သူတို့ဆွေမျိုးများအတွင်းသာ ချေးပေးတတ်ပြီး ရွေးကောက်ပွဲကာလ မဲဆွယ်ချိန်ကျမှ မဲသေချာပေါက်ထည့်မည့်သူများကို ချေးပေးတတ်ကြသည်။ ထို့ကြောင့် လယ်သမားက ရပ်ရွာအတွင်း ငွေတိုးချေးသူများထံမှ မတန်တဆအတိုးနှုန်း (၂၀ တိုးမှ သုံး–လေး–ငါးဆယ်တိုး အထိ) ပေး၍ ချေးရတတ်သည်။ စပါးပေါ်ချိန် ရောက်လျှင် အစိုးရချေးငွေ၊ ဒေသငွေတိုးချေးစားသမားချေးငွေတို့အတွက် ရသည့်စပါးကို ရသည့်ဈေးဖြင့် ဝမ်းစာစပါးတောင် မချန်နိုင်ဘဲ ချက်ချင်းရောင်းချကာ အတိုးရောအရင်းပါ ပြန်ဆပ်ရသည်။ အခွန်သွေးစုပ်မှု၊ မြေသြဇာနှင့် လယ်လုပ်ကိရိယာ ရောင်းချမှု အပေါ်မှ အမြတ်ကြီးစား သွေးစုပ်မှု၊ စစ်တပ်ရိက္ခာစပါးကို ဈေးဦးနှိမ်ဈေးဖြတ်ဝယ်ယူမှု (ယခင်က တာဝန်ကျေစပါး ၁၂ တင်းနှုန်း ရောင်းချရမည်ဆိုသည့်အစား ၂၀၀၅ နောက်ပိုင်း လွတ်လပ်စွာ ရောင်းဝယ်ခွင့် ရှိသည်ဆိုပြီး နယ်မြေကျော် မရောင်းရ ဆိုသည်နှင့် ချုပ်နှောင်လိုက်ကာ ဈေးနှိမ်ဝယ်ယူခြင်း ဖြစ်သည်)၊ မျိုးစပါးများ ၊ နေကြာစေ့များ၊ ဓာတ်မြေသြဇာများ မဝယ်မနေရ အဝယ်ခိုင်း၍ ဝယ်ယူရမှု ... စသည်တို့ကြောင့် လယ်သမားတို့မှာ မိမိလုပ်အားမှ ထွက်ရှိသည့်စပါး၏ အကျိုး အမြတ်ကို ခံစားခွင့် မရရှိဘဲ "စိုက်ရန်ကြွေးယူ၊ ကြွေးထု ကျွန်ဖြစ်" ဘဝ ရောက်ရရှာသည်။ အကြွေးတင်လယ်သမား များကို ယခင်ကကဲ့သို့ တရားမစွဲကြတော့ဘဲ ရဲများနှင့် ပေါင်းပြီး ထောင်သွင်းအကျဉ်းချပစ်ကြသည်။ အကြွေးစက်ဝန်း မှ ရုန်းမထွက်နိုင်၍ တချို့လယ်သမားများ မိသားစုလိုက် ကိုယ့်ကိုယ်ကို သတ်သေသွားကြသည့် ကြေကွဲဖွယ်သတင်းများ မကြာခဏ ကြားနေရသည်။။ တချို့ စိတ်ထိခိုက်သေဆုံး သွားသည်။ တချို့ စိတ်ကျန်းမာရေးပျက်ယွင်း (ရူး) သွား ကြသည်။

ကိုလိုနီခေတ်တွင် အကြွေးကြောင့် ချစ်တီးက လူပါ သိမ်းသည်မျိုး ရှိခဲ့ဖူးပါသည်။ ယခုခေတ်မှ ချစ်တီးက မသိမ်း သော်လည်း လယ်သမား၏ သမီးပျိုများ ချစ်တီးသိမ်းသည် ထက် ပိုဆိုးသောဘဝမျိုး ရောက်ကြရသည်။ (ကျေးလက်တွင် သမီးပျိုများ မကောင်းသည့်လုပ်ငန်း လုပ်ကိုင်ငွေရှာတတ် သည်ကို သည်ကိစ္စမျိုး ခွင့်ပြုရန် ခက်ခဲတတ်သော ဗမာလူမျိုး မိဘများ ဖြစ်ရက်က မတားမြစ်သာဘဲ ငုတ်တုတ်ကြည့်နေ ရသည့်ဘဝ ရောက်နေပြီ) ဖဆပလ ခေတ် (၁၉၄၈–မှ ၅၈) တွင် တနိုင်ငံလုံး လယ်သမားများအပေါ် အရပ်ရပ်တင်ရှိသော အကြွေးငွေ ကျပ် (၁၆) ကုဋေကျော် ရှိခဲ့ဖူးပါသည်။ မျက်မှောက် ကာလတွင်မူကား နိုင်ငံတကာတက္ကသိုလ်တခုက ရွာပေါင်း ၁၀၀ တွင် ၂၀၀၉ ခုနှစ် သုတေသနပြုချက်အရ လယ်သမား မိသားစုတိုင်း ကျပ်ငွေ ၅ သိန်း နှင့် ၈ သိန်းအကြား အကြွေး တင်နေပြီး ဧရာဝတီတိုင်းတွင်မူ လယ်သမား ၉၀ ရာခိုင်နှုန်း အကြွေးတင်နေသည်ဟု ဆိုပါသည်။

## လယ်ယာမြေ၏ ကုန်ထုတ်ဆက်ဆံရေးစနစ်

စစ်တပ်ကို ချုပ်ကိုင်ထားသော အာဏာပိုင် နိုင်ငံတော် (စစ်ဗျူရိုကရက်မြေရှင်ကြီး) နှင့် ၎င်း၏ သီးစားများဖြစ်သော အာဏာမဲ့ လယ်သမားများ၏ တဖက်သတ်သွေးစုပ်ခံ ကုန်ထုတ်လုပ်ရေးဆက်ဆံမှုစနစ်သာ ဖြစ်သည်။

## လူတန်းစားအလွှာ ခွဲခြမ်းစိတ်ဖြာခြင်း

ဦးတည်တိုက်ရမည့် ရန်သူ၊ မဟာမိတ်၊ ကြားနေ၊ အခြေခံအင်အားစသည်တို့ သတ်မှတ်ရန် လယ်ယာမြေ လယ်သမားများအား အလွှာခွဲခြမ်းစိတ်ဖြာကြည့်ရန် လိုပါသည်။

စစ်အာဏာရှင်စနစ် ပေါ်ဦးစ "၁၉၆၃ ခုနှစ်၊ သီးစားချထားရေးအက်ဥပဒေ" တွင် ("မြေရှင်" ဆိုသည်မှာ အခွန်အက်ဥပဒေ၊ သို့တည်းမဟုတ် မြန်မာနိုင်ငံအထက်ပိုင်းမြေနှင့်အခွန် ရက်ဂူလေးရှင်း ဥပဒေအရ လယ်ယာမြေ လက်ဝယ်ထား ရှိနိုင်သည့်၊ သို့တည်းမဟုတ် ပိုင်ဆိုင်သည့် အခွင့်အရေးရသော ပုဂ္ဂိုလ်ဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေ ဆိုလိုသည်။ ထိုစကားရပ်တွင် မြေရှင်၏ကိုယ်စားလှယ် ပါဝင်သည်) ဟု ဖော်ပြထားသည်။ မြေရှင်၏ သရုပ်မှန်ကို နည်းနည်းမှ မဖော်ပြလိုသော စစ်အုပ်စု၏ သတ်မှတ်ချက်ပင် ဖြစ်သည်။ မြေယာပိုင်ဆိုင်သူလယ်သမားနှင့် မြေရှင်ကို ရောထွေးပြီး ရှုပ်ထွေးအောင် လုပ်ထားခြင်း ဖြစ်သည်။ ၎င်းတို့၏ ယင်းကဲ့သို့သော သတ်မှတ်ချက်မှာ စစ်အာဏာရှင်စနစ်၏ တလျှောက်လုံး သဘောထားနှင့် သတ်မှတ်ချက်ဟု ယူဆနိုင်သည်။

သာမန် လယ်ယာပိုင်သူလယ်သမားနှင့် မြေရှင်အကြား အမှန်တကယ်ခွဲခြားရန် စည်းကြောင်းမှာ ၁။ သွေးစုပ်မှု အတိုင်းအတာ၊ ၂။ ကိုယ်တိုင်ကာယလုပ်အားဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်သည့်အတိုင်းအတာ တို့ဖြင့် တိုင်းတာရမည် ဖြစ်ပါသည်။

ယနေ့မျက်မှောက်ဗမာပြည်တွင် နိုင်ငံတော်စစ်ဗျူရိုကရက်အစိုးရနှင့် စစ်အုပ်စုသည် ဗမာပြည်၏ လက်ဝါးကြီးအုပ် စစ်အာဏာပိုင်မြေရှင်ကြီးအဖြစ် စစ်ဗျူရိုကရက်မြေရှင်ကြီးစနစ်ကို ကျင့်သုံးလျက် ရှိနေသည်။ လယ်ယာမြေကော သောင်းနှင့်သိမ်းနှင့်ချီ၍ သိမ်းပိုက်ခွင့်ရနေသော စစ်အုပ်စု၏ အခွင့်ထူးခံစီးပွားရေးကုမ္ပဏီများနှင့် စီးပွားရေးပုဂ္ဂိုလ်များကိုလည်း စစ်အုပ်စု၏ အပေါင်းပါများအဖြစ် မြေရှင်ကြီး သတ်မှတ်မှုထဲတွင် ထည့်သွင်းထားရမည် ဖြစ်ပါသည်။ ၎င်းတို့အောက်တွင် ဗမာပြည်၏ လယ်ယာမြေတွင် အခိုင်အမာ သွေးစုပ်ချယ်လှယ်ခွင့် ရယူထားသော မြေရှင်ဟု သတ်မှတ်ရမည့် လူတန်းစားလည်း ဆက်လက်တည်ရှိနေသည်ကို သတိပြုရပါမည်။

**မြေရှင်။** ။ ကိုယ်တိုင်မြေပိုင်ပြီး (သို့မဟုတ်) လုပ်ပိုင်ခွင့်ရပြီး ထိုမြေပေါ်တွင် ကိုယ်တိုင်လုပ်အားဖြင့် လုံးဝစိုက်ပျိုး လုပ်ကိုင်ခြင်း မပြုသူ (သို့မဟုတ်) တရာသီလုပ်ငန်း၏ ၂၅ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းလောက်သာ လုပ်သူ၊ ထိုမြေအပေါ်မှာ အဓိက (သီးစားခ) သွေးစုပ်မှု ရ၀ ရာခိုင်နှုန်း၏ အထက်ဖြင့် အသက်မွေးသူ ဖြစ်သည်။ (ရာခိုင်နှုန်းသတ်မှတ်ချက်အကိုးအကား။ ။ ဗမာပြည်ကွန်မြူနစ်ပါတီ (ပဲခူးရိုးမကာလ) မြေယာနှင့် လူတန်းစား ခွဲခြမ်းစိတ်ဖြာချက်စစ်တမ်း) မြေရှင်သည် ယင်းသွေးစုပ်မှုအပြင် ငွေတိုးချခြင်း၊ သူရင်းငှားထားခြင်း၊ အခြားအရောင်းအဝယ် ကုန်သွယ်မှု လုပ်ငန်းလုပ်ခြင်း၊ စက်မှုနှင့်လက်မှုလုပ်ငန်းလုပ်ခြင်းများလည်း ရှိတတ်သည်။ သို့သော် အဓိကအားဖြင့် လယ်သမားအပေါ် သီးစားခသွေးစုပ်ခြင်းအပေါ်မှ အသက်မွေးသူ ဖြစ်ရမည်။ (မျက်မှောက်ခေတ်တွင် ကျေးလက်၌ မြေယာလုပ်ပိုင်ခွင့် ဧက ၅၀၀၀ အထိ ရနေသူများ ရှိနေသည်။ ထိုသူများသည် ၎င်းတို့လုပ်ပိုင်ခွင့်ရသည့် မြေယာပေါ်၌ ကိုယ်တိုင်ကာယလုပ်အားဖြင့် မည်သည့်နည်းနှင့်မျှ မပါဝင်နိုင်ဘဲ တဆင့်သီးစားချပြီး သီးစားခအပေါ်မှ သွေးစုပ်မှုဖြင့် အသက်မွေးသူဖြစ်ပါက မြေရှင်ဟုသာ သတ်မှတ်ရမည်)

စီးပွားပျက်မြေရှင်များ ကာယအလုပ် ဆက်မလုပ်ဘဲ လိမ်လည်လှည့်ဖြားမှု၊ ယနေ့ခေတ်အခြေအနေအရ အာဏာပိုင်များနှင့် ပေါင်းပြီး ကလိမ်ကျမှု၊ လယ်ယာလုပ်ကိုင်ခွင့်များကို အပိုင်စီးထားမှု၊ မိတ်ဆွေသင်္ဂဟများ၏ အဆက်အသွယ် ထောက်ပံ့မှုတို့ဖြင့် အသက်မွေးပြီး ၎င်း၏ စားဝတ်

နေမှုအဆင့်အတန်းသည် သာမန်အလတ်တန်းစား လယ်သမား ထက် ကျော်လွန်နေပါက ၎င်းကိုလည်း မြေရှင်အဖြစ် သတ်မှတ်ရမည်။

စစ်ဗျူရိုကရက်အရာရှိဆိုးများ၊ စစ်ဗျူရိုကရက် မြေရှင်ကြီးစနစ်ကို အကောင်အထည်ဖော်ပေးနေသူ – ကြံ့ခိုင်ရေးပါတီဝင်များ၊ ကျေးလက်အာဏာပိုင်များ၊ နယ်ခံဗိုလ်ကျ သူများ၊ အာဏာပိုင်များနှင့်ပေါင်းပြီး မြေယာလုပ်ပိုင်ခွင့်ကို ချယ်လှယ်အပိုင်စီးထားသူများစသော နိုင်ငံတော် (စစ်ဗျူရို ကရက်မြေရှင်ကြီး) စနစ်ကို နိုင်ငံရေး၊ စီးပွားရေးအရ ကိုယ် စားပြုသူအားလုံးသည်လည်း မြေရှင်သတ်မှတ်ချက်တွင် အကျုံးဝင်သည်။ နိုင်ငံတော် စစ်ဗျူရိုကရက်မြေရှင်စနစ်၏ သွေးစုပ်မှုကို အဓိကအကောင်အထည်ဖော်ပေးသော အလုပ် ကိုလုပ်ပြီး ၎င်းအလုပ်အပေါ်မှာသာ အဓိကမှီခိုအသက် မွေးသူ၊ သီးစားခသိမ်းခြင်းမှအစ စစ်ဗျူရိုကရက်မြေရှင်နှင့် တခြားမြေရှင်များ၏ သွေးစုပ်မှုအလုပ်ကို စီမံခန့်ခွဲပေးသူ၊ သူတို့၏ စားဝတ်နေရေးသည်လည်း သာမန်အလတ်တန်း စား လယ်သမားထက် ကျော်လွန်နေပါက သူတို့သည်လည်း မြေရှင်သတ်မှတ်ချက်တွင် အကျုံးဝင်သည်။ သူတို့အားလုံး သည် စစ်ဗျူရိုကရက် မြေရှင်ကြီး၏ ကိုယ်စားလှယ်များလည်း ဖြစ်ကြသည်။

**အတိုးကြီးစားသမားများ။** ။ ငွေချေးပြီး အတိုးဖြင့် သွေးစုပ်ခြင်းကို အဓိကမှီခိုပြီးအသက်မွေးသူ၊ ၎င်း၏ စားဝတ်နေမှု အဆင့်အတန်းမှာလည်း သာမန်အလတ်တန်း စားလယ်သမားအဆင့်ထက် ကျော်လွန်နေပါက ၎င်းကို အတိုးကြီးစားသမားဟုခေါ်ပြီး မြေရှင်နှင့် တတန်းတည်းထား သတ်မှတ်ရမည်။

**ချမ်းသာလယ်သမား။** ။ ချမ်းသာလယ် သမားသည် ယေဘုယျအားဖြင့် မြေယာပိုင်သည်။ တနည်း မြေယာလုပ်ပိုင်ခွင့်ရှိသည်။ တချို့ ကိုယ်ပိုင်မြေ (တနည်း) လုပ် ပိုင်ခွင့်ရထားသောမြေ ရှိနေပြီး တချို့က သူများထံမှတဆင့် ပြန်ငှားရသူများလည်း ရှိသည်။ သူတို့တွင် အတော်အသင့် ကောင်းမွန်သော လယ်လုပ်ကိရိယာများနှင့် (မီးစက်၊ ရေစုပ် စက်၊ မော်တော်) စသဖြင့် ရှိတတ်ပြီး လှည့်ပတ်နိုင်သည့် ငွေရင်းများ ရှိကြသည်။ ကိုယ်တိုင်ကာယအလုပ်တွင် အနည်းနှင့် အများ ပါဝင်သည်။ သူတို့၏ ဝင်ငွေတစိတ်တပိုင်း (သို့မဟုတ်) အများပိုင်းမှာ သွေးစုပ်မှုမှ ရနေသူဖြစ်သည်။ မြေရှင်နှင့် ချမ်းသာလယ်သမား ခွဲခြားမှုစည်းကြောင်းမှာ မြေရှင်က သီးစားခအပေါ်သွေးစုပ်မှုအဓိကဖြစ်၍ ချမ်းသာလယ်သမား က အခစားလုပ်အား (ပင်တိုင် သူရင်းငှားထားခြင်း) အပေါ်မှ သွေးစုပ်ခြင်းအဓိက ဖြစ်သည်။ ချမ်းသာလယ်သမားသည် သီးစားချခြင်းလည်း ရှိတတ်သည်။ စက်မှုလက်မှုလုပ်ငန်း ဖြစ်စေ၊ ကုန်သွယ်ရေးလုပ်ငန်းဖြစ်စေ လုပ်တတ်သည်။ ငွေတိုး လည်း ချတတ်သည်။ ချမ်းသာလယ်သမား၏ ဝင်ငွေအားလုံး တွင် သွေးစုပ်၍ရသော ဝင်ငွေသည် အဓိက ဖြစ်သည်။ ၎င်း အနက် အခစားလုပ်အားအပေါ်မှ သွေးစုပ်ခြင်းသည်အဓိက ဖြစ်သည်။

**အလတ်တန်းစားလယ်သမားများ။**

**အလတ်တန်းစားအထက်လွှာ။** ။ မြေယာပိုင်ကြ သည်။ သို့မဟုတ် မြေလုပ်ပိုင်ခွင့်ရထားကြသည်။ လယ်လုပ် ကိရိယာ အတော်အသင့် ရှိသည်။ ကိုယ့်လုပ်အားကို (အဓိက) မှီခိုပြီး အသက်မွေးသည်။ အခြားသူများကို (အနည်းငယ် သွေးစုပ်သည်။) သို့သော် အမြဲတမ်းမဟုတ်။ အဓိက မဟုတ်။ (ချမ်းသာလယ်သမားနှင့် အလတ်တန်းစား လယ်သမားအကြား စည်းကြောင်းမှာ ချမ်းသာက အဓိက သွေးစုပ်မှု လုပ်သည်။ အလတ်တန်းစားလယ်သမားက သွေးစုပ်ခြင်းကို အဓိက မလုပ်။ အလတ်တန်းစားလယ်သမား ၏ အဓိကဝင်ငွေက ကိုယ့်လုပ်အားအပေါ် မှီခိုခြင်း ဖြစ်သည်)

**အလတ်တန်းစားအလယ်လွှာ။** ။ လယ်ယာတချို့ ပိုင်၍ တချို့ကို ငှားလုပ်သည်။ သို့မဟုတ် လယ်ယာလုပ်ပိုင် ခွင့်တချို့ရှိ၍ တချို့ကို တဆင့်ပြန်ငှားပြီး လုပ်သည်။ လယ်လုပ် ကိရိယာအတန်အသင့် ရှိသည်။ ကိုယ့်လုပ်အားအပေါ် (လုံးဝ) မှီခိုပြီး အသက်မွေးရသည်။ (နည်းနည်းမှ သွေးမစုပ်။)

**အလတ်အောက်လွှာ။** ။ မြေမရှိ။ သို့ မဟုတ် မြေလုပ်ပိုင်ခွင့်မရ။ ငှားယူသည့်မြေ (သို့မဟုတ်) တဆင့်ခံ လုပ်ပိုင်ခွင့်ရသည့်မြေပေါ်တွင် လုပ်ကြရသည်။

လယ်လုပ်ကိရိယာတချို့ ရှိသည်။ ကိုယ့်လုပ်အားအပေါ် (လုံးလုံး) မှီခို အသက်မွေးရသည်။ (သူတပါးကို သီးစားခနှင့် ငွေတိုး အနည်းအပါးပေးရသဖြင့် သူတို့ကိုယ်တိုင် သွေးစုပ်ခံကြရသည်။)

သူတို့သည် ယေဘုယျအားဖြင့် လုပ်အားကို ရောင်းမစားချေ။

အလတ်တန်းစားထဲတွင် အလတ်အောက်လွှာသည် လူဦးရေအရ အများဆုံး ဖြစ်သည်။

**ဆင်းရဲလယ်သမား။** ။ (အလတ်တန်းစား လယ်သမားနှင့် ဆင်းရဲလယ်သမားအကြား ခွဲခြားထားသော စည်းကြောင်းမှာ အလတ်တန်းစားလယ်သမားက ယေဘုယျအားဖြင့် လုပ်အားရောင်းစားရန်မလို။ ဆင်းရဲလယ်သမားက ယေဘုယျအားဖြင့် လုပ်အားတချို့ကို ရောင်းစားရသည်။) ယေဘုယျအားဖြင့် လယ်တချို့ရှိသည်။ လုပ်ပိုင်ခွင့်တချို့ ရှိသည်။ ငွေရင်း အနည်းအပါးရှိသည်။ တချို့ကို ငှား၍ သို့မဟုတ် တဆင့်ခံ လုပ်ပိုင်ခွင့်ယူ၍ လုပ်ကြရသည်။ လယ်လုပ်ကိရိယာတချို့ ရှိသည်။ သီးစားခပေးရခြင်း၊ အတိုးပေးရခြင်း၊ အနည်းငယ် အငှားလိုက်ရခြင်းတို့ဖြင့် သွေးစုပ်မှုခံရသည်။ သူတို့သည် ဆင်းရဲလယ်သမား အထက်လွှာဖြစ်သည်။ လယ်လုံးဝမရှိသူ၊ ငွေရင်းလုံးဝမရှိသူတို့က ဆင်းရဲလယ်သမား အောက်လွှာ ဖြစ်သည်။

ကျေးလက်လက်မှုပညာသည်ကလေးများ၊ ဆိုင်အလုပ်သမားများ၊ ဈေးသည်ကလေးများ (ခေါင်းရွက်ဗျပ်ထိုးဖြစ်စေ၊ လမ်းဘေးဈေးသည်ဖြစ်စေ) တို့သည် ဆင်းရဲလယ်သမားနှင့် တတန်းစားတည်း ဖြစ်သည်။

**မြေမဲ့ယာမဲ့။** ။ လယ်မြေအလျှင်း မရှိ။ ယေဘုယျအားဖြင့် ငွေရင်း လုံးဝမရှိ။ လုံးဝ လယ်ငှားလုပ်ရသည်။ သီးစားခ ပေးရခြင်း။ အတိုးပေးရခြင်း။ အတော်အသင့် အငှားလိုက်ခြင်းဖြင့် သွေးစုပ်မှုခံရသည်။ လယ်လုပ်ကိရိယာ အနည်း အပါး ရှိတတ်သည်။

**(လယ်ကူလီအပါအဝင်) လယ်ယာအလုပ်သမားများ။** ။ မြေရော၊ လယ်လုပ်ကိရိယာပါ လုံးဝမရှိ။ တချို့ တလေလောက်သာ အလွန့်အလွန်နည်းပါးသည့်မြေနှင့် လယ်လုပ်ကိရိယာလေးများ ရှိတတ်ကြသည်။ (သူတို့သည် **မိမိလုပ်အားကို** လုံးဝ သို့မဟုတ် အဓိက ရောင်းစားကြရသည်။) ၎င်းအထဲတွင် "ထယ်ထိုးနွားကျောင်း ဆယ့်ငါးတောင်း" ဟု အဆိုရှိခဲ့သည့် (ဒေသအလိုက် "ပွဲဘက်"ဟု ခေါ်ကြသူများ) တနည်းအားဖြင့် ထယ်ထိုးပေး၊ နွားကျောင်းပေးခြင်းဖြင့် လုပ်အားရောင်းစားရသူများနှင့် လေလွင့်ပစ္စည်းမဲ့များလည်း ပါဝင်သည်။

လယ်ကူလီအပါအဝင် လယ်အလုပ်သမားများသည် လယ်မဲ့ယာမဲ့လူဦးရေ၏ ၆၀ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုနေကြသည်။

ယေဘုယျအားဖြင့် လယ်မဲ့ယာမဲ့သည် ကျေးလက်လူဦးရေ၏ အများစုဖြစ်လေ့ရှိရာ နိုင်ငံတော် (စစ်ဗျူရိုကရက်) မြေရှင်ကြီး စနစ်ကျင့်သုံးသည့် ကာလတွင် ပိုမိုများလာနိုင်ဖွယ်ရှိနေသည်။ သို့ရာတွင် ဂျပန်ပြည် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JACA) မှ ပြုစုသည့် စာရင်းဇယားများအရ အပူပိုင်းဒေသ လယ်မဲ့ယာမဲ့ဦးရေသည် ကျေးလက်လူဦးရေ၏ ၄၂ ရာခိုင်နှုန်း၊ (အလယ်အလတ်)၊ မကွေးတိုင်းပခုက္ကူမြို့နယ်တွင် ၈၀ ရာခိုင်နှုန်း (အမြင့်ဆုံး)၊ စစ်ကိုင်းတိုင်း အရာတော်မြို့နယ်တွင် ၈ ရာခိုင်နှုန်းအနိမ့်ဆုံးဟု တွေ့ရသည်။ တချို့အရပ်ဒေသများ၌ လယ်မဲ့ယာမဲ့ ရာခိုင်နှုန်း အလွန်နည်း ပါးသွားမှုအကြောင်းရင်းတွင် ပြည်ပနိုင်ငံများသို့ ကျေးလက်မှ အမြောက်အမြား သွားရောက် အလုပ်လုပ်ကိုင်ခြင်းသည်လည်း အကြောင်းတရပ်အဖြစ် ပါဝင်နိုင်ဖွယ်ရှိသည်။ လယ်မဲ့ယာမဲ့ဦးရေသည် ကျေးလက်လူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်ဟု သတ်မှတ်ခြင်းသည် သင့်လျော်သော်လည်း မျက်မှောက်လယ်ယာမြေစနစ် အခြေအနေအရ သည့်ထက်ပိုများလာဖို့သာ ရှိနေသည်။

### လယ်သမားလူတန်းစား၏ဘဝလွတ်မြောက်ရေး

လယ်သမားလူတန်းစားအပေါ် ဖိစီးတုပ်နှောင်ထားသော နှောင်ကြိုးအားလုံး (မြေရှင်စနစ်နှင့် သွေးစုပ်မှု

အားလုံး) နှင့် ချုပ်ချယ်ဟန့်တားမှု၊ ဖိနှိပ်မှုအပေါင်းမှ ကင်းလွတ်ကာ လွတ်လပ်ငြိမ်းချမ်းစွာ ကိုယ်ပိုင်လယ်ယာမြေတွင် လယ်ယာစိုက်ပျိုး လုပ်ကိုင်နိုင်ရန် အခွင့်သာသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတရပ် ရရှိခြင်းသည် လယ်သမားလူတန်းစား၏ ဘဝလွတ်မြောက်ရေးပင် ဖြစ်ပေသည်။

## လယ်သမားလူတန်းစား၏ လတ်တလော တောင်းဆိုချက်များ

– လယ်လုပ်သူ လယ်ပိုင်ခွင့်ရရန်။
မိမိပိုင်လယ်ယာ ကို လွတ်လပ်စွာ ရောင်းဝယ်ခွင့်၊
ပေါင်နှံခွင့်၊ ပြောင်းလဲခွင့်၊ အမွေ ဆက်ခံခွင့်ရရန်။

– လယ်သမားသမဂ္ဂအဖွဲ့အစည်းများနှင့် အခြားလယ်သမားအသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းထူထောင်ခွင့် ရရန်။

– မိမိ စိတ်ကြိုက်သီးနှံကို လွတ်လပ်စွာစိုက်ပျိုးခွင့်ရရန်။ ထွက်ရှိသီးနှံကို လွတ်လပ်စွာ သိုလှောင်၊ ကြိတ်ခွဲ၊ သယ်ယူပို့ဆောင်၊ ဖြန့်ဖြူးရောင်းချခွင့်များ ရရှိရန်။

– ဥပဒေမဲ့ အဓမ္မမြေယာအသိမ်းခံရမှုမှ လွတ်ကင်းရန်။ အဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ စီးပွားရေးအရ အမြတ်ထုတ်ခြင်းတို့မှ ကင်းဝေးရန်

– စိုက်ပျိုးစရိတ်ချေးငွေများ အတိုးနှုန်းနည်းပါးစွာဖြင့် အလုံအလောက် ရရှိရန်။ ခေတ်မီ စိုက်ပျိုးရေးကိရိယာများ၊ မျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ရေပေးသွင်းမှုစနစ်နှင့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများအတွက် ထိရောက်လုံလောက်သော အကူအညီများ ရရှိရန်။

## မြေယာလူတန်းစားလမ်းစဉ်

**(ဆင်းရဲအခြေခံ၊ အလတ်မဟာမိတ်ပြု၊ ချမ်းသာကြားထား၍ စစ်ဗျူရိုကရက်မြေရှင်ကြီးနဲ့ အပေါင်းပါများ၊ ကိုယ်စားလှယ်များကို ဦးတည်တိုက်ရမည် ဖြစ်သည်။ )**

## နိဂုံး

လယ်ကူလီအပါအဝင် လယ်ယာအလုပ်သမားများနှင့် ဆင်းရဲလယ်သမားများသည် တော်လှန်ရေး၏အခြေခံဖြစ်သည်။ သူတို့ကို ငြင်းပယ်ခြင်းသည် တော်လှန်ရေးကို ငြင်းပယ်ခြင်းဖြစ်သည်။ သူတို့ကို နှိမ်ခြင်းသည် တော်လှန်ရေးကို နှိမ်ခြင်း ဖြစ်သည်။

နိုင်ငံရေးအင်အားစုတရပ်ကို မဲပေးရွေးကောက်ပြီး တင်မြှောက်ပေးရာတွင် လူဦးရေအများစုကြီးဖြစ်သော လယ်သမားလူတန်းစားက အခရာ ကျသည်။ တော်လှန်ရေးအင်အားစုတရပ်ကို ထောက်ခံကူညီပေးပြီး အင်အားကြီးထွားသွားစေရာမှာလည်း လယ်သမားလူတန်းစားက အဓိကအခန်းမှ ပါသည်။ သည်အချက်ကို နိုင်ငံရေးအင်အားစုများမမေ့အပ်။ သည်လယ်သမားတွေ၏ အကျိုးစီးပွားဘက်မှ ပြတ်ပြတ်သားသား ရပ်ခံခြင်းမပြုရုံမက စိတ်ဝင်စားမှု ပြသဖို့ပင် ဝန်လေးနေကြသော ဘယ်နိုင်ငံရေးအင်အားစုပဲဖြစ်ဖြစ် အချိန်တချိန်တွင် တော်လှန်ရေး၏ ရိုက်ခတ်ဖယ်ရှားပစ်ခြင်း ခံရလိမ့်မည်။

လယ်သမားလူတန်းစားအပါအဝင် ဗမာပြည် အဖိနှိပ်ခံပြည်သူများဘက်မှ ပြတ်ပြတ်သားသား ရပ်တည်ပြီး ၎င်းတို့ တခဲနက် ပါဝင်လာအောင် စည်းရုံးနိုင်သော၊ ၎င်းတို့အကျိုးစီးပွားအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်စွမ်းရှိသော နိုင်ငံရေးအင်အားစုများသည်သာလျှင်၊ မရှိရာမှ ရှိရာသို့၊ အားနည်းရာမှ အားကောင်းရာသို့ အညွန့်တလူလူနှင့် ဖွံ့ဖြိုးကြီးထွားပြီး အခက်အခဲအတားအဆီးများကို ကျော်နင်းလွန်မြောက်ကာ အောင်ပွဲဆီသို့ အရောက်ချီတက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ယူဆမိပါသည်။ ။



# နှစ်တရာပြည့် ရှင်းဟိုင်တော်လှန်ရေးကို အထိမ်းအမှတ်ပြုခြင်း

(၁)

ဒီနှစ် ၂၀၁၁ ဟာ တရုတ်ပြည်ရဲ့ ပထမဆုံး ဓနရှင်ဒီမိုကရေစီ တော်လှန်ရေးဖြစ်တဲ့ ရှင်းဟိုင်တော်လှန်ရေး နှစ်တရာပြည့် မြောက်တဲ့ အခါသမယဖြစ်တယ်။ နယ်ချဲ့၊ ပဒေသရာဇ် ဆန့်ကျင်ရေးနဲ့ ဒီမိုကရေစီရေးမျိုးစေ့များကို တရုတ်ပြည်မှာ အသက်သွေးချွေးစတေးကာ ပထမဆုံးကြဲချပေးခဲ့တဲ့ ဒီ ရှင်းဟိုင် တော်လှန်ရေး အနှစ် ၁၀၀ ပြည့် အခါသမယကို အထိမ်း အမှတ်ပြုရေးအတွက် တရုတ်ပြည် ကွန်မြူနစ်ပါတီနဲ့ တရုတ် ပြည်သူများ ပြင်ဆင်စိုင်းပြင်းနေကြပါပြီ။ အာရှတိုက် နိုင်ငံ အသီးသီးက အဖိနှိပ်ခံပြည်သူတွေကို ကိုလိုနီဝါဒ ဆန့်ကျင် ရေး၊ အမျိုးသား လွတ်မြောက်ရေးနဲ့ ဒီမိုကရေစီရေးအတွက် သေနတ်ပစ်ဖောက် တွန်းဆော်ပေးလိုက်တဲ့ ရှင်းဟိုင်တော်လှန် ရေး အနှစ်တရာပြည့် အခါသမယကို ပြည်သူ့အာဏာ ဂျာနယ်ကလည်း ဒီဆောင်းပါးဖြင့် အထိမ်းအမှတ်ပြု ကြိုဆို လိုက်ပါတယ်။

(၂)

၁၉ ရာစု နှောင်းပိုင်းနဲ့ ၂၀ ရာစု ကနဦးမှာ နယ်ချဲ့နိုင်ငံ အသီးသီးဟာ တရုတ်ပြည်ကို စီးပွားရေးအရ ပိုမိုတိုးချဲ့ ကျူး ကျော်ရေးအတွက် ပြင်းထန်တဲ့ လုယက်မှုနဲ့ အားပြိုင်မှုတွေကို လုပ်လာတယ်။ ၁၈၉၄ မှာ ဂျပန်ဟာ တရုတ်ပြည်ကို စတင် ကျူးကျော်လာခဲ့တယ်။ တရုတ် ပြည်ဟာ အဲဒီစစ်ပွဲ ရှုံးနိမ့်ချိန်မှ စတင်ပြီး ဆိုးဝါးတဲ့ အမျိုးသားအကျပ်အတည်းနဲ့ ကြုံတွေ့ရ တော့တယ်။ ဒီအခြေအနေဆိုးအောက်မှာ ဆွန်ယက်ဆင်ဟာ ပြည်ချစ်လူငယ်များ၊ ပင်လယ်ရပ်ခြားရောက် တရုတ်အမျိုး သားများကို ဆက်သွယ်စည်းရုံးကာ "ရှင်းကျုံးဟွေ့" (တရုတ် ပြည် ဖွံ့ဖြိုးရေးအသင်း) ကို ၁၈၉၄ နိုဝင်ဘာ၊ ဟိုနိုလူလူမှာ စတင်ဖွဲ့စည်းခဲ့တယ်။ "တရုတ်ပြည် ဖွံ့ဖြိုးတိုးတက်စေရေး"ကို အဲဒီအဖွဲ့ရဲ့ ကြွေးကြော်သံအဖြစ် တင်လိုက်ပါတယ်။

အဲဒီနောက် တရုတ်ပြည်တွင်းမှာ တော်လှန်ရေး အသင်းအဖွဲ့ အမြောက်အမြား ပေါ်ထွက်လာခဲ့တဲ့အပြင် ရှင်းကျုံးဟွေ့နဲ့ တက်တက်ကြွကြွ ဆက်သွယ်လာကြတယ်။ ကွေ့ကျိုးမှာ လက်နက်ကိုင်ပုန်ကန်ရေးစတင်ဖို့ ပြင်ဆင်ခဲ့ ကြပေမယ့် ၁၈၉၅ ပုန်ကန်မှု မစမီ အစီအစဉ်တွေ ပေါက်ကြား သွားပြီး မန်ချူးအစိုးရရဲ့ ဖျက်ဆီးတာခံလိုက်ရတယ်။ ဒီ ပုန်ကန်မှုက ဓနရှင်လူတန်းစား တော်လှန်တဲ့ အစိတ်အပိုင်းကို မန်ချူးအစိုးရနဲ့ လုံးဝလမ်းခွဲသွားစေလိုက်တယ်။ တရုတ်ပြည် ဓနရှင် ဒီမိုကရေစီတော်လှန်ရေးကိုလည်း လက်နက်ကိုင် ပုန် ကန်မှုသို့ တက်လှမ်းသွားရေး ပြဋ္ဌာန်းပေးလိုက်ပါတယ်။

၂၀ ရာစု ကနဦးကာလမှာ တရုတ်ပြည်ရဲ့ ဓနရှင် လူတန်းစားနဲ့ ဓနရှင်ပေါက်စ တော်လှန်တဲ့ ပညာတတ် အစိတ်အပိုင်းဟာ အလျင်အမြန် ကြီးထွားလာနေတယ်။ တရုတ်လူငယ် အများအပြားဟာ အနောက်နိုင်ငံများသို့ ပညာတော်သင်အဖြစ် ထွက်ကြတယ်။ သူတို့ဟာ အနောက် တိုင်း ဓနရှင်လူတန်းစား တော်လှန်ရေးအတွေးအခေါ်ကို ထိတွေ့ခွင့်ရရှိခဲ့ကြတယ်။ သူတို့ဟာ အနောက်တိုင်း ဓနရှင် လူတန်းစား တော်လှန်ရေးကာလက 'မွေးရာပါ လူ့အခွင့် အရေး' 'လွတ်လပ်မှု' 'တန်းတူမှု'သဘောတရားတွေကို တော်လှန်ရေး တိုက်ပွဲရဲ့ အတွေးအခေါ်လက်နက်အဖြစ် ဘာသာပြန် ပုံနှိပ်ထုတ်ဝေကြတယ်။ ဥပမာ–ရှူဆိုး (Rousseau) ရဲ့ "လူမှုရေး ပဋိညာဉ် သဘောတရားများ"၊

မွန်တက်စကျူ (Montesquieu) ရဲ့ “တရားဥပဒေရဲ့ သဘောကို ဆွေးနွေးခြင်း” စတဲ့စာအုပ်များ။ ဒါ့အပြင် “အမျိုးသားသတင်းစာ” “တနယ်ရပ်ခြားသို့သွားပြီး ပညာဆည်းပူးလေ့လာခြင်းဆိုင်ရာ ဘာသာပြန် ပြုစုရေးသားချက်” စတဲ့ တိုးတက်တဲ့ စာနယ်ဇင်းတို့ကို တည်ထောင်ပြီး ခေတ်ရှင်လူတန်းစား တော်လှန်ရေးအတွေးအခေါ်တွေကို အစွမ်းကုန် ဝါဒဖြန့်ချိကြတယ်။ ရှန်ဟိုင်းနဲ့ ဂျပန်ပြည် တိုကျိုဟာ တော်လှန်ရေး ဝါဒဖြန့်ချိရေး ဗဟိုချက်မ ဖြစ်ခဲ့တယ်။ ကျန်းပင့်လင် (၁၈၆၉–၁၉၃၆၊ ကျဲ့ကျန်းပြည်နယ် ယွီခန်းဇာတိ)၊ ချိန်ထင်းဟွာ (၁၈၇၅–၁၉၀၅၊ ဟူနန်ပြည်နယ် ရှင်ဟွာဇာတိ)၊ ကျိုးရှုန် (စစ်ချွမ်းပြည်နယ် ပါရှင့်ဇာတိ) စသူတို့ဟာ ကျော်ကြားတဲ့ ဒီမိုကရေစီတော်လှန်ရေး အတွေးအခေါ် ဆရာနဲ့ ဝါဒဖြန့်ချိသူတွေဖြစ်တယ်။

ဒီမိုကရေစီတော်လှန်ရေး အတွေးအခေါ် ပျံ့နှံ့လာခြင်းနဲ့ တော်လှန်ရေးအခြေအနေ ဖြစ်ထွန်းတိုးတက်လာတာနဲ့အလျောက် ခေတ်ရှင်လူတန်းစား တော်လှန်ရေး အသင်းအဖွဲ့တွေ ပြည်တွင်းမှာ တဖွဲ့ပြီးတဖွဲ့ ပေါ်ပေါက်လာတယ်။ ဒါဟာ ခေတ်ရှင်လူတန်းစား တော်လှန်ရေးပါတီတွေ ဖြစ်တည်လာမှု မှတ်တိုင်ပါပဲ။

တော်လှန်ရေး အတွေးအခေါ်တွေ ပျံ့နှံ့လာခြင်း၊ တော်လှန်ရေး အသင်းအဖွဲ့တွေ အဆက်မပြတ် ပေါ်ထွက်လာခြင်းနဲ့ ဒေသအသီးသီးမှာ တော်လှန်ရေး လှုပ်ရှားမှုတွေ ခြိမ့်ခြိမ့်သဲသဲ ဖြစ်ထွန်းတိုးတက်လာခြင်းတို့ဟာ တညီတညွတ်တည်းရှိတဲ့ ခေတ်ရှင်လူတန်းစား တော်လှန်တဲ့ နိုင်ငံရေးပါတီတရပ် ထူထောင်ရေးအတွက် ပြင်ဆင်မှုတွေ ဖြစ်ပါတယ်။ တော်လှန်ရေး အသင်းအဖွဲ့တွေ တကွဲတပြားစီ ပုန်ကန်နေမှုတွေဟာ တောက်လျှောက် ရှုံးနိမ့်မှုတွေနဲ့ အဆုံးသတ်ခဲ့ရတယ်။ ဒီအချက်ကြောင့် ခေတ်ရှင်လူတန်းစားတော်လှန်ရေး ဂိုဏ်းအုပ်စုတွေဟာ ပြည်လုံးဆိုင်ရာ တော်လှန်ရေးအဖွဲ့ အစည်းတရပ် ထူထောင်သွားရန် အလွန်ကို အရေးတကြီး လိုအပ်နေပြီဆိုတာ သဘောပေါက်နားလည်လာခဲ့ရပါတယ်။

၁၉၀၅ မှာ ဆွန်ယက်ဆင်ဟာ ဟွမ်ရှင်း၊ စုန့်ကျောက်ရင့်စတဲ့ ရှင်းကျုံဟွေ့၊ ဟွာရှင်းဟွေ့၊ ကွမ်းဖူဟွေ့စတဲ့ အသင်းအဖွဲ့တွေမှ အဖွဲ့ဝင် ၇၀ ကျော်တို့နဲ့ ဂျပန်ပြည် တိုကျိုမှာ စုဝေးပြီး တရုတ်ပြည်ရဲ့ တညီတညွတ်တည်းသော မဟာမိတ်အသင်း (ထုံမိန်ဟွေ့) ကို ထူထောင်ရန် ဆုံးဖြတ်ခဲ့တယ်။ ဩဂုတ်လမှာ တရုတ်ပြည် မဟာမိတ်အသင်း ထူထောင်တဲ့ ညီလာခံခေါ်ယူကျင်းပကြတယ်။ ညီလာခံမှာ အသင်းရဲ့ စည်းမျဉ်းဥပဒေကို အတည်ပြုခဲ့တယ်။ ဆွန်ယက်ဆင်ကို အသင်းရဲ့ ဝန်ကြီးချုပ်၊ ဟွမ်ရှင်းကို အမှုဆောင်ဌာနရဲ့ အထွေထွေ စီမံခန့်ခွဲရေးမှူးတာဝန် ပေးခဲ့ကြတယ်။ ဆွန်ယက်ဆင် တင်ပြတဲ့ “ကျွန်ပြုသူများကို မောင်းထုတ်ရေး၊ တရုတ်ပြည် ပြန်လည်ရှင်သန်လာရေး၊ သမ္မတနိုင်ငံတော် ထူထောင်ရေး၊ မြေယာကို အားလုံး တန်းတူပိုင်ဆိုင်ရေး”တို့အား အသင်းရဲ့ နိုင်ငံရေးလုပ်ငန်းစဉ်အဖြစ်နဲ့ ‘ပြည်သူ့ဂျာနယ်’ ကို အသင်းရဲ့ အာဘော်ဂျာနယ်အဖြစ် ထုတ်ဝေသွားရန် ဆုံးဖြတ်ခဲ့ကြတယ်။

တရုတ်ပြည် မဟာမိတ်အသင်း (ထုံမိန်ဟွေ့) ဟာ ပထမဆုံးသော ပြည်လုံးဆိုင်ရာ စည်းလုံးညီညွတ်တဲ့ ခေတ်ရှင်လူတန်းစား တော်လှန်တဲ့ နိုင်ငံရေးပါတီတခု ဖြစ်တယ်။ ဒါဟာ တရုတ်ပြည် ခေတ်ရှင်ဒီမိုကရေစီတော်လှန်ရေး အဆင့်သစ်တရပ်သို့ တက်လှမ်းသွားမှု အမှတ်လက္ခဏာလည်း ဖြစ်တယ်။ မဟာမိတ်အသင်း ထူထောင်ပြီးနောက် တိုကျိုဌာနအပြင် ရှန်ဟိုင်း၊ ချုံကင်း၊ ဟောင်ကောင်၊ ယန်ထိုင် နဲ့ ဟန့်ခိုတို့မှာ ပြည်တွင်းဌာနခွဲများ ထူထောင်ထားရှိပြီး မလေးကျွန်းစု၊ ဥရောပတိုက်၊ အမေရိကတိုက်၊ ဟိုနိုလူလူတို့မှာ ပြည်ပဌာနခွဲ များ ထူထောင်ထားရှိပါတယ်။

ဆွန်ယက်ဆင်က ‘ပြည်သူ့ဂျာနယ်’ ထုတ်ဝေခြင်း အမှာ,မှာ အသင်းရဲ့ နိုင်ငံရေးလမ်းစဉ်ကို “အမျိုးသားရေးဝါဒ” “ပြည်သူ့အခွင့်အရေးဝါဒ”နဲ့”ပြည်သူ့ဘဝ ဖူလုံရေးဝါဒ”အဖြစ် ရှင်းလင်းဖွင့်ဆိုခဲ့ပါတယ်။ (ဒါကို အတိုကောက်အားဖြင့် “ပြည်သူ့တရား ၃ ပါး”(စံမင်ဝါဒ) လို့ ခေါ်ဝေါ် သုံးစွဲခဲ့ပြီး တရုတ်ပြည်ကွန်မြူနစ်ပါတီကလည်း ဆက်လက်ဆုပ်ကိုင်ခဲ့ပါတယ်။)

“ကျွန်ပြုသူများကို မောင်းထုတ်ရေး၊ တရုတ်ပြည်ပြန်လည်ရှင်သန်ရေး” ဟာ ဆွန်ယက်ဆင်ရဲ့ အမျိုးသားရေးဝါဒ အတွေးအခေါ် ဖြစ်တယ်။ ဒါကြောင့် နယ်ချဲ့နောက်လိုက်ခွေး မန်ချူးမင်းဆက်ရဲ့ ပဒေသရာဇ်အုပ်ချုပ်ရေးအား တွန်းလှန်ရေးကို တော်လှန်ရေးရဲ့ နည်းနာအဖြစ် သဘောထားခဲ့တာ ဖြစ်တယ်။ တိုက်ပွဲရဲ့ ပစ်ကွင်းအဖြစ် မန်းချူးမင်းဆက်အား တိုက်ရိုက်ညွှန်ပြထားခြင်းဟာ တရုတ်ပြည်ကို ကျူးကျော်လာတဲ့ နယ်ချဲ့အင်အားစုများကို တိုက်ခိုက်လိုက်တာလည်း ဖြစ်ပါတယ်။

“သမ္မတနိုင်ငံတော် ထူထောင်ရေး”ဟာ ဆွန်ယက်ဆင်ရဲ့ ပြည်သူ့အခွင့်အရေးဝါဒ အတွေးအခေါ်ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံရေးအရ တော်လှန်ရေးဟာ ပဒေသရာဇ်စနစ်ကို တွန်းလှန်ပြီး ခေတ်ရှင်လူတန်းစား သမ္မတနိုင်ငံ

ထူထောင်သွားရေးကို ဆောင်ရွက်ရန် ဖြစ်ပါတယ်။ ပြည်သူ့အခွင့်အရေးဝါဒဟာ ဆွန်ယက်ဆင်ရဲ့ ပြည်သူ့တရား ၃ ပါး အတွေးအခေါ်ရဲ့ အမြုတေဖြစ်တယ်။ "နိုင်ငံရေးအရ တော်လှန်ရေးရဲ့ အရင်းခံဖြစ်တယ်"။ သူဟာ အဲဒီတုန်းက တော်လှန်ရေးဂိုဏ်းတွေအတွက် အရေးတကြီး ဖြေရှင်းရန် လိုအပ်တဲ့ နိုင်ငံရေးအာဏာ အရယူရေးနဲ့ နိုင်ငံရေးအာဏာ ထူထောင်ရေးပြဿနာကို သဘောတရားရေးအရ ဖြေရှင်းပေးခဲ့တယ်။

" မြေယာကို အားလုံး တန်းတူ ပိုင်ဆိုင်ရေး" ဟာ ဆွန်ယက်ဆင်ရဲ့ ပြည်သူ့နေ့စဉ်နေထိုင်စားသောက်ရေးဝါဒ အတွေးအခေါ်ဖြစ်တယ်။ တနိုင်ငံလုံးက မြေယာတွေရဲ့ တန်ဖိုးကို ပြန်လည်သတ်မှတ်ရေး၊ ယခုလက်ငင်းပေါက်ဈေးအရ မူလပိုင်ရှင်အား အားလုံးပြန်ပေးရေး၊ တော်လှန်ရေးအောင်မြင်ပြီးနောက် လူ့အဖွဲ့အစည်းဟာ တဆင့်တက်လာလို့ ပိုလာတဲ့ မြေယာတန်ဖိုးတွေကို နိုင်ငံတော်အား အားလုံး ပြန်ပေးရေး၊ အမျိုးသားအားလုံး အတူတကွ ခံစားရေးမှ "မိသားစုတိုင်း ဝမ်းဝခါးလှရေး"ကို လုပ်ဆောင်သွားရန် ဖြစ်တယ်။ "မြေယာကို အားလုံးတန်းတူ ပိုင်ဆိုင်ရေး"ဟာ အရင်းရှင်စနစ်ရဲ့ မြေယာလုပ်ငန်းစဉ်ဖြစ်တယ်။

ပြည်သူ့တရား ၃ ပါးဟာ ဓနရှင်ဒီမိုကရေစီ တော်လှန်ရေးလုပ်ငန်းစဉ်ထက် ပိုပြည့်စုံတယ်။ ဒီတရား ၃ ပါးဟာ ဓနရှင်လူတန်းစားရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးဆိုင်ရာ အကျိုးစီးပွားနဲ့ တောင်းဆိုချက်တွေကို ဖော်ပြထားတာ ဖြစ်တယ်။ တရုတ်ပြည်သူတွေ တောင်းဆိုနေတဲ့ အမျိုးသားလွတ်လပ်ရေးနဲ့ ဒီမိုကရေစီအခွင့်အရေး ဘုံမျှော်မှန်းချက်ရဲ့ ရောင်ပြန်ဟပ်ချက်လည်း ဖြစ်တယ်။ ဓနရှင်ဒီမိုကရေစီ တော်လှန်ရေး ဖြစ်ထွန်းတိုးတက်ရေးကို တွန်းဆော်ပေးပါတယ်။ ဒါပေမဲ့ ပြည်သူ့တရား ၃ ပါးဟာ နယ်ချဲ့ဆန့်ကျင်ရေး တောင်းဆိုချက်ကို ရှင်းရှင်းလင်းလင်း မတင်ပြနိုင်ခဲ့ဘူး။ မြေယာတော်လှန်ရေး လုပ်ငန်းစဉ်ကိုလည်း ကုန်စင်အောင် မတင်ပြနိုင်ခဲ့ဘူး။ ဒါဟာ ဓနရှင်လူတန်းစား တော်လှန်ရေးဂိုဏ်းဟာ နယ်ချဲ့နဲ့ ပဒေသရာဇ်ဆန့်ကျင်ရေးဖြစ်တဲ့ ဒီမိုကရေစီတော်လှန်ရေးရဲ့ တာဝန်ကို အကုန်အစင် မထမ်းဆောင်နိုင်ကြောင်း ဒီအချက်က ဖော်ပြနေပါတယ်။

ထုံမိန်ဟွေ့ ထူထောင်ပြီးနောက် မန်ချူးအစိုးရရဲ့ ဖောက်ပြန်တဲ့ အုပ်စိုးမှုကို အစွမ်းကုန် ကာကွယ်ထိန်းသိမ်းလိုတဲ့ဂိုဏ်း ပေါ်ပေါက်လာပြန်တယ်။ တော်လှန်ရေးဂိုဏ်းနဲ့ ဘုရင်စနစ်ကို ထိန်းသိမ်းလိုတဲ့ဂိုဏ်းအကြား ပြင်းထန်တဲ့ သဘောတရားရေး တိုက်ပွဲဆင်နွှဲရပြန်တယ်။ မန်ချူးမင်းဆက် အစိုးရကို အကြမ်းဖက်နည်းနဲ့ တွန်းလှန်ရန် လိုအပ်မလိုအပ်၊ ဒီမိုကရေစီ နိုင်ငံရေးကို လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်မလိုအပ်၊ ပဒေသရာဇ်မြေယာစနစ်ကို ပြောင်းလဲပစ်ရန် လိုအပ်မလိုအပ်ဆိုတဲ့ ပြဿနာတွေကို



ဖဟိုပြုပြီး သဘောတရားရေးတိုက်ပွဲ ဆင်နွှဲခဲ့ရတာ ဖြစ်တယ်။ သဘောတရားရေးတိုက်ပွဲမှတဆင့် ဒီမိုကရေစီတော်လှန်ရေး အတွေးအခေါ်ဟာ တဆင့်တက် ပျံ့နှံ့သွားစေခဲ့လို့ ဒီမိုကရေစီ တော်လှန်ရေး ဒီရေမြင့်ရောက်လာရေးကို အားရှိရှိ တွန်းဆော်ပေးလိုက်တယ်။

ဓနရှင်လူတန်းစား တော်လှန်ရေးဂိုဏ်းဟာ မန်ချူးဘုရင်မင်းဆက်ကို လက်နက်ကိုင်တိုက်ပွဲဖြင့် တွန်းလှန်ပစ်ရေး၊ ဓနရှင်ဒီမိုကရေစီ သမ္မတနိုင်ငံတော် ထူထောင်ရေးတို့ကို တိုက်ပွဲရည်မှန်းချက်ပန်းတိုင် အနေဖြင့်ထားပြီး ထုံမိန်ဟွေ့ ထူထောင်ပြီးနောက် လက်နက်ကိုင်ပုန်ကန်မှုကို အကြိမ်ကြိမ် စတင်ခဲ့ပါတယ်။ မန်းချူးမင်းဆက် အုပ်စိုးမှုကိုလည်း နက်နက်ရှိုင်းရှိုင်း ထိုးနှက်နိုင်ခဲ့တယ်။ ၁၉၀၆ ဒီဇင်ဘာမှာ ထုံမိန်ဟွေ့ရဲ့ အဖွဲ့ဝင်တွေဖြစ်တဲ့ လျိုတောက်ယိစသူတို့ဟာ ဖျင်ရှန်၊ လျိုယန်နဲ့ လိလင်ဒေသရှိ မန်ချူးမင်းဆက် ဆန့်ကျင်ရေး ဂိုဏ်းများ ပူးပေါင်းပြီး 'ဖျင်လျိုလိပုန်ကန်မှု'ကို စတင်လိုက်ကြတယ်။ ဒါဟာ ထုံမိန်ဟွေ့ရဲ့ ဩဇာအောက်မှာ ပထမဆုံး ပေါ်ထွက်ခဲ့တဲ့ အတိုင်းအတာကြီးမားလှတဲ့ လက်နက်ကိုင်ပုန်ကန်မှုဖြစ်တယ်။ မကြာခင်မှာပဲ မန်ချူးအစိုးရကို ဆန့်ကျင်တဲ့ ပုန်ကန်မှု ဒီရေလှိုင်း မြင့်တက်လာတော့တယ်။ ချိုကျင်နဲ့ ရှွီရှိလင်တို့ ခေါင်းဆောင်တဲ့ ကျဲ့ဝမ်ပုန်ကန်မှု၊ ဆွန်ယက်ဆင်နဲ့ ဟွမ်ရှင်းခေါင်းဆောင်တဲ့ ကျိန့်နန်ကွမ်း ပုန်ကန်မှု စတာတွေဟာ ထင်ရှားတယ်။

ဆွန်ယက်ဆင်နဲ့ ဟွမ်ရှင်းတို့ခေါင်းဆောင်တဲ့ ကွမ်ကျိုးဟွမ်ဟွာကမ်ပုန်ကန်မှုဟာ ဂယက်ရိုက်ခတ်မှု အကြီးဆုံးဖြစ်တယ်။ ၁၉၁၀ ထဲမှာ ဆွန်ယက်ဆင်က ဟွမ်ရှင်း၊ ကျောက်စင်းစသူတို့နဲ့ ပင်းလန်ယွှီမှာ စည်းဝေးပြီး ထုံမိန်ဟွေ့ရဲ့ အဓိကအင်အားတွေကို စုစည်းကာ အတိုင်းအတာကြီးကြီးနဲ့ ပုန်ကန်မှု စတင်နိုင်ရေးကို ဆုံးဖြတ်ခဲ့ကြတယ်။ ၁၉၁၁ ဧပြီမှာ ဟွမ်ရှင်းဟာ ပုန်ကန်မှုတပ်ဖွဲ့များကို ခေါင်းဆောင်ပြီး လျံကွမ်း (ကွမ်တုန်း၊ ကွမ်ကျိုး) ဘုရင်ခံရုံးကို တိုက်ခဲ့တယ်။ ပုန်ကန်မှု တပ်တွေနဲ့ မန်ချူးအစိုးရ တပ်တွေ ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်ခဲ့တယ်။ အင်အားချင်း မမျှလို့ တိုက်ပွဲရှုံးတယ်။ တိုက်ပွဲပြီးတော့ တိုက်ပွဲကျတဲ့ အာဇာနည်များရဲ့ ကြွင်းကျန်ရစ်တဲ့ ရုပ်ကလာပ်များကို စုစည်းပြီး ကွမ်ကျိုးရဲ့ ဆင်ခြေဖုံး 'ဟွမ်ဟွာကမ်'တနေရာတည်းမှာ မြှုပ်နှံသင်္ဂြိုဟ်ထားပါတယ်။ ဒါကို သမိုင်းမှာ "ဟွမ်ဟွာကမ် အာဇာနည် ၇၂ ဦး" လို့ ခေါ်ဆိုကြပြီး ဒီပုန်ကန်မှုကို "ဟွမ်ဟွာကမ် ပုန်ကန်မှု" လို့ ကမ္ပည်းတင်ထားပါတယ်။ ဒီပုန်ကန်မှု ပြီးတဲ့နောက်မှာ မန်ချူးအစိုးရ အုပ်ချုပ်မှုဟာ အခြေပိုယိုင်လာပါတယ်။ တော်လှန်ရေးပါတီ အဖွဲ့ဝင်တွေရဲ့ ရဲဝံ့တဲ့ စိတ်ဓာတ်နဲ့ သေရွာသွားရတာကို အိမ်ပြန်သလို သဘောထားတဲ့ သူရဲကောင်းအားမာန်တို့ဟာ တနိုင်ငံလုံးက ပြည်သူများရဲ့ တိုက်စိတ်ခိုက်စိတ်ကို အားပေးရာ ရောက်သလို တော်လှန်ရေး ဖြစ်စဉ်ကို ပိုမိုလျင်မြန်စေခဲ့ပါတယ်။

တဖက်မှာလည်း ၂၀ ရာစု အစပိုင်း၊ ဝူဟန့်ဒေသမှာ အမျိုးသားအရင်းရှင်စနစ်ဟာ နှိုင်းယှဉ်ခြင်းအားဖြင့် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်နေတယ်။ အမျိုးသား ဓနရှင် အင်အားစုဟာ အဆက်မပြတ် ကြီးထွားလာနေတယ်။ အနီးခေတ်ရဲ့ စာသင်ကျောင်း အမျိုးမျိုးကို ထူထောင်နိုင်တာနဲ့အမျှ ဟူပေမှာ ဓနရှင်လူတန်းစား ပညာတတ်တွေ ပေါ်ထွက်လာတယ်။ သူတို့ဟာ တော်လှန်ရေးပါတီရဲ့ ကျောရိုးတွေ ဖြစ်လာတယ်။ ဒ့ါအပြင် ဝူဟန့်ဟာ နယ်ချဲ့ကျူးကျော်မှုကို စောစီးစွာခံရတဲ့ဒေသ ဖြစ်တယ်။ နယ်ချဲ့သမားရဲ့ လုယက်မှုနဲ့ ပဒေသရာဇ်စနစ်ရဲ့ ဖိနှိပ်မှုက အဲဒီဒေသက ပြည်သူတွေရဲ့ ခုခံဆန့်ကျင်ရေး ဒေါသလှိုင်းကို အဆက်မပြတ် မြင့်တက်လာစေပြီး ဝူချန်ပုန်ကန်မှုအတွက် လူထုအခြေခံ အုတ်မြစ်ကို ချပေးခဲ့တယ်။ တော်လှန်ရေးပါတီက အဖွဲ့ဝင်တွေဟာ ပုန်ကန်မှုအတွက် အချိန်ယူကာ ရေရှည်ပြင်ဆင်ခဲ့ကြတယ်။ အထူးသဖြင့် ဟူပေတပ်မတော်သစ် (နိုင်ငံတော် အကျပ်အတည်းရဲ့ တောင်းဆိုမှုအောက်မှာ ပြန်လည်ဖွဲ့စည်းထားတဲ့တပ်) ထဲကို လျှို့ဝှက်တော်လှန်ရေး အဖွဲ့ဝင်တွေဟာ နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်ကာ ဝါဒဖြန့်ချိရေးနဲ့ စည်းရုံးရေး လုပ်ငန်းတွေ လုပ်ဆောင်ကြတယ်။ ဒီလိုနဲ့ ဝူဟန့်ဟာ ရှင်ဟိုင်တော်လှန်ရေးရဲ့ ဘူမိနက်သန် ဖြစ်လာတော့တယ်။ (ဥပမာ– ဟူပေတပ်မတော်သစ်ထဲကို တော်လှန်ရေးအင်အားစုတွေ စိမ့်ဝင်ထားမှုဟာ ၅,၆ ထောင်လောက်အထိရှိနေတယ်။ ဟူပေတပ်မတော်သစ်ရဲ့ အင်အားစုစုပေါင်းရဲ့ ၃ ပုံ ၁ ပုံ ကျော်လောက်ရှိနေတယ်။)

၁၉၁၁ အောက်တိုဘာ ၁၀ ရက်နေ့မှာ ဟူပေ – ကွမ်ကျိုး(ဟူကွမ်) ဘုရင်ခံချုပ်ဟာ ဝူချန်းတမြို့လုံးကို မာရှယ်လောအမိန့် ထုတ်ပြန်ကာ နာမည် စာရင်းစာအုပ်ကြီးအတိုင်း အတင်းလိုက်လံရှာဖွေ ဖမ်းဆီးတော့တယ်။ တော်လှန်ရေးဟာ လူထုရှိပေမယ့် ခေါင်းဆောင်မယ့်သူ မရှိသလို အခြေအနေမျိုးရောက်နေပြီး အလွန်ကိုတင်းမာတဲ့ အခြေအနေမျိုး ဖြစ်နေပါပြီ။ တော်လှန်ရေးပါတီက တချို့လူတွေဟာ မိမိတို့ဘာသာ အဆက်အသွယ်လုပ်ကာ ဆက်လက်ပြီး ပုန်ကန်မှုကို စတင်လိုက်လိုက်ပါတယ်။ အဲဒီညက တပ်မတော်သစ် အင်ဂျင်နီယာတပ်ရင်းမှ တော်လှန်ရေးပါတီအဖွဲ့ဝင် ရှုံးပင့်ခွင်း၊ ကျင်းထောက်လုံစသူတို့က ခေါင်းဆောင်ပြီး သေနတ်သံပေးကာ စစ်တန်းလျားများမှ တဟုန်ထိုးထွက်လာပြီး 'ချူးဝူမ့်

ထိုင်'စစ်ပစ္စည်းဂိုဒေါင်ကို သိမ်းပိုက်လိုက်ပါတယ်။ ပြည်တွင်းပြည်ပ တုန်ခါသွားခဲ့တဲ့ ဝူချန်းပုန်ကန်မှု ပေါ်ပေါက်ခဲ့ပါပြီ။ တညလုံးပြင်းထန်တဲ့ တိုက်ပွဲများကိုတိုက်ပြီး တော်လှန်ရေးတပ်ဖွဲ့တွေက ဝူချန်းကို သိမ်းပိုက်လိုက်ပါတယ်။

ဝူချန်းပုန်ကန်မှု အောင်ပွဲခံပြီးနောက် တလကျော်ကျော် အချိန်အတွင်းမှာ တပြည်လုံး ပြည်နယ် ၁၀ ခုကျော်ဟာ မန်ချူးမင်းဆက်အစိုးရ အုပ်ချုပ်မှုမှ ခွဲထွက်ပြီး လွတ်လပ်ကြောင်းကြေညာခဲ့ကြပါတယ်။ တပြည်လုံးကို သိမ်းကျုံးတိုက်ခတ်သွားတဲ့ တော်လှန်ရေးအုံကြွမှုကြီး ဖြစ်ပေါ်လာပါပြီ။ အဲဒီနှစ်ဟာ တရုတ်လယ်ယာသုံး သက္ကရာဇ်အရ 'ရှင်းဟိုင်ခုနှစ်'ဖြစ်လို့ ၁၉၁၁၊ မန်ချူးမင်းဆက်ကို တော်လှန်တဲ့ ဒီတော်လှန်ရေးကို **'ရှင်းဟိုင်တော်လှန်ရေး'** လို့ တရုတ်ပြည်အနီးခေတ်သမိုင်းမှာ ကမ္ပည်းတင်ခဲ့ပါတယ်။

၁၉၁၁ ဒီဇင်ဘာမှာတော့ လွတ်လပ်ရေးကြေညာထားတဲ့ ပြည်နယ်တွေမှ ကိုယ်စားလှယ်တွေ 'နန်ကင်း'မှာ စုဝေးပြီး အစည်းဝေးတရပ် ကျင်းပခဲ့ကြတယ်။ ဆွန်ယက်ဆင်ကို တရုတ်သမ္မတနိုင်ငံရဲ့ ယာယီသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ကြပါတယ်။

၁၉၁၂ ဇန်နဝါရီ ၁ ရက်၊ နန်ကင်းမှာ ဆွန်ယက်ဆင်ဟာ ရာထူးလက်ခံ ကျမ်းသစ္စာကျိန်ဆိုပါတယ်။ တချိန်တည်းမှာ **တရုတ်ပြည်သူ့သမ္မတနိုင်ငံယာယီအစိုးရ** ထူထောင်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်ပါတယ်။ မန်ချူးမင်းဆက်အုပ်စိုးမှုဟာ ရှင်းဟိုင်တော်လှန်ရေး အုံကြွမှုအတွင်း ပျက်ပြုန်းသွားတော့တယ်။ တရုတ် ပြည်မှာ နှစ်ပေါင်း ၂,၀၀၀ ကျော်ကြာစိုးမိုးခဲ့တဲ့ ပဒေသရာဇ်ဘုရင်စနစ်ဟာ နောက်ဆုံးမှာ အဆုံးသတ်သွားပါတော့တယ်။

ဒါပေမဲ့ တော်လှန်ရေး ဖြစ်ထွန်းတိုးတက်လာတာနဲ့ တချိန်တည်း ပြည်နယ်အသီးသီးမှာ စည်းမျဉ်းခံ ဘုရင့်အုပ်ချုပ်ရေးစနစ်ကို ကြိုက်တဲ့ဂိုဏ်းနဲ့ ပဒေသရာဇ်ဗျူရိုကရက် အရာရှိဆိုးတွေဟာ တော်လှန်ရေးမှာ အချောင်လိုက်ပါလာပြီး ဒေသအာဏာ အများပိုင်းကို ထိန်းချုပ်ထားပါတယ်။ ဒါဟာ တော်လှန်ရေး ရှုံးနိမ့်ရေးအတွက် တပါတည်း သန္ဓေတည်လာခြင်းပါပဲ။

တဖက်မှာလည်း ဝူချန်းပုန်ကန်မှု ဖြစ်ပွားပြီးနောက် နယ်ချဲ့နိုင်ငံတွေဟာ တရုတ်ပြည်တော်လှန်ရေးအား ဝင်ရောက်စွက်ဖက် ရေးအတွက် တပ်တွေပြောင်းရွှေ့စုစည်းကာ ပြင်ဆင်ပါတော့တယ်။ ဝူဟန့်မြစ်ထဲမှာ နိုင်ငံခြားစစ်သင်္ဘောတွေဟာ များသထက်များလာတယ်။ ဂျပန်နဲ့ မန်ချူးအစိုးရတို့ဟာ လက်နက် အစုလိုက်အပြုံလိုက် ရောင်းဝယ်ရေး စာချုပ် ချုပ်ဆိုကြတယ်။ တော်လှန်ရေးတပ်ဖွဲ့များကို ဖိနှိပ်ရေးအတွက် မန်ချူးအစိုးရကို ကူညီအားပေးကြတယ်။ နိုင်ငံတကာ သံအဖွဲ့တွေဟာ တရုတ်ပြည်ရဲ့ အခွန်တော်ဝင်ငွေများကို တော်လှန်ရေးပါတီလက်ထဲ မရောက်အောင် တားဆီးကြတယ်။

တော်လှန်ရေးအင်အားစုတွေဟာ တပြည်လုံးမှာ အရှိန်အဟုန်ကောင်းကောင်းနဲ့ ဖြစ်ထွန်းတိုးတက်နေတာမို့ နယ်ချဲ့သမားတွေဟာ လက်နက်ကိုင်ဝင် ရောက်စွက်ဖက်မှုနဲ့ တော်လှန်ရေးအား တားဆီးမှုတွေဟာ အောင်မြင်ဖို့ ခက်ခဲကြောင်း တွေ့လာတယ်။ ဒါကြောင့် တည့်တည့်မတ်မတ်ကြားနေဟန်ဆောင်ပြီး တရုတ်ပြည်ကို စိုးမိုးရေးအတွက် လက်ကိုင်တုတ်အဖြစ် သုံးနိုင်မယ့် ကိုယ်စားလှယ်သစ်ကို တက်တက်ကြွကြွ ရှာဖွေမွေးမြူတော့တယ်။ သူတို့ဟာ မြောက်ပိုင်း စစ်ဘုရင် ယွင်ရှီခိုင်ကိုတွေ့ပြီး သူ့အား ရာထူးပြန်ခန့်ရေး မန်းချူးအစိုးရကို တောင်းဆိုကြတော့တယ်။ မန်ချူးအစိုးရက ယွင်ရှီခိုင်ကို အစိုးရဝန်ကြီးချုပ်ဝန်ကြီးခန့်ကာ ကက်ဘိနက်အသစ်ကို ဖွဲ့စည်းလိုက်တယ်။ ယွင်ရှီခိုင်ဟာ မင်းချူးမင်းဆက်ရဲ့ အုပ်ချုပ်ရေးအာဏာအားလုံးကို ဆုပ်ကိုင်ခွင့်ရသွားတော့တယ်။

နန်ကင်းယာယီအစိုးရ ကာလအတွင်း ဆွန်ယက်ဆင်ဟာ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူ့အဖွဲ့အစည်း ပြုပြင်ပြောင်းလဲရေး အမိန့် ဥပဒေအမြောက်အမြားကို ထုတ်ပြန်ခဲ့တယ်။ ခေတ်ရှင်လူတန်းစားသမ္မတနိုင်ငံရဲ့ တိုင်းပြုပြည်ပြုအခြေခံ ဥပဒေသဘောဆောင်တဲ့ "တရုတ်သမ္မတနိုင်ငံရဲ့ ယာယီအခြေခံဥပဒေ"ကို ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။ အဲဒီအချိန်ကစတင်ပြီး ဒီမိုကရေစီသမ္မတနိုင်ငံ အတွေးအခေါ်ဟာ လူတွေရဲ့နှလုံးသားမှာ တနေ့ထက်တနေ့ စွဲစွဲမြဲမြဲအမြစ်တွယ်လာတယ်။

'ယာယီအခြေခံ ဥပဒေ'မှာ တရုတ်သမ္မတနိုင်ငံတော်ရဲ့ အချုပ်အခြာ အာဏာ အားလုံးကို အမျိုးသား တရပ်လုံးက ပိုင်ဆိုင်တယ်။ နိုင်ငံ တဝန်း တိုင်းရင်းသား လူမျိုးစုအားလုံး တန်းတူရည်တူ ဖြစ်ကြတယ်။ အမျိုးသားအားလုံး ပုဂ္ဂိုလ်ရေးဆိုင်ရာ၊ နေစရာ၊ ဥစ္စာခေန၊ ပြောဆိုရေးသားမှု၊ ပုံနှိပ်ထုတ်ဝေခွင့်၊ စုဝေးခွင့်၊ အသင်းအပင်း ထူထောင်ခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်စတာတွေမှာ လွတ်လပ်ခွင့်ရှိတယ်။ နိုင်ငံသားအားလုံး ရွေးချယ်ခွင့်နဲ့ အရွေးခံခွင့်ရှိတယ်။ အုပ်ချုပ်ရေးအာဏာ၊ ဥပဒေပြုအာဏာ၊ တရားစီရင်မှုအာဏာ အာဏာ ၃ ရပ် ခွဲခြားထားတဲ့ နိုင်ငံရေးစနစ်ကို ချမှတ်ထားတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ အထူးသဖြင့် အစိုးရအဖွဲ့

စနစ်ဖြင့်တာဝန်ယူ ဆောင်ရွက်ရေး၊ အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟာ လွှတ်တော်ရဲ့ ပါတီစုံမှ ပေါ်ထွက်လာရေးကို ပြဋ္ဌာန်းထားတယ်။ ဝန်ကြီးချုပ်ဟာ သမ္မတက ဆောင်ရွက်မယ့် အလုပ်ကိစ္စကို သဘောမတူရင် ပယ်ချနိုင်တယ်။ သမ္မတရဲ့ အမိန့်ထုတ်ပြန်ချက်တွေဟာ ဝန်ကြီးချုပ်က ထပ်ဆင့်လက်မှတ် ရေးထိုးပေးမှ အာဏာတည်နိုင်တယ်။



တော်လှန်ရေးဂိုဏ်းက ‘ယာယီအခြေခံဥပဒေ’ဖြင့် ယွမ်ရှီခိုင်ရဲ့ အာဏာရှင်စနစ် ကျင့်သုံးလာမှုအား တားဆီးကန့်သတ်ရေးကို ကြံရွယ်ခဲ့တယ်။ သမ္မတ နိုင်ငံတော်စနစ်ကို ကာကွယ်ခဲ့တယ်။ ဒီ‘ယာယီအခြေခံဥပဒေ’ဟာ တရုတ်ပြည်သမိုင်းမှာ ပထမဆုံးသော ဓနရှင်လူတန်းစား ဒီမိုကရေစီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဖြစ်တယ်။ ပဒေသရာဇ် သက်ဦးဆံပိုင်စနစ်ကိုဆန့်ကျင်တဲ့ တိုးတက်တဲ့ သဘောဆောင်ပါတယ်။

(၃)

နန်ကင်း ယာယီအစိုးရ ထူထောင်ပြီးနောက် နယ်ချဲ့နိုင်ငံအသီးသီးဟာ စစ်ရေးအရ ခြိမ်းခြောက်မှုတွေ လုပ်လာပါတယ်။ နိုင်ငံ ခြားဆက်ဆံရေးမှာ အထီး ကျန်ဖြစ်စေရေး၊ စီးပွားရေးပိတ်ဆို့ရေး စတဲ့နည်းနာတွေနဲ့ တော်လှန်ရေးအာဏာကို အကျပ်ကိုင်ကာ ယွမ်ရှီခိုင်အား တော်လှန်ရေးအသီးအပွင့်တွေ အပိုင်စီးရေးကိုအားပေး အထောက်အကူပြုကြတယ်။ တော်လှန်ရေးအာဏာထဲရှိနေတဲ့ စည်းမျဉ်းခံဘုရင်စနစ်ကို လိုလားတဲ့ဂိုဏ်းနဲ့ ဗျူရိုကရက်အရာရှိဟောင်းတွေကလည်း တော်လှန်ရေးဂိုဏ်းကို ထိုးစစ်ဆင်ဖို့ အခွင့်ကောင်း စောင့်နေပါတယ်။ ဆွန်ယက်ဆင်ဟာ ဒီအခြေအနေဖိအားအောက်မှာ ယွမ်ရှီခိုင်နဲ့ မလွဲသာလို့ စေ့စပ်အလျှော့ပေးကာ မန်ချူးဧကရာဇ် အဖြစ်ကထွက်ပြီး သမ္မတနိုင်ငံကို ထောက်ခံတယ်လို့ ကြေညာရင် ယွမ်ရှီခိုင်ကို ယာယီသမ္မတအဖြစ် ချီးမြှောက်ရန် ထောက်ခံတင်သွင်းပေးနိုင်တယ်လို့ ဖော်ပြခဲ့တယ်။

ယွမ်ရှီခိုင်ဟာ ဆွန်ယက်ဆင်ရဲ့ အာမခံချက်ကို ရရှိပြီးနောက် မန်ချူးဧကရာဇ်ရာထူးက အဆောတလျင် ထွက်လိုက်တယ်။ သူဟာ တွမ်ချီရွေ့စတဲ့ မြောက်ပိုင်းစစ်ဘုရင် ၄၀ ကျော်ကို နာမည်တွေပူးတွဲကာ ကြေးနန်းပို့ပြီး မန်ချူးအစိုးရအား သမ္မတနိုင်ငံတော် နိုင်ငံရေးစနစ်ကို ချက်ချင်းအသုံးပြုရေး တောင်းဆိုကြဖို့ တိုက်တွန်းလှုံ့ဆော်လိုက်ပါတယ်။ ၁၉၁၂ ဖေဖော်ဝါရီ ၁၂ မှာ တရားဝင်အကြောင်းကြား ထီးနန်းစွန့်လိုက်တဲ့အတွက် တရုတ်ပြည်မှာ နှစ်ပေါင်း ၂၆၀ ကျော် အုပ်စိုးခဲ့တဲ့ မန်းချူးမင်းဆက်ခေတ်လည်း အဆုံးသတ်သွားတော့တယ်။ မန်ချူးမင်းဆက် ထီးနန်းကို စွန့်လိုက်ပြီး ဒုတိယမြောက်နေ့မှာ ယွမ်ရှီခိုင်ဟာ သမ္မတနိုင်ငံတော်စနစ်ကို ထောက်ခံကြောင်း ကြေညာခဲ့တယ်။ ဆွန်ယက်ဆင်ဟာလည်း ရာထူးမှ နုတ်ထွက်ကြောင်း နန်ကင်းလွှတ်တော်သို့ တင်ပြလိုက်ပါတယ်။ တဆက်တည်း လွှတ်တော်က ယွမ်ရှီခိုင်ကို ယာယီသမ္မတအဖြစ် ခန့်အပ်လိုက်ပါတယ်။

၁၉၁၂ မတ်လ၊ ပီကင်းမှာ ယွမ်ရှီခိုင်ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံရဲ့ ယာယီသမ္မတအဖြစ် တာဝန်ထမ်းဆောင်ပါတယ်။ ဆွန်ယက်ဆင်ဟာ တရားဝင် ယာယီသမ္မတရာထူးကို တရားဝင် ရုပ်သိမ်းပေးလိုက်ပါတယ်။ ယာယီအစိုးရလည်း ပီကင်းသို့ ပြောင်းရွှေ့ခဲ့ပါတယ်။ ဒီလိုနဲ့ ရှင်းဟိုင်တော်လှန်ရေးရဲ့ အသီးအပွင့်များကို ယွမ်ရှီခိုင်က အပိုင်စီးသွားတာ ခံလိုက်ရပါတယ်။

ယွမ်ရှီခိုင်က ရှင်းဟိုင်တော်လှန်ရေးရဲ့ အသီးအပွင့်တွေကို အပိုင်စီးပြီးတဲ့နောက် မြောက်ပိုင်းစစ်ဘုရင်များရဲ့ ဖောက်ပြန်တဲ့ သက်ဦးဆံပိုင် အာဏာရှင်စနစ်ကို တစတစ ကျင့်သုံးလာပြန်တယ်။ ဒီလိုနဲ့ တရုတ်ပြည်ဟာ မြောက်ပိုင်းစစ်ဘုရင်များရဲ့ စိုးမိုးခြယ်လှယ်မှုအောက် ပြန်ရောက်သွားခဲ့ရပြန်တယ်။

ဆွန်ယက်ဆင် ခေါင်းဆောင်တဲ့ တော်လှန်ရေးပါတီအဖွဲ့ဝင်များဟာ ယွမ်ရှီခိုင်နဲ့ မြောက်ပိုင်းစစ်ဘုရင်များရဲ့ ဖောက်လွဲဖောက်ပြန် လုပ်လာမှုတွေကြောင့် ဆက်လက်တိုက်ပွဲဝင်ရပြန်ပါတော့တယ်။

(၄)

ရှင်းဟိုင်တော်လှန်ရေးဟာ တရုတ်ပြည် အနီးခေတ်သမိုင်းအတွင်းမှ ပထမဆုံး ကြီးမြတ်တဲ့၊ နေရှင်ဒီမိုကရေစီ တော်လှန်ရေး ဖြစ်တယ်။ နက်ရှိုင်းတဲ့ သမိုင်းအဓိပ္ပာယ်ဆောင်ပါတယ်။ အောက်ပါ အောင်မြင်ချက်များနဲ့ သင်ခန်း စာများကို ပေးခဲ့တယ်။

၁။ ဒီတော်လှန်ရေးဟာ ပဒေသရာဇ်သက်ဦးဆံပိုင် ဘုရင်စနစ် ချုပ်ငြိမ်းသွားစေလောက်အောင် ထိုးနှက်တိုက်ခိုက်ခဲ့တယ်။ တရုတ်ပြည်မှာ နှစ်ပေါင်း ၂၆၀ ကျော်ကြာ အုပ်စိုးခဲ့တဲ့ မန်ချူးမင်းဆက်ကို တွန်းလှန်ပစ်ပြီး နှစ်ပေါင်း ၂,၀၀၀ ကျော်ကြာ တရုတ်ပြည်ရဲ့ ပဒေသရာဇ်သက်ဦးဆံပိုင် ဘုရင်စနစ်ကို အဆုံးသတ်သွားစေတယ်။ နေရှင်လူတန်းစား သမ္မတနိုင်ငံတော်ကို စတင်ထူထောင်ခဲ့နိုင်တယ်။ သမိုင်းကို ရှေ့သို့တိုးတက်ဖို့ တွန်းဆော်ပေးခဲ့တယ်။ ရှင်းဟိုင်တော်လှန်ရေးက ပြည်သူတွေကို ဒီမိုကရေစီနဲ့ လွတ်လပ်မှုအခွင့်အရေးတချို့ ရရှိစေတယ်။ အဲဒီကစပြီး ဒီမိုကရေစီသမ္မတနိုင်ငံ အတွေးအခေါ်ဟာ လူတွေရဲ့နှလုံးသားမှာ စွဲစွဲမြဲမြဲ အမြစ်တွယ်လာခဲ့တယ်။ အဲဒီနောက် သမိုင်းဖြစ်စဉ်အတွင်း ဘုရင်လုပ်ဖို့ ဘယ်သူစဉ်းစားစဉ်းစား၊ ဘုရင်စနစ်ကို ပြန်အသက်သွင်းဖို့ ဘယ်သူစဉ်းစားစဉ်းစား အားလုံးဟာ ပြည်သူတွေရဲ့ ဆန့်ကျင်မှုအောက်မှာ အမြန်ပြိုပျက်သွားရတာချည်းပါပဲ။

၂။ ဒီတော်လှန်ရေးဟာ "တိုင်းတပါးသား ဘုရင်ဧကရာဇ်"ကို တွန်းလှန်ပစ်ခဲ့သလို နယ်ချဲ့နိုင်ငံတွေက ကျူးကျော်လာတဲ့ အင်အားတွေကိုလည်း ပြင်းပြင်းထန်ထန် ထိုး နှက်တိုက်ခိုက်ခဲ့တယ်။ ရှင်းဟိုင်တော်လှန်ရေးပြီးတဲ့နောက် နယ်ချဲ့စနစ်ဟာ တရုတ်ပြည်မှာ သူတို့ရဲ့ ကိုယ်စားလှယ်ကို မပြောင်းလဲရင်မဖြစ်လို့ ပြောင်းလဲလိုက်ရတယ်။ ဒါပေမဲ့ အခြေအနေ တခုလုံးကို ထိန်းချုပ်အုပ်စိုးထားနိုင်မယ့် လက်ကိုင်တုတ်ကို ထပ်မံရှာမတွေ့တော့ပါဘူး။ နှိုင်းယှဉ်ခြင်းအရ တရုတ်ပြည်အား တည်ငြိမ်တဲ့ စိုးမိုးရေးအစီအစဉ် ထူထောင်ဖို့ သူတို့မှာအင်အား ထပ်မံမရှိတော့ပါဘူး။

၃။ ဒီတော်လှန်ရေးက အမျိုးသားအရင်းရှင်စနစ် ဖြစ်ထွန်းတိုးတက်ဖို့ အကျိုးရှိတဲ့ အခြေအနေတွေကို ဖန်တီးပေးခဲ့တယ်။ သမ္မတနိုင်ငံတော် ထူထောင်ပြီးနောက် ပြည်တွင်းမှာ စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းနဲ့ ကုန်သွယ်ရေးလုပ်ငန်းတွေ တဖွဲဖွဲ ထူထောင်လာကြတယ်။ စက်ရုံတွေ ထူထောင် ကြတယ်။ ဘဏ်လုပ်ငန်းထူထောင်ရေးလေထု ဖြစ်လာတယ်။ အမျိုးသားအရင်းရှင်စနစ်ရဲ့ စီးပွားရေးအင်အားစုတွေဟာ အချိန်တိုအတွင်း သိသိသာသာ တိုးပွားလာတယ်။ ပစ္စည်းမဲ့လူတန်းစား တပ်ဖွဲ့လည်း အမြန်ကြီးထွားလာတယ်။

၄။ ဒီတော်လှန်ရေးက အနီးခေတ် အာရှတိုက် နိုင်ငံအသီးသီးရှိ အဖိနှိပ်ခံ အမျိုးသားတွေရဲ့ လွတ်မြောက်ရေးလှုပ်ရှားမှုအပေါ် နှိုင်းယှဉ်ခြင်းအားဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဂယက်ရိုက်ခတ်ခဲ့ပါတယ်။ အထူးသဖြင့် ဗီယက်နမ်၊ အင်ဒိုနီးရှား စတဲ့ နိုင်ငံတွေမှ ကိုလိုနီဝါဒဆန့်ကျင်ရေးတိုက်ပွဲတွေကို တွန်းဆော်ပေးပါတယ်။ အဲဒီကာလက အာရှတိုက်မှာ အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားအုံကြွမှု ပေါ်ထွန်းလာပါတယ်။

နေရှင်လူတန်းစားရဲ့ ပျော့ညံ့တဲ့လက္ခဏာနဲ့ အလျှော့ပေးလိုက်လျောတဲ့ လက္ခဏာများကြောင့် ရှင်းဟိုင်တော်လှန်ရေးဟာ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ ပဒေသရာဇ်ဆန့်ကျင်ရေး တာဝန်များကို ပြီးဆုံးအောင် မထမ်းဆောင်နိုင်ဘူး။ တရုတ်ပြည် ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း လူ့အဖွဲ့အစည်း လက္ခဏာကိုလည်း အကုန်အစင် ပြောင်းလဲမပစ်နိုင်ပါဘူး။ တော်လှန်ရေးအသီးအပွင့်များလည်း ယွင်ရှီခိုင်ရဲ့ အပိုင်စီးသွားတာ ခံလိုက်ရတယ်။

ဘယ်လိုပဲဖြစ်ပါစေ ရှင်းဟိုင်တော်လှန်ရေးက တရုတ်ပြည်လူ့အဖွဲ့အစည်းသမိုင်းကို ရှေ့သို့တဆင့် တက်လှမ်းသွားစေနိုင်ခဲ့ပါတယ်။

**နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ပဒေသရာဇ်ဆန့်ကျင်ရေးစိတ်ဓာတ်နဲ့ ဒီမိုကရေစီရေးမျိုးစေ့များကို ကြဲဖြန့်ပေးခဲ့တဲ့ တရုတ်ပြည် 'ရှင်းဟိုင်တော်လှန်ရေး စိတ်ဓာတ်'အစွန့်ရှည်ပါစေ။**

ဗမာပြည်ကွန်မြူနစ်ပါတီ
ဗဟိုဝါဒဖြန့်ချိရေးဌာနက ထုတ်ဝေသည်